မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် ၂၀၁၉ ခုနှစ်၊ မတ် ၂၅ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၁၇၆)

ပုသိမ်မြို့ လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီတော်မြတ် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ အသစ်တင်လှူ

ပုသိမ် မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ လေးကျွန်းရန်အောင်ဖောင်တော်ဦး စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ အသစ်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စေတီတော်ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာသည့် ဧည့်ပရိသတ်များက နိုင်ငံတော် ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ၊ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး၊ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ဆရာတော်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘိတ ပုသိမ်မြို့ မရမ်းချိုကျောင်းတိုက် ဆရာတော်ကြီးတို့ထံမှ ဩဝါဒကထာများ နာယူကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တိုင်းဒေသကြီး

စာမျက်နှာ ၃ ကော်လံ ၁ ❍

ပုသိမ်မြို့ လေးကျွန်းရန်အောင်ဖောင်တော်ဦး စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်များ အသစ်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပစဉ်။

ကျော့သောင်းမြို့ ဘုရင့်နောင်ဗျူးပွိုင့်တွင် ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလျက်ရှိ

စာ -၃

အီရတ်နှင့် အဘက်ဘက်မှ ဆက်ဆံရေး တိုးမြှင့်ရန် အီဂျစ်လိုလား

နိုင်ငံတကာသတင်း

စာ -၁၄

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

မြန်မာ့အလင်း

အမွေအနှစ်ထိန်းသိမ်းရေးမှသည် . . .

မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုအမွေအနှစ်များစွာရှိ၏။ မြို့ကြီး၊ မြို့ငယ်မဟူ ကျေးလက်ဒေသမဟူ နိုင်ငံအဝန်းလုံး၌ ကြွယ်ကြွယ်ဝဝ ရှိ၏။ ယဉ်ကျေးမှု အမွေအနှစ်များအနေဖြင့် ဆုပ်ကိုင်နိုင်သော ထု နှင့် ထည်နှင့် ရှိသည့် ဒြပ်ရှိ ယဉ်ကျေးမှုအမွေအနှစ်များသာမက အစဉ်အလာယုံကြည်မှု၊ ထုံးတမ်းဓလေ့ စသည်တို့က ဆင်းသက်လာသည့် ဒြပ်မဲ့ယဉ်ကျေးမှုများ ကလည်း များပြားစွာရှိနေပါ၏။

ပုဂံ၊ မြောက်ဦး၊ မန္တလေး၊ ရန်ကုန်၊ ကဏ္ဍူ အစရှိသည့် ဒေသများရှိ သာသနိကအဆောက်အအုံများ၊ လူမှုအသုံးပြုအဆောက်အအုံများကို ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သိသိသာသာတွေ့မြင်ရမည် ဖြစ်ပါသည်။

သာသနိကအဆောက်အအုံ၊ လူမှုအသုံးချအဆောက်အအုံများ နည်းတူ သမိုင်းဆိုင်ရာတန်ဖိုးမြင့်မားမှုကြောင့် အမွေအနှစ်များအဖြစ် သတ်မှတ်ထားကြသည်များလည်း ရှိ၏။

သည်လို အမွေအနှစ်များတွင် သဘာဝတောတောင်ရေမြေ ရေကန်၊ သစ်ပင်သစ်တော အစရှိသည့် သဘာဝရင်းမြစ် အမွေအနှစ်များသည်လည်း ပါဝင်ပါသည်။ မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ ရေမြေအနေအထားနှင့် မြစ်ချောင်းအင်းအိုင်များ၊ ကန်ကြီးများ၊ သစ်ပင်သစ်တောများ စသည်ဖြင့် များစွာကြွယ်ဝပါ၏။

မြန်မာနိုင်ငံအတွင်းက များစွာသော အမွေအနှစ်များသည် ဒေသတွင်း အမွေအနှစ်များအဖြစ်သာမက နိုင်ငံအနေဖြင့် တန်ဖိုးထားမြတ်နိုးရသည့် အမျိုးသားအမွေအနှစ်များအဖြစ် မှတ်ယူစရာများ ဖြစ်ပါသည်။ အမှန်တော့ အမျိုးသားအမွေအနှစ်များဟု ဆိုသော်လည်း နိုင်ငံတကာ ပြည်သူတို့ကပါ တန်ဖိုးထားကြသည့် ကမ္ဘာ့အမွေအနှစ်များသည်လည်း များစွာ ရှိပါသည်။

တခြားတစ်နေရာ မည်သို့သောနေရာမှာမျှ မမြင်မတွေ့ရနိုင်သည့် သမိုင်းနှင့်ချီ ခံ့ညားခဲ့သော ထူပါစေတီ၊ ပုထိုးစေတီများ၊ ထည်ဝါလှသော ကျောင်းကြီးများ၊ ထင်ရှားကာ မြတ်နိုးဖွယ်ကောင်းလှသော မြို့မြင်ကွင်းများ၊ မြို့ပြလက္ခဏာများ၊ လှပချမ်းမြေ့ဖွယ်တို့ဖြင့် ထုံမွမ်းသာယာနေသည့် သဘာဝပတ်ဝန်းကျင်များ စသည်တို့က မှန်မှန်ကန်ကန် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ခရီးသွားလုပ်ငန်းတို့၏ ချိန်ညှိနိုင်မှု စီမံခန့်ခွဲနိုင်မှုတို့ကို နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်မည်ဆိုပါက တိုင်းပြည်၏ စီးပွားရေးမြင့်တက် တိုးတက်ရေးအတွက် အရေးပါသောကဏ္ဍများ ဖြစ်ပါသည်။

ထိုသို့သော အမွေအနှစ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့၏ မြင့်မား အရေးပါသည့် အခန်းကဏ္ဍကို ရောမ၊ ဗင်းနစ်၊ ပါရီ၊ ဘာစီလိုနာ၊ ကျိုတို အစရှိသည့် နိုင်ငံတကာက ခရီးသွားလုပ်ငန်းများ၏ တိုင်းပြည်အတွက် ရှာဖွေပေးနေသော ဝင်ငွေစာရင်းကို အနည်းငယ်မျှ လေ့လာကြည့်ရုံဖြင့် သိနိုင်ပါမည်။

အချုပ်ကိုဆိုရလျှင် မြန်မာနိုင်ငံမှာက အမွေအနှစ်ရင်းမြစ်များက နေရာစုံမှာ အများအပြားရှိ၏။ ယင်းတို့ကို ဥပဒေဖြင့် လည်းကောင်း၊ တတ်ကျွမ်းနားလည်သူတို့၏ အကြံဉာဏ်နှင့် အကူအညီတို့ဖြင့် လည်းကောင်း စနစ်တကျထိန်းသိမ်း စောင့်ရှောက်နိုင်ရန်လို၏။

ယခုအခါ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကို အမျိုးသားရေးအဆင့် စီမံခန့်ခွဲနိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ ဦးဆောင်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ဖွဲ့စည်းဆောင်ရွက်နေသည့် အစီအမံတစ်ခုအနေဖြင့် မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီကို ဖွဲ့စည်းထားပြီး ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ ရေးဆွဲရေး၊ ထိုဥပဒေများအတိုင်း စိုးမိုးနိုင်ရေး၊ ယူနက်စကို၏ အကူအညီဖြင့် ကမ္ဘာ့အမွေအနှစ်များ သတ်မှတ်နိုင်ရေးတို့နှင့် အတူ အထွေထွေသော အမွေအနှစ် စောင့်ရှောက်ထိန်းသိမ်းရေးလုပ်ငန်း တို့ကို ပြင်ဆင်စီမံနေသည်ကို သိရ၏။ ယင်းသို့သော အစီအမံများက မြန်မာ့အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အနာဂတ်အတွက် မျှော်လင့်အားထားဖွယ်ဖြစ်လာနေပြီဟု ယူဆပါသည်။

အမွေအနှစ်ထိန်းသိမ်းရေးနှင့် ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးမှု ချိန်ညှိရင်း စနစ်ကျနစွာ စီမံခန့်ခွဲမှုများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံသူနိုင်ငံသားတို့၏ ထိန်းသိမ်းရမည့် အမွေအနှစ်များကို စောင့်ရှောက်ခြင်းနှင့်အတူ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမှုအတွက် များစွာ အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း။ ။

၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

(ခ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

(ဂ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(ပဲခူးမြို့)

၂၀၁၉ ခုနှစ် ၊ မတ်လ (၂၈၊ ၂၉၊ ၃၀)ရက်၊ (ကြာသပတေး၊ သောကြာ၊ စနေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ပဲခူးမြို့

ကျိုင်းတုံမြို့၌ အသည်းရောင်အသားဝါ(စီ)ပိုး အခမဲ့စစ်ဆေးပေးမည်

ကျိုင်းတုံ မတ် ၂၄

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် အသည်းရောင်အသားဝါ(စီ)ပိုး အခမဲ့စမ်းသပ်စစ်ဆေးပေးခြင်းကို မတ် ၂၈ ရက်တွင် ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး၌ MyLiv ဖောင်ဒေးရှင်းနှင့် Zifam ဆေး ကုမ္ပဏီတို့ ပူးပေါင်း၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး အသည်းရောင် အသားဝါ (စီ)ပိုး ရှိ မရှိ စစ်ဆေးလိုသူများသည် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးသို့ ထိုရက်တွင် လာရောက်စာရင်းပေးသွင်း စစ်ဆေးမှုခံယူနိုင်သည့်အပြင် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၉-၄၁ ၀၀၆၂၃၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

ရွှေတိဂုံစေတီတော် အကြိမ် (၅၇၀) မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၄

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က စီစဉ်ကျင်းပသောအကြိမ်(၅၇၀) မြောက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက်က ရွှေတိဂုံစေတီတော် ရင်ပြင်တော် တောင်ဘက်ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် စာချဆရာတော်ဘဒ္ဒန္တအာစာရထံမှ ညွှန့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယခုပြုလုပ်သော အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော် (ရွှေပြား) အလှူရှင် ၂၀၈ ဦးထံမှ ရွှေပြားပေါင်း ၂၁၂ ချပ် အလှူခံရရှိခဲ့ကာ ငွေသား အလှူရှင် လေးဦးအပါအဝင် လှူဒါန်းငွေကျပ် စုစုပေါင်း ၁၉၆၄၂၀၀၀၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က အလှူရှင်များ လှူဒါန်းမှုကို လက်ခံစဉ်။

နွေဦးပန်းချီပြပွဲ ပန်းချီဆရာကြီးဒေါက်တာဦးလွန်းကြွယ် တက်ရောက်၊ ပန်းချီပညာရပ်များ ရှင်းလင်း

ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ် ပန်းချီပညာရပ်များကို ရှင်းလင်းပြောကြားစဉ်။

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းချီပန်းပုအစည်းအရုံး(ဗဟို)ပြခန်း၌ မတ် ၂၁ ရက်မှ စတင်၍ နွေဦး ပန်းချီပြပွဲကို ခင်းကျင်းပြသလျက်ရှိသည်။

အမျိုးသမီးပန်းချီဆရာမကြီးများဖြစ်သည့် လွန်းမြမြ၊ ခင်မေကြည်၊ မဖွားတို့ ပါဝင်သည့် အမျိုးသမီးပန်းချီဆရာမကြီး ခြောက်ဦးနှင့် အမျိုးသားပန်းချီဆရာသုံးဦးတို့ ပါဝင်သည့် နွေဦးပန်းချီပြပွဲသို့ နိုင်ငံကျော်ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ် တက်ရောက်ပြီး ပန်းချီပညာရပ်၏ ထူးခြားပြောင်မြောက်မှုများနှင့် စိတ်ခံစားမှုရသများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပန်းချီဆရာဆရာမများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။ ပန်းချီပြပွဲတွင် မော်ဒန်၊ ခံစားချက်နှင့် သရုပ်မှန်တို့ကို ရေဆေး၊ ဆီဆေး၊ အခရိုင်လစ်တို့ဖြင့် ရေးဆွဲထားသည့် ပန်းချီကား ၁၀၀ တို့ကို မတ် ၂၄ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

○ ရှေ့ဖုံးမှ

ဝန်ကြီးချုပ် ဦးလှမိုးအောင်တို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်များအား ဆရာတော်၊ သံဃာတော်မြတ်များထံ ဆက်ကပ်ကြသည်။ ထို့နောက် ဦးဇေသီဟနှင့် အကယ်ဒမီ နန္ဒာလှိုင် (ဇေကမ္ဘာမိသားစု) တို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် တင်လှူပွဲအခမ်းအနားအတွက် အလှူတော်ငွေကျပ်သိန်း (၅၀၀) နှင့် လေးကျွန်းရန်အောင်ဖောင်တော်ဦး စေတီတော်မြတ်ကြီး အဝင်လမ်းမကြီးခင်းရန်အတွက် အလှူတော်ငွေကျပ်သိန်း (၄၀၀) ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာ ဦးခင်ရွှေတို့က သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် အလှူရှင်မိသားစုများ၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မော်ကျွန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စိန္တိတာလင်္ကာရ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာကြားပြီး ဒုတိယကျိုက်ထီးဆောင်းဆရာတော်အရှင်သူမြတ်က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလှူရှင် ဇေကမ္ဘာမိသားစုအမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်များကို ဒေဝါဝင်း၊ ရာဇာဝင်း ခြံရံလျက် ပင့်ဆောင်ကာ စေတီတော်မြတ်ကြီးအား လက်ျာရစ် တစ်ပတ်လှည့်လည်အပူဇော်ခံပြီး စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(မြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်ကို အပူဇော်ခံစဉ်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှဆက်ကပ်သော "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ရ မင်းကွန်းဆရာတော် ဘဒ္ဒန္တကန္တာသဘ အရှင်သူမြတ်အား ထပ်ဆင့်ဂုဏ်ပြုဂုဏ ဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၁၆) ရပ်ကွက်ရှိ သီလရက္ခိတ ဓမ္မာရုံတွင် ကျင်းပသည်။

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မင်းကွန်းဆရာတော် ဘဒ္ဒန္တကန္တာသဘ အရှင်သူမြတ်အား ထပ်ဆင့်ဂုဏ်ပြုဂုဏ ဝိသိဋ္ဌပူဇာသဘင် အခမ်းအနားကျင်းပစဉ်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး လှိုင်သာယာမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိသာယာကုန်းပရိယတ္တိစာသင်တိုက်မှ ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက သာသနာရေးဆိုင်ရာတို့ကို လျှောက်ထားသည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့အား အလှူရှင်တို့က လှူဖွယ်ဝတ္ထုများဖြင့် ဆက်လက်လှူဒါန်းသည်။

သက်တော် (၆၈) နှစ်ရှိပြီဖြစ်သော ဆရာတော်အရှင်သူမြတ်အား ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦးက ဘွဲ့တံဆိပ်တော်ကို ထပ်ဆင့်ပူဇော်ကပ်လှူပြီး လှူဒါန်းမှုအစုစုတို့အတွက် ဘိုကလေးမြို့ အောင်လှိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃ ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တကန္တာသဘမှ ရေစက်သွန်းချ အနုမောဒနတရားတော် ချီးမြှင့်၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုကာ ပြီးဆုံးခဲ့သည်။

သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သစ္စာ

လာအိုဘုန်းတော်ကြီးနှင့်အဖွဲ့က ညောင်ဦးမြို့ မိဘမဲ့ဘုန်းတော်ကြီးကျောင်းများသို့ စက်ရေတွင်းနှင့် စာရေးကိရိယာများလှူဒါန်း

ညောင်ဦး မတ် ၂၄

လာအိုဘုန်းတော်ကြီး အဘိဓဇအဂ္ဂမဟာဇောတိက Ven Noi Sangvalo က ညောင်ဦးမြို့မိဘမဲ့ဘုန်းတော်ကြီးကျောင်းများသို့ စက်ရေတွင်းနှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက် မင်္ဂလာစည်ရပ် အောင်ချမ်းသာဘုရားဓမ္မာရုံနှင့် ရွှေဂူမိဘမဲ့ဘုန်းတော်ကြီးကျောင်းတွင် မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပခဲ့သည်။

ညောင်ဦးမြို့အမှတ် (၅) ရပ်ကွက် မင်္ဂလာစည်ရပ် အောင်ချမ်းသာဘုရားဓမ္မာရုံတွင် စက်ရေတွင်းတူးဖော်ရန်အတွက် အလှူငွေကျပ် ၅၄ သိန်းနှင့် ရွှေဂူမိဘမဲ့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သာမဏေများအတွက် စာရေးကိရိယာများကို လာအိုဘုန်းတော်ကြီး အဘိဓဇအဂ္ဂမဟာဇောတိက Ven Noi Sangvalo က ပေးအပ်ရာ ဆရာတော်ဦးခေမိန္ဒနှင့် ညောင်ဦးမြို့ အမှတ်(၅) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းမောင်တို့က လက်ခံရယူကြသည်။

အဆိုပါ လာအိုဘုန်းတော်ကြီးနှင့်အဖွဲ့သည် ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ ရွှေပြည်နန်းသနပ်ခါးပြတိုက်၊ ရွှေစည်းခုံစွယ်တော်မြတ်စေတီနှင့် ဗူးဘုရားတို့အား လှည့်လည်ကြည့်ရှုဖူးမြော်ခဲ့ကြောင်း သိရသည်။

ဖေလိန်း(ညောင်ဦး)

ကော့သောင်းမြို့ ဘုရင့်နောင်ဗျူးပွိုင့်တွင် ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလျက်ရှိ

ကော့သောင်း မတ် ၂၄

ကော့သောင်းမြို့ကျက်သရေဆောင် ဘုရင့်နောင်ရုပ်တုကုန်းမြေဝန်းကျင်သည် ပါချန်မြစ်ဝမှတစ်ဆင့် တစ်ဖက်ထိုင်းနိုင်ငံသို့ လှမ်းမြင်ရသည့် သာယာလှပသည့် အပေါ်စီးရှုခင်းများကြောင့် မြို့သို့လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အမှတ်တရဓာတ်ပုံရိုက်မှတ်တမ်းတင်ကြသည့် နေရာတစ်ခုဖြစ်ပြီး မြို့ခံပြည်သူများ အပန်းဖြေ အနားယူခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် စည်ကားလျက်ရှိသည်ကို ယနေ့နံနက်ပိုင်းက တွေ့မြင်ရသည်။

အဆိုပါ ဗျူးပွိုင့်နေရာအား မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၏ ကြီးကြပ်မှုဖြင့် အပန်းဖြေရင်ပြင်တည်ဆောက်ခြင်း၊ ကြွေပြားခင်းအလှဆင်ခြင်း၊ လမ်းမီးတိုင်များဖြင့် အလှဆင်ခြင်း၊ KAW THAUNG အထိမ်းအမှတ် ရွှေရောင်သံမဏိပြားစာလုံးကြီးများ တပ်ဆင်ခြင်း ၊ ပန်းအလှပင်များစိုက်ပျိုးခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ထိုင်း-မြန်မာ နယ်စပ်ဖြတ်သန်းခရရှိငွေမှ ၁၀ ရာခိုင်နှုန်းနှင့် မိမိတို့၏မြို့ ပိုမိုသာယာလှပရေး မြို့ခံစေတနာရှင်အလှူရှင်ထည့်ဝင်လှူဒါန်းငွေများဖြင့် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ မြို့နေပြည်သူများ စိတ်လက်အေးချမ်းစွာ အပန်းဖြေနိုင်ကြရေး စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပေးထားခြင်းဖြစ်ရာ မြို့သို့လာရောက်လည်ပတ်ကြသည့်ခရီးသွားဧည့်သည်များ၊ အနားယူအပန်းဖြေသူ မြို့နေပြည်သူများဖြင့် အစဉ်စည်ကားလျက်ရှိပြီး နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင် အစုအဖွဲ့လိုက်ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

ကော့သောင်းမြို့ ဘုရင့်နောင်ဗျူးပွိုင့်တွင် ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလျက်ရှိသည်ကို တွေ့ရစဉ်။

နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၄

နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အဖွင့်အမှာစကား ပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်း က ဆုရွေးချယ်ချီးမြှင့်ခြင်း အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပထမဆုရရှိကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအား လည်းကောင်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဒုတိယဆုရရှိကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအား လည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က တတိယဆုရရှိကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား လည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် အကဲဖြတ်ဒိုင်လူကြီးများ၊ ဆုရရှိကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ကျင်းပသည့် နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ဆုများရရှိခဲ့ကြသည့် MSMEs လုပ်ငန်း ၁၄ ခုကို အသိအမှတ်ပြုသည့်အနေဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ အတိုးနှုန်းသက်သာသည့် ဘဏ်ချေးငွေများ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။ သုံးရက်ကြာကျင်းပခဲ့သည့် ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားတွင် အိမ်သုံးနှင့်လက်မှုပစ္စည်းလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ချည်မျှင်နှင့်အထည်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုဝန်ကြီးဌာနတို့မှ ပြခန်း စုစုပေါင်း ၂၇၀ ကျော်ပါဝင်ပြသခဲ့ပြီး ယနေ့နောက်ဆုံးနေ့တွင် လာရောက်ကြည့်ရှုလေ့လာကြသူများနှင့် စည်ကားလျက်ရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆုပေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရှင်များအား ဂုဏ်ပြုညှော်ခံပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၄

၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရှင်များအား ဂုဏ်ပြုညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကကြီးများနှင့် အလုပ်အမှုဆောင်များ၊ ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့သည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲဖြစ်မြောက်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

မှဒီတာစကား ပြောကြား

ရှေးဦးစွာ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မှဒီတာစကား ပြောကြားသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ၊ နာယက ဦးကြည်စိုးထွန်းက မျိုးဆက်သစ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ၂၀၁၈ ခုနှစ် မြန်မာရုပ်ရှင်ထူးချွန်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ပါဝင်ကူညီပံ့ပိုးပေးခဲ့ကြသည့် မိတ်ဖက်အဖွဲ့အစည်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ၂၀၁၈ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဆုရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား Bella Man Care Be the power မှ ရွှေရှင်ထိုးတစ်ခုစီ၊ Excellent Fortune Development Group Co;Ltd မှ ဥက္ကဋ္ဌ ဦးစိုင်းမျိုးဝင်းက ဂုဏ်ပြုဆုငွေကျပ်ဆယ်သိန်းစီ၊ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်မှ ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်ဝင်းက ရွှေဆွဲပြား (၁) ကျပ်သားစီ၊ မင်္ဂလာရုပ်ရှင်ရုံမိသားစုများ၏ ဥက္ကဋ္ဌ ဦးဇော်မင်း (မင်္ဂလာ) က ဆုငွေကျပ် ငါးသိန်းစီ၊ JCGV Cinemas က ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းစီနှင့် Mega Ace Cineplex က ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းစီတို့အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများကိုယ်စားအကယ်ဒမီကျော်ကျော်ဗိုက ကျေးဇူးတင်စကားပြောကြားသည်။ **သတင်း-မင်းသစ် (MNA)**

ဓာတ်ပုံ-ဇော်မင်းလတ်

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရှင်များအား ဂုဏ်ပြုညှော်ခံပွဲ အခမ်းအနားတွင် မှဒီတာစကား ပြောကြားစဉ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မတ် ၂၄

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener သည် ယနေ့ညနေခင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိသည်။

အဆိုပါ အထူးကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener အား နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

သတင်းစဉ်

မန္တလေးနိုင်ငံတကာကုန်စည်ပြပွဲနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲကျင်းပ

မန္တလေး မတ် ၂၃

မန္တလေးနိုင်ငံတကာကုန်စည်ပြပွဲနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲတွင် "Mandalay Beyond Horizon" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို မတ် ၂၃ ရက်က ချမ်းမြသာစည်မြို့နယ်၊ မန္တလေးကွန်ဗင်းရှင်းစင်တာရှိ Conference Hall ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၊ အတွင်းရေးမှူး ဦးအောင်နိုင်ဦးက "Mandalay Beyond Horizon" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ထို့နောက် တက်ရောက်လာသူများမှ သိရှိလိုသည်များမေးမြန်းဆွေးနွေးရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၊ အတွင်းရေးမှူးက ပြန်လည်ဖြေကြားသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်မင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ၊ အတွင်းရေးမှူးအား အမှတ်တရလက်ဆောင်ပေးအပ်သည်။

မန္တလေးနိုင်ငံတကာကုန်စည်ပြပွဲနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ Mandalay International Trade Fair & Business Forum 2019 ကို မန္တလေးကွန်ဗင်းရှင်းစင်တာတွင် မတ် ၂၃ ရက် မှ ၂၅ ရက်ထိ သုံးရက်ကြာကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်တွင် နိုင်ငံတကာနှင့်သက်ဆိုင်ရာနယ်ပယ်အသီးသီးများ၊ ကျွမ်းကျင်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ စကားဝိုင်းများ၊ ဆွေးနွေးဟောပြောပွဲများ၊ တရုတ်၊ အိန္ဒိယ၊ထိုင်းနိုင်ငံအစရှိသောနိုင်ငံများမှ လာရောက်ပြသသော ပြခန်းများနှင့် ပြည်တွင်းကုမ္ပဏီများမှ ပြခန်းများ၊ စုစုပေါင်းပြခန်း ၂၇၀ ကျော် ပါဝင်ပြသလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မန္တလေးမြို့နှင့် ဝမ်းတွင်းမြို့များရှိ ဌာနပိုင်အဆောက်အအုံများနှင့် လျှော်ဖြူစိုက်ခင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ၂၆ လမ်းပေါ်ရှိ စားသုံးသူရေးရာဦးစီးဌာနပိုင် ရိပ်သာအဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ၃၅ လမ်းရှိ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နေသည့်ရုံးသို့ရောက်ရှိကာ ဝန်ထမ်းများအားတွေ့ဆုံပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်ဆန်တိကျစွာ ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စားသုံးသူရေးရာဦးစီးဌာနရုံးအတွင်း အသစ်တည်ဆောက်လျက်ရှိသော အဆောက်အအုံအသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးဘေး မြစ်သားမြို့နယ် ကူမဲမြို့ရှိ New A1 Family Factory ၏ အခြောက်ခံစက်ရုံသို့ရောက်ရှိကာ ကြက်သွန်နီအခြောက်ခံထားရှိမှု၊ ငရုတ်သီးတောင့် အခြောက်ခံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း သီးနှံများ အခြောက်ခံနေမှုအဆင့်ဆင့်အား ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ မြေဧက ၅၅၀ ပေါ်တွင် စိုက်ပျိုးထားရှိသော လျှော်ဖြူ(ခ)ဆေးကုလားမပင်များ စိုက်ပျိုးထားရှိမှုအခြေအနေတို့အား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်းတစ်ထောင်ဖြင့် မိတ္ထီလာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၇၆ ခု ဆောင်ရွက်မည်

မိတ္ထီလာ မတ် ၂၄

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း တစ်ထောင်ဖြင့် မိတ္ထီလာဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၇၆ ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းထံမှ သိရသည်။

“ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမယ့် နိုင်ငံတော်ငွေဖြစ်တဲ့အတွက် အဆင့်ဆင့် ရပ်ကွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်သူတွေအနေနဲ့လည်း စာရင်းစစ်ခံရမှာဖြစ်တဲ့အတွက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်”ဟု မတ် ၂၃ ရက်က မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်းတစ်ထောင်ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းက ပြောသည်။

အဆိုပါ ရန်ပုံငွေကျပ်သိန်းတစ်ထောင် ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုးနှင့် ဦးစိုးသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့် သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာကော်မတီများမှ တာဝန်ရှိသူများထံသို့ ရန်ပုံငွေကျပ်သိန်းတစ်ထောင်ကို ခွဲဝေပေးအပ်သည်။ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်းတစ်ထောင်ဖြင့် မိတ္ထီလာမြို့နယ်အတွင်း ရေရရှိရေးကဏ္ဍ လေးခု၊ လမ်းတံတားကဏ္ဍ ၃၂ ခု၊ ပညာရေးကဏ္ဍ ခြောက်ခု၊ ကျန်းမာရေးကဏ္ဍ နှစ်ခု၊ လျှပ်စစ်မီးလင်းရေးကဏ္ဍ ၂၈ ခု၊ စိုက်ပျိုးရေးကဏ္ဍ တစ်ခု၊ အခြားဖွံ့ဖြိုးရေးကဏ္ဍ သုံးခု စုစုပေါင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၇၆ ခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

ကရင်ပြည်နယ်တွင် ယခင်နှစ်များထက် တီဘီရောဂါကို ပိုမိုရှာဖွေလာနိုင်ပြီး ယခုနှစ်အတွင်း ရောဂါတွေ့ရှိနှုန်းမြင့်တက်လာ

ဘားအံ မတ် ၂၄

ကရင်ပြည်နယ်တွင် ယခင်နှစ်များထက် တီဘီရောဂါဖြစ်ပွားမှုကိုပိုမိုမြင်တွေ့လာရပြီး ရောဂါရှာဖွေတွေ့ရှိနှုန်းလည်း ပိုများလာကြောင်း၊ ဆေးယဉ်ပါး တီဘီရောဂါဖြစ်ပွားမှုအနေဖြင့် ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ခုနှစ်များတွင် တန့်နေကြောင်း၊ ရိုးရိုးတီဘီဖြစ်ပွားမှုအနေဖြင့် ရောဂါကို ပိုမိုရှာဖွေနိုင်လာသည့်အတွက် တွေ့ရှိနှုန်းလည်း မြင့်တက်လာကြောင်း မတ် ၂၄ ရက် နံနက် ၁၀ နာရီက ဘားအံမြို့နယ် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားမှ သိရသည်။

ဘားအံမြို့၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပစဉ်။

အဆိုပါအခမ်းအနားကို “တီဘီရောဂါကင်းဝေးဖို့ ကဏ္ဍပေါင်းစုံလက်တွဲလို့ ယနေ့မှစဆောင်ရွက်စို့” ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး တီဘီရောဂါရှာဖွေကုသသည့်အပိုင်းကို တီဘီတိုက်ဖျက်ရေးဌာနမှ သလိပ်စစ်ပေးခြင်း ဓာတ်မှန်ရိုက်ပေးခြင်း၊ ကွင်းဆင်းရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကွင်းဆင်းရှာဖွေရာတွင် မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဝေးလံခေါင်းပါးပြီး သွားလာရမလွယ်ကူသည့် နေရာဒေသများထိ ရွေ့လျားတီဘီနယ်လှည့်အဖွဲ့များဖြင့်သွားရောက်၍ ဝေဒနာရှင်များအား ရှာဖွေကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများကျင်းပ၍ တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဝေဒနာရှင်များကို တွေ့ရှိသည်နှင့် တစ်ရက် နှစ်ရက်အတွင်း တီဘီဆေးကို စတင်တိုက်ကျွေးကြောင်း၊ ဆေးကိုလည်း အလုံအလောက်ဖြင့် One Stop Service ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

အခမဲ့စမ်းသပ်ကုသပေး

တီဘီရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ တီဘီရောဂါတိုက်ဖျက်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဆန်းလှဖြူက “တီဘီရောဂါဟာ ဆေးသောက်ရင် ပျောက်ကင်းတဲ့ရောဂါဖြစ်တယ်။ တိတိကျကျနဲ့ ခြောက်လဆို ခြောက်လ ရှစ်လဆို ရှစ်လ အချိန်တိတိကျကျ၊ ဆေးလုံးတိတိကျကျနဲ့ ညွှန်ကြားတဲ့လအထိ မှန်မှန်ကန်ကန်သောက်ပေးခြင်းအားဖြင့် အခြားသူတွေ မကူးစက်အောင် ကာကွယ်ရာရောက်ပါတယ်။ တကယ်လို့ ချောင်းဆိုး နှစ်ပတ်ကျော်ရင် သံသယရှိပါ။ ကျွန်မတို့ဌာနကို အချိန်မရွေးလာပြီးတော့ စစ်ဆေးပေးပါ။ ခေတ်အမီဆုံးစက်ကြီးတွေနဲ့ အခမဲ့စမ်းသပ်ကုသပေးမှာဖြစ်ပြီး နွေးထွေးစွာကြိုဆိုနေပါတယ်။ ဆေးကို ကာလကြာရှည် သောက်ရတဲ့အတွက်ကြောင့် ဆေးသောက်ပျက်ကွက်ပြီး ဆေးယဉ်ပါးတီဘီတွေဖြစ်ပွားနေပါတယ်။ ဆေးယဉ်ပါးတီဘီကို လ ၂၀ ကနေ နှစ်နှစ်အထိ ဆေးသောက် ဆေးထိုးတွေ လုပ်ရမှာဖြစ်တဲ့အတွက် ပိုပြီးတော့ခက်ခဲလာပါတယ်။ ပျောက်ကင်းတဲ့ ရာခိုင်နှုန်းကလည်း ၇၀ ရာခိုင်နှုန်းခန့်သာ ရှိတဲ့အတွက်ကြောင့် တကယ်ဆေးတိုးတဲ့တီဘီဖြစ်တုန်းမှာ ဆေးကို မှန်မှန်လေးသောက်ကြပါလို့ တိုက်တွန်းချင်ပါတယ်” ဟု ပြောသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဇော်လင်းက အမှာစကားပြောကြားပြီး ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(ရောဂါနှိမ်နင်းရေး) ဒေါက်တာ ခိုင်စန္ဒာအောင်က ၂၀၁၉ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားအတွက် ပြည်ထောင်စုဝန်ကြီး၏ အမှာစကားအားဖတ်ကြားကာ တီဘီ/အနာကြီးရောဂါတိုက်ဖျက်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဆန်းလှဖြူက တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

တောင်ငူ၌ သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးစည်းဝေး

တောင်ငူ မတ် ၂၄

၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တောင်ငူမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ပွဲတော်စည်ကားသိုက်မြိုက်၍ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမှာစကားပြောကြားပြီး ထူးထူးခြားခြားအစီအစဉ်တစ်ရပ်အနေဖြင့် လမ်းလျှောက်သင်္ကြန်ကို ပထမဆုံးအကြိမ်အဖြစ် ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း၊ လမ်းလျှောက်သင်္ကြန်တွင် ရေကစားမဏ္ဍပ်များ၊ ကျွေးမွေးရေးမဏ္ဍပ်များပါဝင်ပြီး ဗိုလ်မှူးဖိုးကွန်းလမ်းမှ ဦးထိပ်မှ တပင်ရွှေထီးလမ်းအထိ စည်ကားလှပစွာ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်များတွင် သင်္ကြန်ယိမ်းအက၊ သင်္ကြန်သံချပ်များဖြင့် ဖျော်ဖြေယှဉ်ပြိုင်ခြင်းများပါဝင်၍ လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရေး၊ ကျန်းမာရေးကိစ္စရပ်များအား တက်ရောက်လာကြသူများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဝ၄၈

မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်း နယ်လှည့်ဆောင်ရွက်ပေးမည်

နေပြည်တော် မတ် ၂၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၉ ခုနှစ်၊ ဧပြီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	မြို့နယ်
၁။	ကချင်ပြည်နယ်	ဝိုင်းမော်၊ မိုးကောင်း
၂။	စစ်ကိုင်းတိုင်းဒေသကြီး	ကန့်ဘလူ၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ နမ့်တောစံပြကျေးရွာ
၃။	ပဲခူးတိုင်းဒေသကြီး	ပန်းတောင်း၊ မင်းလှ
၄။	မကွေးတိုင်းဒေသကြီး	တောင်တွင်းကြီး၊ ပေါက်၊ စေတုတ္တရာ၊ အောင်လံ
၅။	မန္တလေးတိုင်းဒေသကြီး	မလှိုင်
၆။	မွန်ပြည်နယ်	ကျိုက်မရော
၇။	ရန်ကုန်တိုင်းဒေသကြီး	ထန်းတပင်၊ လှိုင်သာယာ၊ ကော့မှူး
၈။	ဧရာဝတီတိုင်းဒေသကြီး	ရေကြည်၊ မော်လမြိုင်ကျွန်း၊ ကျိုက်လတ်

မြန်မာ့အလင်း

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း တတိယအကြိမ်မြောက် သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲအခမ်းအနား ကျင်းပစဉ်။

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဂါရဝပြုပွဲနှင့် တွေ့ဆုံပွဲကျင်းပ

ရန်ကုန် မတ် ၂၄

သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း တတိယအကြိမ်မြောက် သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲ အခမ်းအနားကို မတ် ၂၄ ရက်က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ဝန်ထမ်းဟောင်းများအသင်း အမှုဆောင်အဖွဲ့ရုပ်သိမ်းခြင်း၊ အသစ်ဖွဲ့စည်းခြင်း၊ အလှူငွေလက်ခံခြင်း၊ ငွေစာရင်းရှင်းလင်းခြင်းတို့ပြုလုပ်ပြီး ဝန်ထမ်းဟောင်း ဆရာသမား ၁၇ ဦးနှင့် အသက် ၈၀ နှစ်အထက် ဝန်ထမ်းဟောင်း ၃၅ ဦးတို့အား ဂါရဝပြုလက်ဆောင်များနှင့် ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်သည်။ ထို့နောက် ဝန်ထမ်းဟောင်းဆရာသမား ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးတင်ခနှင့် အထွေထွေမန်နေဂျာ(ငြိမ်း) ဦးမြင့်ထွန်းတို့က မုဒိတာစကားပြောကြားကြပြီး အခမ်းအနားသို့ သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းခေတ်မှ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းခေတ်အထိ ခေတ်အဆက်ဆက်တွင် ကော်ပိုရေးရှင်း၊ လုပ်ငန်း (ရုံးချုပ်)၊ သတင်းစာတိုက်များ၊ သတင်းဌာနများ၊ ပုံနှိပ်တိုက်များ၌ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်းများ တက်ရောက်ကြသည်။

သတင်းစဉ်

လူသို့မကူးစက်သည့် အာဖရိက ဝက်အပြင်းဖျားရောဂါ

ဖေနှင်းငွေ

ရောဂါဖြစ်ပွားကူးစက်ပုံ

အာဖရိက ဝက်အပြင်းဖျားရောဂါ(African Swine Fever-ASF)သည် ၁၉၀၇ ခုနှစ်တွင် အာဖရိကတိုက်ရှိ ကင်ညာနိုင်ငံ၌ စတင် ဖြစ်ပွားခဲ့ပါသည်။ ထိုမှတစ်ဆင့် ဥရောပတိုက်နှင့် အမေရိကတိုက်များသို့ ဆက်လက် ပျံ့နှံ့ခဲ့ရာ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် တရုတ်နိုင်ငံသို့ ဝင်ရောက်ပျံ့နှံ့ခဲ့ပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သော မွန်ဂိုလီးယားနိုင်ငံနှင့် ဗီယမ်နမ်နိုင်ငံတို့သို့ ကူးစက်ပျံ့နှံ့ခဲ့ပါသည်။

ကူးစက်ရာတွင် နာတာရှည်ကူးစက်ခြင်းနှင့် ရုတ်တရက်ကူးစက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ နာတာရှည်ကူးစက်ခံရသော ဝက်များတွင် ခြေထောက်အဆစ်ရောင်ခြင်း၊ အရေပြားအနာဖြစ်ခြင်း၊ အရေပြားနီရဲခြင်း၊ ကိုယ်အပူချိန်မမှန်ခြင်း၊ ကိုယ်အလေးချိန်လျော့ကျခြင်း စသည့် လက္ခဏာများ ခံစားရပါသည်။ ရုတ်တရက်ကူးစက်ခံရသောဝက်များတွင် အရေပြားနီရဲခြင်း၊ ပန်းခရမ်းပြာအရောင်ပြောင်းပြီး ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပေါ်တတ်သည်။ ရောဂါပိုး ပျိုးရက်မှာ ပုံမှန်အားဖြင့် လေးရက်မှ ၁၉ ရက်အတွင်း ကြာပါသည်။ သို့သော်လည်း ရုတ်တရက်ဖြစ်ပွားသည့် အခြေအနေများတွင် သုံးရက်မှ လေးရက်အတွင်း ရောဂါဖြစ်ပြီး သေဆုံးတတ်ပါသည်။

လူသို့ မကူးစက်နိုင်

အဓိကကူးစက်သည့်နည်းလမ်းမှာ ရောဂါပိုးပါရှိသည့် ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများ၊ သွားရည်၊ နှာရည်၊ မျက်ရည်၊ ဆီး၊ ဝမ်း၊ သွေး၊ အသားတို့နှင့် ထိတွေ့ခြင်းမှကူးစက်ပါသည်။ ထို့အပြင် မွှားကဲ့သို့သော ကြားခံလက်ခံကောင်များ တွယ်ခြင်း၊ ကိုက်ခြင်း၊ ရောဂါပိုးထိတွေ့ထားသော ဆေးထိုးအပ်၊ အသုံးအဆောင်ပစ္စည်း၊ ဖိနပ်၊ အဝတ်အထည်နှင့် ယာဉ်တို့မှတစ်ဆင့်လည်း ကူးစက်ပျံ့နှံ့ပါသည်။ သို့သော်လည်း အာဖရိက ဝက်အပြင်းဖျားရောဂါသည် တိရစ္ဆာန်များတွင်သာ ဖြစ်ပွားသော ရောဂါဖြစ်ပြီး လူသို့ ကူးစက်တတ်သော ရောဂါမဟုတ်ကြောင်း ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့မှ တရားဝင်ထုတ်ပြန်ကြေညာထားပါသည်။ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ရောဂါကူးစက်ခံရမည်ကို စိုးရိမ်ရန်မလိုအပ်ပါ။

ထို့အပြင် မြန်မာနိုင်ငံတွင် ယနေ့အထိ အာဖရိက ဝက်အပြင်းဖျားရောဂါ ဖြစ်ပွားတွေ့ရှိခြင်းမရှိသေးပါ။ ရောဂါဖြစ်ပွားမှု မရှိစေရန်အတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသာ ဖြစ်သည်။ ရောဂါကြိုတင်ကာကွယ်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ (၁၇/၉၃) အရ ပထမဦးစွာ (ခ)စာရင်းဝင်ကူးစက်ရောဂါအဖြစ် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ (ခ)အဆင့် ကူးစက်ရောဂါဆိုသည်မှာ ရောဂါဖြစ်ပွားသောအသားကို စားသုံးခြင်းမှတစ်ဆင့် လူသို့ကူးစက်နိုင်သောရောဂါ(Meat Borne Zoonotic Disease) မဟုတ်ဘဲ တိရစ္ဆာန်မှ တိရစ္ဆာန်သို့သာ ကူးစက်စေသော ရောဂါဖြစ်ပါသည်။

ရောဂါဖြစ်ပွားမှု အဆင့်လေးဆင့်

အာဖရိကဝက်အပြင်းဖျားရောဂါသည် စက်ဝိုင်းပုံ(DNA)အမျိုးအစား ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပါသည်။ အိမ်မွေးဝက်များနှင့် တောဝက်များတွင် အဖြစ်များသည်။ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သည်။ ယခင်က အာဖရိကတိုက်ရှိ ဝက်များတွင်သာ အဖြစ်များသော်လည်း ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းက တရုတ်နိုင်ငံရှိ ဝက်များတွင် ဖြစ်ပွားခဲ့သည်။ ရောဂါဖြစ်ပွားမှုတွင် အဆင့်လေးဆင့်ရှိပါသည်။ ဖြစ်ပွားသည့်အဆင့်များအပေါ်တွင် မူတည်၍ ရောဂါပြင်းထန်မှုကွာခြားသည်။

ဖြစ်ပွားမှုအဆင့်(၁)တွင် အရေပြား၌ အနီရောင်အစက်များဖြင့်ရုတ်တရက်သေဆုံးပါသည်။ အဆင့်(၂)တွင် ရောဂါကူးစက်ခံရပြီး နှစ်ရက်အတွင်း အပြင်းဖျားခြင်း(အဖျား ၁၀၅ မှ ၁၀၇ ဒီဂရီဖာရင်ဟိုက်)၊ နားရွက်ဖျား၊ အမြီး၊ ရင်ဘတ်နှင့် ဝမ်းဗိုက်အရေပြားတို့တွင် ပန်းခရမ်းရောင်၊ အနီရောင်ဖြစ်နေခြင်း၊ ပျို့အန်ခြင်း၊ သွေးဝမ်းသွားခြင်း၊ ခြောက်ရက်မှ ၁၃ ရက်အတွင်းသေဆုံးခြင်း၊ ဗီးဝက်မများတွင် သားပျက်သားလျှောဖြစ်ခြင်းများ တွေ့ရတတ်ပါသည်။

ဖြစ်ပွားမှုအဆင့်(၃)တွင် အဖျားအနည်းငယ် ရှိပြီး အစာအနည်းငယ်သာစားကာ ၁၅ ရက်မှ ၄၅ ရက်အတွင်း သေဆုံးသွားတတ်သည်။ ဖြစ်ပွားမှု အဆင့်(၄)တွင် ကိုယ်အလေးချိန်လျော့ကျခြင်း၊ အပူချိန်အတက် အကျရှိခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများတွေ့ရခြင်း၊ အရေပြားအနာ၊ ပုပ်ခြင်း၊ ဆွေးခြင်း၊ အဆစ်ရောင်ခြင်းများ တွေ့ရတတ်သည်။



အာဖရိက ဝက်အပြင်းဖျားရောဂါ ဖြစ်ပွားကူးစက်မှု သရုပ်ပြပုံ

ကာကွယ်ဆေးမရှိသေး

အာဖရိက ဝက်အပြင်းဖျားရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ထိရောက်စွာ ကုသပေးနိုင်သောဆေးလည်း မရှိသေးပါ။ ရောဂါလက္ခဏာ သက်သာစေရန်အတွက် အထောက်အကူပြုဆေးများ၊ ပဋိဇီဝဆေးများ၊ အဖျားကျဆေးများ ပေးခြင်းသာ ပြုလုပ်ပေးနိုင်သည်။ အခြားသော ဝက်ဝမ်းကျရောဂါ၊ ဝက်နားရွက်ပြာရောဂါ၊ စိန်ကွက်နာရောဂါ၊ ဆဲလ်မိုနဲလားရောဂါ၊ ပတ်စ်ကျူရဲလားရောဂါ၊ သွေးအဆိပ်သင့်ရောဂါများနှင့် မှားယွင်းနိုင်သောကြောင့် မျက်မြင်အားဖြင့် ရောဂါကို အတည်ပြု၍ မရနိုင်ပါ။ ဓာတ်ခွဲခန်းသို့ နမူနာပစ္စည်းများပေးပို့၍ စစ်ဆေးအတည်ပြုချက်ရယူရန် လိုအပ်ပါသည်။

ရောဂါကာကွယ်ထိန်းချုပ်ရန်

အကယ်၍ ရောဂါဖြစ်ပွားလာပါက ဖြစ်ပွားသောဝက်နှင့် အတူနေဝက်များကို သီးသန့်ခွဲထားပါ။ ထို့အပြင် သေဆုံးသောဝက်၏ အစိတ်အပိုင်းများကို သယ်ဆောင်ခြင်း၊ လှီးဖြတ်ခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းတို့ မပြုလုပ်ရန်လိုအပ်ပါသည်။ ရောဂါဖြင့်သေဆုံးသောဝက်နှင့် အညစ်အကြေးများ၊ စားကြွင်းစားကျန်နှင့် အသုံးအဆောင်ပစ္စည်းများကို မြေမြှုပ်၍(သို့မဟုတ်) မီးရှို့၍ ဖျက်ဆီးပါ။ ရေမြောင်းခြင်း၊ မြစ်ချောင်းများနှင့် ရေတွင်းရေကန်အနီး မြေမြှုပ်ခြင်းများ မပြုရပါ။ မြေမြှုပ်သောနေရာ၊ မီးရှို့သောနေရာနှင့် ဝက်ခြံကို မွေးမြူရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများ ဖျန်းပါ။ မွေးမြူရေးခြံ၏ ဇီဝလုံခြုံမှုကို မြှင့်တင်၍ ခြံအတွင်းသို့ တိရစ္ဆာန်၊ လူ၊ ယာဉ်စသည်တို့ ဖြတ်သန်းသွားလာမှုကို အတတ်နိုင်ဆုံး ထိန်းချုပ်ရန် လိုအပ်ပါသည်။

ဝက်ခြံလုပ်သားများအနေဖြင့် နှာခေါင်းစည်း၊ လက်အိတ် စသည်တို့ကို အသုံးပြုပါ။ လက်ကို သေချာစွာ ဆေးကြောသန့်စင်၍ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ရန်လိုအပ်ပါသည်။ ထို့အပြင် အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများကို ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန် လိုအပ်သည်။ ဝက်ခြံ၏ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်ရေးတို့ကို ဂရုပြုပါ။ ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကိုသာ ဝယ်ယူမွေးမြူရန်နှင့် ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့် မရောမီ သီးသန့်ခွဲထား၍ ရောဂါ ကင်းရှင်းကြောင်း သေချာမှသာ အတူတူရောမွေးရန်လည်း သတိပြုသင့်ပါသည်။

တုံ့ပြန်ဆောင်ရွက်ရန် အစီအမံများ

ပြည်သူများအနေဖြင့်မူ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် ရောင်းချနေသောဆိုင်များမှ ဝက်သားများကို အန္တရာယ်ကင်းစွာဖြင့် ယုံကြည်စိတ်ချစွာ ဝယ်စားနိုင်ကြပါသည်။ အကယ်၍ မိမိပတ်ဝန်းကျင်တွင် အာဖရိက ဝက်အပြင်းဖျားရောဂါ ဖြစ်ပွားလျှင်ဖြစ်စေ၊ ဖြစ်ပွားသည်ဟု သံသယရှိလျှင်ဖြစ်စေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (သို့မဟုတ်) ကျေးရွာ/ရပ်ကွက် အာဏာပိုင်များထံသို့ အမြန်ဆုံးအကြောင်းကြား၍ အကူအညီများ ရယူနိုင်သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အနေဖြင့်လည်း ရောဂါဖြစ်ပွားလာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ အိမ်နီးချင်း တရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော ဒေသများတွင်လည်း ရောဂါနမူနာများရယူစုဆောင်းခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ရောဂါနှင့်ပတ်သက်၍ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၈ ခုနှစ်ကတည်းက ကျင်းပပြုလုပ်ခဲ့ပြီးလည်း ဖြစ်သည်။

ဇီဝလုံခြုံရေး မြှင့်တင်ဆောင်ရွက်ရေးအတွက် နည်းပညာစာစဉ်များ၊ လစဉ်ထုတ်သတင်းလွှာများ၊ မွေးမြူသူများအတွက် အသုံးဝင်မည့် ရောဂါနှင့်ပတ်သက်သည့် အချက်အလက်များ၊ ရုပ်သံဖိုင်များ၊ ရုပ်ပုံကားချပ်များကိုလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဖြန့်ဝေအသိပေးလျက်ရှိသည်။ ထို့အပြင် အာဖရိက ဝက်အပြင်းဖျားရောဂါ အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံပိုင် နေ့စဉ်သတင်းစာများမှသော်လည်းကောင်း၊ ရုပ်မြင်သံကြားအစီအစဉ်များမှသော်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ တရားဝင် ဖေ့စ်ဘုတ်စာမျက်နှာမှသော်လည်းကောင်း ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် အသိပေးနှိုးဆော်မှုများ ပြုလုပ်လျက်ရှိပါသည်။ ။

> “အာဖရိက ဝက်အပြင်းဖျားရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါ။ ထိရောက်စွာ ကုသပေးနိုင်သောဆေးလည်း မရှိသေးပါ။ ရောဂါလက္ခဏာ သက်သာစေရန်အတွက် အထောက်အကူပြုဆေးများ၊ ပဋိဇီဝဆေးများ၊ အဖျားကျဆေးများ ပေးခြင်းသာ ပြုလုပ်ပေးနိုင်သည်။ အခြားသော ဝက်ဝမ်းကျရောဂါ၊ ဝက်နားရွက်ပြာရောဂါ၊ စိန်ကွက်နာရောဂါ၊ ဆဲလ်မိုနဲလားရောဂါ၊ ပတ်စ်ကျူရဲလားရောဂါ၊ သွေးအဆိပ်သင့်ရောဂါများနှင့် မှားယွင်းနိုင်သောကြောင့် မျက်မြင်အားဖြင့် ရောဂါကို အတည်ပြု၍မရနိုင်ပါ။ ဓာတ်ခွဲခန်းသို့ နမူနာပစ္စည်းများပေးပို့၍ စစ်ဆေးအတည်ပြုချက်ရယူရန် လိုအပ်ပါသည်”

မောင်တောမြို့အဝင် မုခ်ဦးသစ်ဖွင့်ပွဲကျင်းပ

မောင်တော မတ် ၂၄

ရခိုင်ပြည်နယ် မောင်တောမြို့ မြို့ဝင်မုခ်ဦးသစ် ဖွင့်ပွဲကို မတ် ၂၄ ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပခဲ့ရာ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က မြို့အဝင်မုခ်ဦးသည် မြို့တစ်မြို့၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးသာယာဝပြောမှု၊ ကြွယ်ဝမှုကို ဖော်ပြသည့် အမှတ်သင်္ကေတဖြစ်ကြောင်း အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အုန်းက မြို့ဝင်မုခ်ဦးသစ်ကို ခမ်းနားထည်ဝါစွာ တည်ဆောက်နိုင်ရန် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြင့်ခိုင်၊ စည်ပင်အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက မောင်တောမြို့ဝင်မုခ်ဦးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ မောင်တောမြို့အဝင် မုခ်ဦးသစ် တည်ဆောက်ရန် ရခိုင်ပြည်နယ်အစိုးရ၏ တင်ဒါပိုလျှံ ရန်ပုံငွေ ကျပ်သိန်း၈၀၀ဖြင့် တင်ဒါခေါ်ယူခဲ့ရာ တာဝန်ယူတည်ဆောက်မည့်ကုမ္ပဏီ မရှိသဖြင့် မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်ခဲ့ကြောင်း၊ ယခုအသစ်ဖွင့်လှစ်သည့် မုခ်ဦးသည် ယခင်က မုန်တိုင်းကြောင့် ပျက်စီးခဲ့သော မုခ်ဦးဟောင်း၏အရှေ့ပေ ၁၀၀ ခန့်တွင်ရှိပြီး အကျယ် ၃၈ ပေနှင့် အမြင့် ပေ ၂၀ ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ခန္တီးမြို့နယ် ဆင်သေကျေးရွာ၌ ဆိုလာဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်

ခန္တီး မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်မီးလင်းရေးကော်မတီနှင့် ကုမ္ပဏီတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ခန္တီးမြို့နယ် ဆင်သေကျေးရွာ၌ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆိုလာ အသေးစားဓာတ်အားပေးစနစ်အတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၆၀ ရာခိုင်နှုန်း၊ ပြည်သူလူထုက ၂၀ ရာခိုင်နှုန်းနှင့် ကုမ္ပဏီက ၂၀ ရာခိုင်နှုန်း ထည့်ဝင်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စု တစ်ထောင်ကျော်အတွက် ၂၄ နာရီ လျှပ်စစ်မီး ရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဆင်သေကျေးရွာသည် ခန္တီးမြို့မှ ချင်းတွင်းမြစ်တစ်ဖက်ကမ်းတွင်ရှိသော စံပြကျေးရွာဖြစ်သော်လည်း လျှပ်စစ်မီးမရရှိ၍ ဆိုလာမီးကိုသာ အသုံးပြုနေရကာ ခန္တီး-လဟယ် ရေအားလျှပ်စစ်မှ ဓာတ်အားရရှိပါက အလွယ်တကူ ချိတ်ဆက်အသုံးပြုနိုင်မည့် ဆင်သေကျေးရွာ ရွာသစ်ကုန်းအထကကျောင်းဝင်း မြေနေရာတွင် ဆိုလာဓာတ်အားပေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။ **ချန်လော(ခန္တီး)**

သင်္ကြန်တွင်း ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲ၊ တရားစခန်းပွဲကျင်းပမည်

နေပြည်တော် မတ် ၂၄

နေပြည်တော်ပျဉ်းမနားမြို့ ပန်းခင်းကွက်သစ် ဘုရားကြီးတောရကျောင်းတိုက် ရွှေပြည်အေး မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မပါလ က နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၂)ကြိမ်မြောက် စုပေါင်း ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲ၊ သတိပဋ္ဌာန်ဝိပဿနာ အလုပ်ပေးတရားစခန်း ပွဲကြီးကို (သင်္ကြန်အကြိုနေ့) ဧပြီ ၁၃ ရက်မှစ၍ ၂၂ ရက်အထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ကြမည့် ယောဂီများသည် ဖုန်း - ၀၆၇- ၂၃၀၄၃ နှင့် ၀၉-၂၅၀၀၀၁၃၇၀ တို့ကို ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

ကိုယ်အင်္ဂါမသန်စွမ်းသူများ သက်မွေးဝမ်းကျောင်းသင်တန်းများလျှောက်ထားနိုင်

ရန်ကုန် မတ် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများအတွက် အီလက်ထရွန်နစ် တစ်နှစ်သင်တန်းနှင့် သုံးလသင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို မေ ၁၃ ရက်မှ စတင်သင်ကြားပေးမည်ဖြစ်၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

တက်ရောက်လိုသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ ဖုန်း-၀၁ -၉၆၆၁၇၁၂၊ ၀၉-၂၅၀၁၃၀၃၄၂ နှင့် ၀၉-၄၂၀၀၀- ၃၅၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း၊ သင်တန်းကာလအတွင်း သင်တန်းသားများ၏ နေထိုင်စားသောက်စရိတ်၊ လစဉ်သင်ထောက်ကူပြုပစ္စည်းနှင့် ထောက်ပံ့ကြေးငွေ အိမ်ပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းမှ ကြေညာထားသည်။ **သတင်းစဉ်**

ကျေးရွာနေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး လူထုတွေ့ဆုံပွဲကျင်းပ

ပဲခူး မတ် ၂၄

ပဲခူးခရိုင် ဝေါမြို့နယ် အဘားကျေးရွာတွင် ယနေ့ နံနက် ၉ နာရီက ကျေးရွာနေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ လူထုတွေ့ဆုံပွဲ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကျေးရွာနေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး လူထုတွေ့ဆုံပွဲ၌ အမှာစကား ပြောကြားစဉ်။

ပူးပေါင်းဆောင်ရွက်ပေးကြရန်

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အောက်ခြေတွင် ပြီးပြတ်စေလိုသည်ကို အောက်ခြေထိ ဖြေရှင်းဆောင်ရွက်ပေးနေသည်မှာ ကျေးရွာနေပြည်သူများ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ကြောင်း၊ ကျေးရွာများတွင် ဖြစ်ပေါ်နေသော မြေယာကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် ကျေးရွာလိုအပ်ချက်များ ပေါင်းစပ် ဖြည့်ဆည်းပေးလိုကြောင်း ပြောကြားပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးအောင်ဇော်နိုင်က လယ်ယာမြေ စိုက်ပျိုးရေးလုပ်ငန်းများ လိုအပ်သည်များ ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်ရန်၊ ကျေးလက်နေပြည်သူများနှင့် အများဆုံး ထိတွေ့လိုသည်မှာ ပြည်သူလူထုအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အခြေခံအဆောက်အအုံများ တိုးတက်လာရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက်ရန်အတွက် နိုင်ငံသူ နိုင်ငံသားများ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း အမှာစကား ပြောကြားခဲ့သည်။

ဖြေရှင်းဆောင်ရွက်ပေး

ထို့နောက် ကျေးရွာများ၏လိုအပ်ချက်များအား တင်ပြကြရာ အဘားကျေးရွာမှ စားကျက်မြေပေါ်သို့ ကျူးကျော်နေသောကိစ္စများ ဖြေရှင်းပေးနိုင်ရန်၊ စိုက်ဧက ၄၀၀၀ ကျော်အတွက် ရေများ လိုအပ်နေကြောင်း၊ ကျေးလက်လမ်းတံတား ပြန်လည်ပြုပြင်ပေးစေလိုကြောင်း၊ ကရင်စုကျေးရွာတွင် သုသာန်မြေရရှိရေး၊ တနော်ကျွန်းကျေးရွာတွင် လျှပ်စစ်မီးရရှိရေး၊ တပ်သိမ်းမြေများအား ပြန်လည်ဆောင်ရွက်ပေးစေရေး၊ ပုဂံကျေးရွာ လျှပ်စစ်မီးလင်းရေး၊ ကျန်းမာရေးလိုအပ်ချက်များ ဆောင်ရွက်ပေးရေး၊ မြေနုကျွန်းကိစ္စများ ပြန်လည်စိစစ်ပေးရေး၊ စာသင်ကျောင်းများ အဆင့်မြှင့်တင်ပေးရေး၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်လာရေး အစရှိသည်များကို ကျေးရွာ ၁၇ ရွာမှ တင်ပြကြရာ ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာနေပြည်သူ ၂၀၀ ကျော်ခန့် တက်ရောက်ကြောင်း သိရသည်။

ဟိန်းထက်(ပဲခူး)

သုံးခွမြို့နယ် ညောင်နီကျေးရွာရှိ တိမ်ကောနေသော ဆင်ခေါင်းရိုးချောင်း တူးဖော်

သုံးခွ မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ညောင်နီကျေးရွာနှင့် ပုလဲကျေးရွာ ဆက်စပ်လယ်ယာမြေများ မိုးတွင်းကာလ၌ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခြင်းမှကာကွယ်နိုင်ရန်၊ ရေစီးရေလာကောင်းမွန်စေရန်ရည်ရွယ်၍ တိမ်ကောနေသော ညောင်နီကျေးရွာရှိ ဆင်ခေါင်းရိုးချောင်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆) ရန်ကုန်မြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ ဆင်ခေါင်းရိုးချောင်း အရှည်ပေ တစ်သောင်း၊ ထိပ်ဝအကျယ် ၁၈ ပေ၊ အောက်ခြေအကျယ် ရှစ်ပေ၊ အနက် ငါးပေကို စက်ယန္တရားဖြင့် ယနေ့ နံနက်က စတင်တူးဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မတ် ၂၄ ရက် မှ ၃၀ ရက်အထိ ကျင်းပမည့် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် မြားပစ်အသင်းမှ အုပ်ချုပ်သူ ဒေါ်စန်းယုထွေး (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန) နည်းပြများဖြစ်သည့် ရဲအုပ် မြတ်သူဇာမြင့်၊ ဦးအောင်သူရနှင့် အားကစားသမားများကို မတ် ၂၄ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မထွက်ခွာမီ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။ အေကေလင်း

ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာ ဘုန်းကြီးကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပစဉ်။

ပုဗ္ဗသီရိမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

ပုဗ္ဗသီရိ မတ် ၂၄

ကျေးလက်နှင့် မြို့ပြ ကွာခြားမှုမရှိစေရေးနှင့် ကျေးလက်နေပြည်သူများ လိုအပ်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များအား ပေါင်းစပ်ဖြည့်ဆည်းနိုင်ရေးတို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများပူးပေါင်းကာ “ကျေးလက်ဒေသဖွံ့ဖြိုးရေး” ပြည်သူ့စကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်က အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးဆောင်ဆွေးနွေးသူများဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းကို၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒေါက်တာမြင့်သိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်မင်းဆွေ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆုလဲ့မွန်တို့က မိမိတို့ဌာနအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ရေး၊ မွေးမြူရေးဆိုင်ရာကိစ္စရပ်များ၊ လယ်ယာမြေပုံစံ(၇)ရရှိရေး၊ သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များအပြင် ကျေးရွာအတွင်း လိုအပ်ချက်များကို ကဏ္ဍအလိုက် အသီးသီးဆွေးနွေးကြပြီး ကျေးရွာပြည်သူများက မိမိတို့သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အများအားဖြင့် သာယာခဲ့

နေပြည်တော် မတ် ၂၄

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **မိုး/ဇလ**

(၅၉)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနား နေပြည်တော်၌ ကျင်းပ

နေပြည်တော် မတ် ၂၄

(၅၉)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားကို မတ် ၂၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Royal ACE ဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် (၅၉) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိုးရွာသွန်းမှုများပြားခြင်း၊ မိုးခေါင်ခြင်း၊ မိုးနည်းပါးခြင်း ဖြစ်စဉ်များသည် ကမ္ဘာတစ်ဝန်းတွင် ပိုမိုများပြားစွာ ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ထို့ကြောင့် ကမ္ဘာ့လူသားများ၏ ကျန်းမာရေး၊ ဘဝနေထိုင်မှု၊ အစားအစာဖူလုံမှု၊ သောက်သုံးရေ၊ လူသားဘဝလုံခြုံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို အနည်းနှင့်အများ ထိခိုက်ခံစားရနိုင်ကြောင်း။

ဥတုရာသီသတ်မှတ်

ထို့ပြင် မိုးလေဝသအခြေအနေများသည် လအလိုက်၊ နှစ်အလိုက် စုပေါင်း၍ ဥတုရာသီ သတ်မှတ်ကြခြင်းဖြစ်ကြောင်း၊ နေ့စဉ်ဖြစ်ပေါ်နေသည့် မိုးလေဝသအခြေအနေများ ကောင်းမွန်မှသာလျှင် ဥတုရာသီများ ကောင်းမွန်နိုင်မည် ဖြစ်ပါကြောင်း၊ မိုးလေဝသဖြစ်စဉ်များမှတစ်ဆင့် ဖြစ်ပေါ်လာမည့် ရာသီဥတုအခြေအနေများကို ခန့်မှန်းခြင်းဖြစ်ပါကြောင်းနှင့် ကြိုတင်သတိပေးချက်များ အားကောင်းစေရန် မိုးလေဝသအခြေအနေများ စောင့်ကြည့်တိုင်းထွာရေးလုပ်ငန်းများ၏ ခေတ်မီဖွံ့ဖြိုးမှုသည် များစွာဆက်စပ်နေပါကြောင်း ပြောကြားသည်။

"မိမိတို့လူသားတွေရဲ့ အသက်ရှင်ရပ်တည်မှုဆိုသည်မှာ ရေ၊ လေ၊ နေ တို့အပေါ်မှာ မူတည်တယ်။ အဲဒီစွမ်းအင်တွေ ဖောက်ပြန်မယ်ဆိုရင် အသက်ရှင်ရပ်တည်နိုင်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် လူအပါအဝင် သက်ရှိသတ္တဝါ၊ တောတောင် ရာသီဥတုနဲ့ တည်မှီနေကြတာဖြစ်ပါတယ်။ ကမ္ဘာ့မိုးလေဝသတွင် နေ၊ လေ၊ မိုးလေဝသအခြေအနေနဲ့ ရာသီဥတုအခြေအနေတွေအားလုံး ဆက်နွှယ်အကျုံးဝင်နေပါတယ်။ ကမ္ဘာကြီးရဲ့ ရာသီဥတုအပေါ်မှာ လိုက်လျောညီထွေနေထိုင်မယ်ဆိုရင် ကျန်းမာရေးနဲ့ညီညွတ်မှာ ဖြစ်ပါတယ်။ သဘာဝရာသီဥတုတွေ လွန်ကဲစွာဖြစ်ပေါ်မှုဟာ တချို့အရာတွေက လူတွေဖန်တီးလို့ ပျက်စီးတဲ့ သဘာဝတရားတွေရှိသလို တချို့အရာတွေက သဘာဝက သူ့အလိုအလျောက် ဖောက်ပြန်ပျက်စီးလို့ ဖြစ်ပေါ်လာတာလည်းရှိပါတယ်။ သဘာဝရာသီဥတုက မိမိကြောင့် ပျက်စီးမသွားရအောင် ပြုမူနေထိုင်ကြဖို့ လိုအပ်ပါတယ်"ဟု ကမ္ဘာ့မိုးလေဝသနေ့ ဆောင်းပါးပြိုင်ပွဲ ပထမဆုရ မြမဥ္ဇူဝေ (ကျုံမငေး)က ပြောသည်။

အသိပေးကာကွယ်

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် သဘာဝဘေးကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကို အသိပေးကာကွယ်ရန်၊ နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ စဉ်ဆက်မပြတ်ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ စသည့်ကဏ္ဍများတွင်လည်း နိုင်ငံတော်၏ လိုအပ်ချက်များကို ထောက်ပံ့ကူညီပေးရန်အတွက် မိုးလေဝသ၊ ရာသီဥတုနှင့် မြစ်ရေတိုင်းထွာချက်များ၊ မိုးလေဝသ၊ ဇလဗေဒ၊ မြေလျှင်ဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးကူညီပေးရန်နှင့် နိုင်ငံအတွင်း၊ ဒေသအတွင်း၊ နိုင်ငံတကာနှင့်ပူးပေါင်း၍ မိုးလေဝသ၊ ဇလဗေဒ၊ မြေလျှင်နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့မိုးလေဝသနေ့ ယခင်နှစ် ဆောင်ပုဒ်သည် " Weather Ready, Climate Smart" ဖြစ်ပြီး ယခုနှစ် ဆောင်ပုဒ်သည်"The Sun, the Earth and the Weather "ဖြစ်ကြောင်း သိရသည်။

သတင်း-မောင်လူမော်
ဓာတ်ပုံ-ထိန်နန်နော်

ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ၏ ပန်းချီကားများကို လှည့်လည် ကြည့်ရှုစဉ်။

အနုပညာအထက်တန်းကျောင်း (ရန်ကုန်) အောင်လက်မှတ် အပ်နှင်းပွဲ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် စွမ်းရည်ပြတင်ဆက်ကပြပွဲကျင်းပ

ရန်ကုန် မတ် ၂၄

အနုပညာအထက်တန်းကျောင်း (ရန်ကုန်)၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် သင်တန်းဆင်းအောင်လက်မှတ် အပ်နှင်းပွဲ ၊ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် စွမ်းရည်ပြတင်ဆက်ကပြပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အနုပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ၏ ကျောင်းဆင်းလက်ရာမွန် ပန်းချီကားများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူ ၁၀ ဦး အား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

အောင်လက်မှတ်များ ပေးအပ်

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အနုပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံက ပန်တျာဌာန သင်တန်းဆင်းကျောင်းသားကျောင်းသူ ၂၆ ဦးအား သင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း၊ အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က ပန်းချီ ပန်းပု ဌာန သင်တန်းဆင်းကျောင်းသားကျောင်းသူရှစ်ဦးနှင့် ပန်းချီညနေ (အချိန်ပိုင်း) သင်တန်းဆင်း ကျောင်းသားကျောင်းသူခုနစ်ဦးအား လည်းကောင်း သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၏ သင်တန်းဆင်းစွမ်းရည်ပြတင်ဆက်ကပြပွဲနှင့်ဇာတ်တော်ကြီး ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး

တတိယအကြိမ်သင်ကြားသင်ယူမှု စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲနှင့် နှစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၄

ပညာရေးဝန်ကြီးဌာနသို့ ပြည်တော်တိုးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သော နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် အခြေခံပညာအထက်တန်း ကျောင်းခွဲ၊ အလက(၂) မိုးထိကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ အလက(၂) မိုးထိ နှစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းသိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုကြသည်။

အခွင့်အလမ်းများ တိုးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အမှာစကား ပြောကြားရာတွင် ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပညာရေးသင်ကြားသင်ယူမှုများကို အရှိန်အဟုန်နှင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေကြပြီး အပြိုင်အဆိုင်ရင်းနီးမြှုပ်နှံ ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံတကာနှင့် လိုက်လျောညီထွေရှိသည့် (KG+12) သူငယ်တန်း+ တစ်ဆယ့်နှစ်တန်း ပညာရေးစနစ်သို့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေပါကြောင်း၊ မည်သည့်ခွဲခြားမှုမျှ မရှိဘဲ၊ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ချန်မထားဘဲ၊ ပညာသင်ယူမှု အခွင့်အလမ်းများကို တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စာမေးပွဲရလဒ်ကောင်းရရှိရန် သင်ယူခြင်း မဟုတ်ဘဲ သင်ယူပြီးရင်း သင်ယူလာအောင် ဦးတည်သည့် သင်ကြားသင်ယူမှု စနစ်များဖြင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်နေပါကြောင်း၊ ကျောင်းသား ကျောင်းသူများကို အကျင့်စာရိတ္တကောင်းမွန်သော လူသားကောင်းများဖြစ်စေရေး၊ တရားမျှတမှုကို ချစ်မြတ်နိုးတတ်စေရေး၊ အမှိုက်ပစ်ခြင်းမှ အစပြုကာ စည်းကမ်းရှိရေး၊ မူးယစ်ဆေးဝါး၊ လောင်းကစားအန္တရာယ်များ ကင်းရှင်း၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်တတ်ရေးတို့အတွက် အားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းပြုစုပျိုးထောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဦးတင်မောင်ဝင်း (M.D, ILBC)က ပညာရေးဝန်ကြီးဌာနနှင့် ILBC တို့ ကြီးမှူးကျင်းပသော သင်ကြားသင်ယူမှု စွမ်းရည်မြှင့်သင်တန်း ဖွင့်လှစ်ခြင်းနှင့် Video Conferencing Device လှူဒါန်းမှုအတွက် ဝမ်းမြောက်စကားပြောကြားသည်။

ထို့နောက် ဦးစည်သူဖြိုးမြင့်(M.D, ပြည်တော်တိုးကုမ္ပဏီ)က ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်းအတွက် ဝမ်းမြောက်ပီတိစကား ပြောကြားသည်။

ယင်းနောက် ဦးတင်မောင်ဝင်း (M.D,ILBC)က Video Conferencing Device အား ပေးအပ်လှူဒါန်းရာ အထက(ခွဲ)၊ အလက-၂ မိုးထိကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီညွန့်က လက်ခံရယူသည်။

ဩဝါဒစကားမြွက်ကြား

ယင်းနောက် မန္တလေးဖောင်တော်ဦးကျောင်းတိုက်မှ ဆရာတော်ဦးနာယကက Video Conferencing Device ဖြင့် ဩဝါဒစကားမြွက်ကြားသည်။

ထို့နောက် RCC နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း အထိမ်းအမှတ်အလံများအား ပေးအပ်ကြသည်။

ဆက်လက်၍ အထက(ခွဲ)၊ အလက-၂ မိုးထိကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီညွန့်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြား၍ ပဉ္စမတန်း ကျောင်းသားကျောင်းသူများက "လောကအားမာန်" သီချင်းဖြင့် သရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနနှင့် ILBC တို့ ကြီးမှူးကျင်းပသည့် တတိယအကြိမ် သင်ကြားသင်ယူမှု စွမ်းရည်မြှင့်သင်တန်း တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများအား ဆွေးနွေးပို့ချကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကျောင်းသုံးစာအုပ်များ အချိန်မီ ပုံနှိပ်၊ ထုတ်လုပ်နိုင်ရေးနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကပုံနှိပ်တိုက်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၊ ပုဂ္ဂလိကပုံနှိပ်တိုက်များအား ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၄

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ပုဂ္ဂလိကပုံနှိပ်တိုက်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက တစ်နိုင်ငံလုံးအတွက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းသုံးစာအုပ်များ အချိန်မီ ပုံနှိပ်၊ ထုတ်လုပ်ပြီးစီးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးရန် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်အပတ်က မန္တလေးမြို့ရှိ ပုံနှိပ်စက်ရုံများကို သွားရောက်စစ်ဆေးရာ လုပ်ငန်းအတော်အသင့်ပြီးစီးနေသည်ကို တွေ့ရကြောင်း၊ ကျောင်းဖွင့်ချိန်အမီ အရည်အသွေးပြည့်မီသည့် ကျောင်းသုံးစာအုပ်များ ကျောင်းသားများ လက်ဝယ်ရောက်ရှိရန် အရေးကြီးပါကြောင်း၊ ယနေ့တွင် ရန်ကုန်မြို့ရှိ နိုင်ငံပိုင်ပုံနှိပ်စက်ရုံများနှင့် ပုဂ္ဂလိကပုံနှိပ်တိုက်များ၏ တိုးတက်မှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သိရှိလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ပုဂ္ဂလိကပုံနှိပ်တိုက်များမှ တာဝန်ရှိသူများက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ပိုမိုကောင်းမွန်အောင်ဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးက ပုံနှိပ်စက်ရုံများ၏ သဘာဝဘေးအန္တရာယ်၊ မီးဘေးအန္တရာယ်ကို အထူးသတိပြုကြရန်၊ ကျောင်းသုံးစာအုပ်များ၏ အရည်အသွေးပိုင်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရန်နှင့် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်ရာ၌ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကို ပူးပေါင်း၍ အားစိုက်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်(၁)ရှိ Royal ပုံနှိပ်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်ရှိ နှစ်သစ်ဦးပုံနှိပ်တိုက်နှင့် စိုးပုံနှိပ်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန် (၁) ရှိ 7 Day ပုံနှိပ်တိုက်၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ စက်မှုဇုန် (၁)ရှိ MPPA Binding၊ စတားအင်ပါယာပုံနှိပ်တိုက်နှင့် Intelligent Print Solutions Co., Ltd -IPS စက္ကူနှင့် ခရိုင်ပို့ဆောင်စာအုပ်သိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်ရှိ စိုးပုံနှိပ်တိုက်မှ ရိုက်နှိပ်ထားသည့် ကျောင်းသုံးစာအုပ်များကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံ၏အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမအကြိမ်စကားဝိုင်းဆွေးနွေး

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမအကြိမ် စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ရုံး၌ ကျင်းပသည်။

ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်

အဆိုပါဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားသည်။ ထိုသို့ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေးနှင့်စပ်လျဉ်း၍ စတော့ဈေးကွက်တွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ကြသော ဌာနအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအားလုံး၏ အကြံဉာဏ်ကို ရယူလို၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုအခါ ရန်ကုန်စတော့အိတ်ချိန်း စတင်တည်ထောင်ခဲ့သည်မှာ သုံးနှစ်တာကာလ ပြည့်ပြီဖြစ်ရာ စတော့အရောင်းအဝယ်များမှာ ပုံမှန်ရှိနေသော်လည်း ယခုထက် ဖွံ့ဖြိုးတိုးတက်သွက်လက်စေရန် လိုအပ်နေကြောင်း ပြောကြားသည်။

ထို့ပြင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်ပယ်စုံမှ လုပ်ငန်းကျွမ်းကျင်သူများ ပါဝင်သည့် စကားဝိုင်းဆွေးနွေးပွဲများကို ပုံမှန်ကျင်းပသွားလိုကြောင်း၊ ဈေးကွက်အတွင်း ပါဝင်သူများထံမှ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်သင့်သည့် အကြံဉာဏ်များကို မေးခွန်းလွှာများ မေးမြန်း၍ ကောက်ယူခြင်း၊ စာရင်းဝင် ကုမ္ပဏီများနှင့် ငွေချေးသက်သေခံလက်မှတ်များကို SECM နှင့် YSX မှ တာဝန်ရှိသူများ သွားရောက်တွေ့ဆုံပြီး လက်တွေ့ကြုံတွေ့နေရသည့် အခက်အခဲများကို မေးမြန်းခြင်း၊ အချိန်နှင့် တစ်ပြေးညီ အထက်အဆင့်ဆင့်သို့ တင်ပြခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝိုင်းဝန်းဆွေးနွေး

ထို့နောက် တက်ရောက်လာသူများက အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ စတော့ရှယ်ယာဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။ ရန်ကုန်စတော့အိတ်ချိန်းကို စတင်တည်ထောင်ခဲ့သည်မှာ သုံးနှစ်တာကာလရှိပြီဖြစ်ပြီး စာရင်းဝင်ကုမ္ပဏီငါးခု၏ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်းနှင့် စာရင်းဝင်ကုမ္ပဏီအသစ်များကိုလည်း ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် မတ် ၂၄

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ဖြူးမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၅၅ လက်မနှင့် မချမ်းဘောမြို့တွင် ၀ ဒသမ ၂၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

မြန်မာနိုင်ငံ၏ ပထမဦးဆုံး Premium Cinema ရုပ်ရှင်ရုံသစ် ရန်ကုန်မြို့၌ ဖွင့်လှစ်

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံရှိ ရုပ်ရှင်ချစ်မြတ်နိုးသူ ရုပ်ရှင်ကြည့်ပရိသတ်များအတွက် အဆင့်မြင့်ရုပ်ရှင်ရုံ Premium Cinema အတွေ့အကြုံကို ပထမဦးဆုံးပေးစွမ်းမည့် JCGV ၏ Premium Cinema ရုပ်ရှင်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ကျွန်းတောလမ်းရှိ Junction Square Shopping Centre Level-1 တွင် ကျင်းပသည်။

ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက JCGV Premium Cinema ရုပ်ရှင်ရုံအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

ပျော်ရွှင်စွာကြည့်ရှုခံစားနိုင်မည်

ယနေ့ဖွင့်လှစ်သည့် JCGV ၏ Premium Cinema တွင် ရုပ်ရှင်ကြည့်ရှုသူများအနေဖြင့် နိုင်ငံတကာအဆင့်မီ အရုပ်၊ အသံ အရည်အသွေးမြင့် ရုပ်ရှင်အတွေ့အကြုံကို အဆင့်မြင့်ဝန်ဆောင်မှုများဖြင့် ကျေနပ်ပျော်ရွှင်စွာ ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ Premium Cinema ရုပ်ရှင်ရုံတွင် မြန်မာရုပ်ရှင်ဇာတ်ကားနှင့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ ပြသသွားမည်ဖြစ်ပြီး ပွဲစဉ်များအနေဖြင့် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီခွဲအထိ တစ်နေ့လျှင် လေးပွဲ ပြသသွားမည်ဖြစ်သည်။ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် တစ်နေ့လျှင် ငါးပွဲ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Premium Cinema တွင် ထိုင်ခုံစုစုပေါင်း ၃၂ ခုံ ပါဝင်ပြီး Motorized Recliner Luxury Leather Seat များ တပ်ဆင်ထားကာ ရုပ်ရှင်ကြည့်ရှုနေစဉ် အထူးဝန်ဆောင်မှုများကို ရယူနိုင်ရန်အတွက် Call Button များ တပ်ဆင်ထားရှိသည်။ "JCGV က လာရောက်ကြည့်ရှုအားပေးတဲ့ ပရိသတ်တွေအတွက် facilities ပိုင်းရော၊ service ပိုင်းရော လက်မှတ်ဝယ်ယူရ လွယ်ကူစေဖို့အတွက်ပါ အမြဲ upgrade ဖြစ်အောင် ဆောင်ရွက်ပေးနေပါတယ်။ အခုဖွင့်လှစ်တဲ့ Premium Cinema အပြင် ၂၀၁၉ ခုနှစ်အတွင်းမှာ New Concept Cinema အသစ်ကို Junction City မှာ ထပ်မံဖွင့်လှစ်သွားမှာပါ။ ရန်ကုန်နဲ့နေပြည်တော်မှာလည်း ရုပ်ရှင်ရုံအသစ် နှစ်ခုကို ထပ်မံဖွင့်လှစ်ဖို့ ဆောင်ရွက်နေပါတယ်"ဟု JCGVမှ CEO ဒေါ်မိမိခိုင်က ပြောသည်။

JCGV အနေဖြင့် ၂၀၁၄ ခုနှစ်မှစတင်ကာ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မော်လမြိုင် စသည့်မြို့များတွင် Auromax Cinema, Starium အပါအဝင် ပိတ်ကားပေါင်း ၁၉ ခု ပါဝင်သော ရုပ်ရှင်ရုံပေါင်းခုနစ်ခုကို အောင်မြင်စွာဖွင့်လှစ်ပြသလျက်ရှိသည့်အပြင် နိုင်ငံတကာအဆင့်မီရုပ်ရှင်ရုံသစ်များကိုလည်း ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယနေ့ကျင်းပသည့် Premium Cinema ရုပ်ရှင်ရုံသစ်ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အမှာစကားပြောကြားပြီး JCGVမှ CEO ဒေါ်မိမိခိုင်က Premium Cinema ရုပ်ရှင်ရုံသစ်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ JCGVမှ CEO ဒေါ်မိမိခိုင်၊ CFO Ryu Seong Soo နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကာ Premium Cinema ရုပ်ရှင်ရုံသစ်တွင် ရုပ်ရှင်ဇာတ်ကား နမူနာပြသမှုကို ကြည့်ရှုကြသည်။

JCGV မှ ဖွင့်သောရုံများသည် ဈေးရောင်းစင်တာ အပါအဝင် အခြားလုပ်ငန်းများစွာနှင့် တွဲဖက်ထားသောကြောင့် ရုပ်ရှင်ကြည့်အပန်းဖြေနိုင်မှုအပါအဝင် အခြားဆက်စပ်လုပ်ငန်းများကိုလည်း တစ်နေရာတည်း ဆောင်ရွက်လာနိုင်ကြောင်း၊ ၂၀၀၉ ခုနှစ်က နေပြည်တော်တွင် ရုပ်ရှင်ရုံတစ်ရုံ စတင်ဖွင့်လှစ်ခဲ့ရာမှ ယခုရုပ်ရှင်ရုံပေါင်း ၂၀ ရုံမြောက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ နောင်ရုပ်ရှင်ရုံများလည်း ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲဆောင်ရွက်

မြန်မာ့ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှုမှာ ၂၀၁၄ ခုနှစ်တွင် ဇာတ်ကားကိုးကားသာ ထုတ်နိုင်ခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၃၂ ကား၊ ၂၀၁၆ ခုနှစ်တွင် ၉၈ ကား၊ ၂၀၁၇ ခုနှစ်တွင် ၁၅၈ ကားနှင့် ၂၀၁၈ ခုနှစ်တွင် ၁၃၃ ကားအထိ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။ အဆိုပါရုပ်ရှင်ဇာတ်ကားများကိုပြသရန် ရုပ်ရှင်ရုံများကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိပြီး ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုပ်ရှင်ရုံများတိုးချဲ့ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ညှိနှိုင်းပေါင်းစပ် စီမံဆောင်ရွက်ပေးလျက်ရှိရာ မြန်မာတစ်နိုင်ငံလုံး၌ ၂၀၁၃ ခုနှစ်တွင် ရုပ်ရှင်ရုံ ၁၉ ရုံ၊ ပိတ်ကား ၁၉ ခု ရှိခဲ့ရာမှ ယခုအခါ ရုပ်ရှင်ရုံ ၁၂၆ ရုံ၊ ပိတ်ကား ၁၄၇ ခုအထိ တိုးတက်ဖွင့်လှစ်လာနိုင်ခဲ့ကြောင်း သိရသည်။ **သတင်း-မင်းသစ်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ဂွ မတ် ၂၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဂွမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် ဂွမြို့နယ် ကိုင်းခုံကျေးရွာသို့ ရောက်ရှိကြပြီး ကိုင်းခုံကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

အခက်အခဲများဖြည့်ဆည်းပေးရန်

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုနှစ်တွင် ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံ၍ ဒေသအခြေအနေများ၊ လိုအပ်ချက်များ၊ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိဒေသ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ဦးစားပေးအလိုက် ပွင့်ပွင့်လင်းလင်း တင်ပြပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကိုင်းခုံကျေးရွာ ဘောလုံးကွင်း တည်ဆောက်ရေးအတွက် ငွေကျပ် ၁၅ သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပလင်မော်ကျေးရွာသို့ သွားရောက်၍ ပလင်မော်ကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က လက်ရှိအစိုးရ စတင်တာဝန်ယူသည့် အချိန်မှစ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း မိမိပြည်နယ်အတွင်း၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံချက်များရေးဆွဲ၍ ဒေသအလိုက်၊ ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒေသခံပြည်သူများက ဒေသတွင်း လိုအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားကြပြီး ကျင်းကြီးကျေးရွာ၌ တံတားတည်ဆောက်ရန် ငွေကျပ် ၁၀ သိန်းနှင့် ဂျိုင်ကြီးကျေးရွာ စာကြည့်တိုက်အတွက် ငွေကျပ်သုံးသိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမာကျွန်းသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပု ကိုင်းခုံကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသ၏ လိုအပ်ချက်များစွာအတွင်းမှ လတ်တလော ဆောင်ရွက်ပေးရမည့် ကဏ္ဍနှင့် ဖြည်းဖြည်းချင်း ဆောင်ရွက်ပေးရမည့် ကဏ္ဍများကို ဦးစားပေးအလိုက် အပြုသဘောဖြင့် ဆွေးနွေးပေးကြစေလိုပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်ကဏ္ဍအသီးသီးတွင် အကောင်းဆုံးဖြစ်စေရန် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသလိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လိုသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြပြီး ရမာရွာအဝင်လမ်းပေါ်ရှိ ရေနုတ်မြောင်းတံတားတစ်စင်း တည်ဆောက်ရန် ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းသည်။ **မျိုးသူထွန်း**

✽ *ကျောဖုံးမှ*

ဥချတာကို တွေ့မြင်ခဲ့ရတာ။ လိပ်စောင်းလျား (Leatherback Turtle) မျိုးစိတ်ဆိုရင် ပြီးခဲ့တဲ့ ရှစ်နှစ်လောက်က အမနှစ်ကောင်လောက် သဲသောင်ပြင်မှာ ဥချသွားတာတွေ့သေးတယ်။ အခုဆို မတွေ့တာ နှစ်အတော်ကြာနေပြီ။ နောက်ပြီး ၂၀၁၁ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ လိပ်ထိန်းသိမ်းစောင့်ရှောက်ရေးတွေလုပ်ခဲ့တုန်းကဆို လိပ်လျှောင်း၊ လိပ်ကြက်တူရွေး၊ ပြင်သာလိပ်၊ လိပ်ခွေး၊ အဲဒီလေးမျိုးစလုံး ဒီကမ်းခြေသဲသောင်ပြင်မှာ အမ ၂၁ ကောင်ကျော်ခန့် တက်ရောက်ဥချတာ မှတ်တမ်းယူခဲ့သေးတယ်။

ဒီတုန်းက မှတ်မှတ်ရရ ပြောရရင် အကောင်ပေါက် ၁၈၀၀ လောက် ပြန်လွှတ်ပေးနိုင်ခဲ့တယ်။ ဒီနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေ လုပ်ကိုင်မှု အားနည်းခဲ့တယ်။ ဒီနှစ် ပြီးခဲ့တဲ့ဇန်နဝါရီလကနေစပြီး အခုမတ်လ ၂၃ ရက်အထိပေါ့။ ပင်လယ်လိပ်လျှောင်းမျိုးစိတ်နဲ့ ပြင်သာလိပ်မျိုးစိတ် စုစုပေါင်း အမငါးကောင် တက်ရောက်ဥချတာ တွေ့ရှိမှတ်တမ်းတင် နိုင်ခဲ့တဲ့အပြင် ငါးဖမ်းပိုက်မှာ မမျှော်လင့်ဘဲ ဖမ်းမိလာတဲ့ ပင်လယ်လိပ်လျှောင်း မျိုးစိတ် အမသုံးကောင်နဲ့ အဖိုတစ်ကောင်၊ ပြင်သာလိပ်မျိုးစိတ် အမတစ်ကောင်ကိုလည်း မှတ်တမ်းရယူခဲ့ပြီး ပင်လယ်ထဲ ပြန်လွှတ်ပေးနိုင်ခဲ့တယ်။

အခုလို လိပ်မျိုးစိတ်တွေ တွေ့ရှိမှု လျော့နည်းလာတာကလည်း ပင်လယ်ရေလုပ်သားတွေ ဖမ်းဆီးစားသောက်တာရယ်၊ စည်းကမ်းမဲ့ ငါးဖမ်းပိုက်တွေကြောင့် တစ်စတစ်စနဲ့ လိပ်မျိုးစိတ်တွေ ဆုံးရှုံးသွားတာပါ။ ကြာလာရင် မျိုးသုဉ်းသွားလိမ့်မယ်။ ဒါကြောင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေ တစိုက်မတ်မတ် လုပ်ဆောင်နေရတာပါ" ဟု ကျိန္တလီဒေသ ကမ်းနီးငါးလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲရေးအသင်း အတွင်းရေးမှူး ဦးသန့်ဇင်ဦးက ပြောသည်။

စွမ်းစွမ်းတမံဆောင်ရွက်

အဆိုပါ မျိုးသုဉ်းနိုင်သည့် အနေအထားရှိနေသော လိပ်မျိုးစိတ်များအား မျိုးသုဉ်းမပျောက်ကွယ်ရန် ငါးလုပ်ငန်းဦးစီးဌာန ရခိုင်ကမ်းရိုးတန်းဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်း (RCA) ဒေသခံလိပ်ထိန်းသိမ်းရေးကော်မတီများ၊ လိပ်သားဖောက်ရာတွင်လည်း လိပ်မျိုးစိတ်ရှင်သန်ရေးအဖွဲ့ဝန်ထမ်းများ(TSA)နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) ဝန်ထမ်းများ ပူးပေါင်း၍ ယင်းဒေသများတွင် ယခုနှစ်ဇန်နဝါရီလမှာ စတင်ကာ ယနေ့အချိန်အထိ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

လိပ်များမျိုးသုဉ်းမပျောက်ကွယ်စေရန် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများကို တွေ့ရစဉ်။
ဓာတ်ပုံ-သားကြီး (ပုန်းညက်)

ရှားပါးပင်လယ်လိပ်မျိုးစိတ်များ

ကမ္ဘာပေါ်တွင် ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုး တွေ့ရှိရပြီး မြန်မာနိုင်ငံ ရခိုင်ကမ်းခြေဒေသ၌ လိပ်စောင်းလျား (Leatherback Turtle)၊ ပြင်သာလိပ် (Green Turtle)၊ လိပ်လျှောင်း(Olive Ridley Turtle)၊ လိပ်ကြက်တူရွေး (Hawksbill Turtle)၊ လိပ်ခွေး (Longgerhead Turtle) ဟူ၍ ပင်လယ်လိပ် မျိုးစိတ်ငါးမျိုး တွေ့ရှိနိုင်ကာ ယင်းရခိုင်ကမ်းခြေဒေသအနက် ကျိန္တလီမြို့ ပုန်းညက်ကျေးရွာတို့ရှိ ပင်လယ်ကမ်းခြေတစ်လျှောက် သဲသောင်ပြင်များတွင်လည်း အဆိုပါလိပ်မျိုးစိတ်များ တက်ရောက်ဥချမှု အများဆုံးတွေ့ရှိခဲ့ရကြောင်း ရှားပါးပင်လယ်လိပ်မျိုးစိတ်များ လေ့လာနေသော ပညာရှင်များ၏ ပြောပြချက်အရ သိရသည်။

ယခုအခါ ရှားပါးပင်လယ် လိပ်မျိုးစိတ်များ မျိုးသုဉ်းမပျောက်ကွယ်ရန် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို ကျိန္တလီဒေသ ကမ်းနီးရေလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲမှု ဇရိယာအဖြစ် ကမ်းခြေအရှည် ၂၄ မိုင် (ဧကအားဖြင့် ၁၇၉၂၀၀ ဧက) သတ်မှတ်ပြီး အဆိုပါသတ်မှတ်ဇရိယာအား ထိန်းသိမ်းရေးဇုန် သုံးဇုန်ပိုင်းခြား၍ ဆောင်ရွက်လျက်ရှိပြီး ပြီးခဲ့သည့် မတ် ၁၉ ရက်က ထိန်းသိမ်းရေး ဇုန်(၁) ပုန်းညက်ကမ်းခြေအပိုင်းတွင် ပင်လယ်လိပ်လျှောင်း မျိုးစိတ် သားပေါက်ကောင်ရေ ၉၇ ကောင်ကိုလည်း ပင်လယ်ထဲ ပြန်လွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ပိန်းဇလုပ်သိန်းညွန့်

သားဖောက်ရန် လိပ်ဥများ အသင့်ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-သားကြီး (ပုန်းညက်)

အများပိုင်ယာဉ်လိုင်း ကုမ္ပဏီ ယာဉ်မောင်းများအား မွမ်းမံရက်တို သင်တန်းဖွင့်သင်ကြား

ရန်ကုန် မတ် ၂၄

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် တပင်ရွှေထီးလမ်းရှိ ခေတ်သစ်ဘုရင့်နောင် အများနှင့်သက်ဆိုင်သော ယာဉ်လိုင်းကုမ္ပဏီလီမိတက်၏ သင်တန်းခန်းမတွင် ကုမ္ပဏီပိုင်ယာဉ်လိုင်းပေါင်း ၁၁ လိုင်းမှ ယာဉ်မောင်းများအား မတ် ၂၁ ရက်မှ ဧပြီ ၂ ရက်အထိ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပြည်သူ့နီတိ နိုင်ငံသားလုံခြုံမှုစွမ်းရည်ဆိုင်ရာ ရက်တိုအသိပညာပေးဟောပြောမှုသင်တန်းများ ဖွင့်လှစ်နေကြောင်း ယင်းအများပိုင်ယာဉ်လိုင်းကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ ဦးဇော်မင်းက မတ် ၂၃ ရက်တွင် ပြောသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲနေသော YBS ခရီးသည်တင်ယာဉ်လိုင်းများအနက် မိမိကုမ္ပဏီမှ ပြေးဆွဲနေသော ယာဉ်လိုင်းများရှိ ယာဉ်မောင်းများအားရက်တိုသင်တန်းအဖြစ် တစ်ရက်တာသင်တန်း တစ်ကြိမ်တွင် ယာဉ်မောင်း ၅၅ ဦး တက်ရောက်စေပြီးသင်တန်း ၁၀ ကြိမ် ၁၀ ရက်အတွင်း ယာဉ်မောင်း ၅၅၀ အားသင်တန်းပို့ချပေးသွားမည်ဖြစ်ရာ ပိုမိုကောင်းမွန်သော YBS ယာဉ်လိုင်းများဖြစ်လာပြီး အများပြည်သူ ယာဉ်စီးခရီးသည်များ စိတ်ချမ်းသာစွာ သွားလာနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန် တစ်ရက်တာရက်တိုသင်တန်းပေါင်း ၁၀ကြိမ် ဖွင့်လှစ်ပေးနေရခြင်းဖြစ်ကြောင်း ဦးဇော်မင်းက ပြောသည်။ **ခင်ဆိုင်**

သင်ရိုးညွှန်းတမ်းအသစ် ပြန်လည်ရေးဆွဲနေတဲ့နေရာမှာ မြန်မာစာဘာသာရပ်ကပေးနိုင်တဲ့ အသိပညာနဲ့ အတတ်ပညာတွေကို ကျောင်းသား ကျောင်းသူတွေရဲ့ လက်တွေ့ကျကျ အသုံးချနိုင်ဖို့ ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

ပါမောက္ခ(ဌာနမှူး) ဒေါက်တာ အောင်မြင့်ဦး

အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ အပိုင်း(၁)

အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးဆွဲဆောင်ရွက်ခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ အပိုင်း(၁)နှင့် (၂)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်း၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၊ ပါမောက္ခ (ဌာနမှူး) ဒေါက်တာအောင်မြင့်ဦး၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၊ ပါမောက္ခ (ဌာနမှူး) ဒေါက်တာပိုးပိုး၊ ရန်ကုန်တက္ကသိုလ် သင်္ချာဌာန၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာချိုဝင်း၊ အနုပညာ(ပန်းချီ) ဘာသာရပ်သင်ရိုးညွှန်းတမ်း ကော်မတီဥက္ကဋ္ဌ ဦးအောင်စည်သူလှိုင်နှင့် ကာယပညာဘာသာရပ် သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မြသက်တို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်။

အစီအစဉ်မှူး။ ။ အခြေခံပညာအဆင့်သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ရေးဆွဲခြင်းနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။

ဒေါက်တာဇော်လတ်ထွန်း ။ ။ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍနဲ့ပတ်သက်ပြီး ၂၀၁၃ ခုနှစ်မှာ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review – CESR)ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ ပညာရေးကဏ္ဍရဲ့နယ်ပယ်အသီးသီးအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေ၊ ဆရာ ဆရာမတွေနဲ့ Stakeholders တွေ အပါအဝင် တစ်နိုင်ငံလုံးက ပညာရေးကို စိတ်ပါဝင်စားသူတွေ ပါဝင်ခဲ့ပြီး လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

လေ့လာဆန်းစစ်ချက်တွေအရ လက်ရှိကျင့်သုံးနေတဲ့ အခြေခံပညာသင်ရိုးညွှန်းတမ်းတွေအတွက် အတန်းစဉ်အလိုက် ဘာသာရပ်သင်ကြားရခြင်းရဲ့ ရည်ရွယ်ချက်တွေ ချမှတ်ပေးဖို့ လိုအပ်ကြောင်း၊ ဘာသာရပ်ရည်ရွယ်ချက်တွေ ချမှတ်ရာမှာ သင်ယူသူကလေးများရဲ့ အသက်အရွယ်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုအလိုက် တိကျစွာချမှတ်ဖို့ လိုအပ်ကြောင်း၊ မူလတန်းအဆင့် စာသင်ချိန်(မိနစ် ၃၀-၃၅ မိနစ်) ဟာ ကလေးဗဟိုပြုသင်ကြားချိန် မလုံလောက်ကြောင်း၊ အထက်တန်းအဆင့်ပြီး မြောက်သွားချိန်မှာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ဝင်ရောက်လုပ်ကိုင်နိုင်ဖို့ ပြင်ဆင်ပေးမယ့် သင်ရိုးဝင်အကြောင်းအရာတွေ အားနည်းနေကြောင်း အပါအဝင်ပြုပြင်သင့်တဲ့ အချက်အလက်တွေကို တွေ့ရှိခဲ့ရပါတယ်။

ဒါကြောင့် အခြေခံပညာအဆင့်အတန်းမြင့်မားရေးနဲ့ အရည်အသွေးမြင့်မားတဲ့ သင်ရိုးညွှန်းတမ်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုလာတာကြောင့် သင်ရိုးညွှန်းတမ်းတွေကိုပြင်ဆင်ရေးဆွဲဖို့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ ပြင်ဆင်ရေးဆွဲနေတဲ့ သင်ရိုးညွှန်းတမ်းတွေနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကိုလည်း ပြောပြပေးပါဦး။

ဒေါက်တာဇော်လတ်ထွန်း ။ ။ သင်ရိုးညွှန်းတမ်းတွေကို ပြင်ဆင်ရေးဆွဲရာမှာ အမျိုးသားပညာရေးဥပဒေ(၂၀၁၄) ရဲ့ အခန်း(၅) ပုဒ်မ ၁၆ (က)ပါ "အခြေခံပညာရေးကို သူငယ်တန်းပညာရေးပြီး နောက်ပညာသင်နှစ် စုစုပေါင်းကာလ ၁၂ နှစ်သို့ ဦးတည်ဆောင်ရွက်သွားရန်"ဆိုတဲ့ ပြဋ္ဌာန်းချက်အရ KG+12 လို့ခေါ်တဲ့ သူငယ်တန်းပညာရေးပြီးတဲ့နောက် ပညာသင်နှစ် စုစုပေါင်း ၁၂ နှစ်ရှိတဲ့ အခြေခံပညာရေးစနစ်ကို ပြောင်းလဲဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ KG+12 ပညာရေးစနစ်ကို ပြောင်းလဲလိုက်ရတဲ့ အဓိကအကြောင်းရင်းတွေကိုလည်းသိပါရစေ။

ဒေါက်တာဇော်လတ်ထွန်း။ ။ အားလုံးသိကြတဲ့အတိုင်း လက်ရှိပညာရေး စနစ်ဟာ Rote Learning လို့ ခေါ်တဲ့ အလွတ်ကျက်မှတ်မှုအပေါ်မှာ အားသာပြီး Memorization လို့ ခေါ်တဲ့ မှတ်မိခြင်းကိုသာ အလေးပေးနေတဲ့ ပုံစံမျိုးဖြစ်နေပါတယ်။ ဒါကြောင့် သင်ရိုးဝင်အကြောင်းအရာသစ်တွေ၊ ပိုမိုကောင်းမွန်တဲ့သင်ကြားနည်းနဲ့ စစ်ဆေးအကဲဖြတ်နည်းတွေပါဝင်ဖို့၊ (၂၁)ရာစု ကျွမ်းကျင်မှုတွေ၊ ဗလငါးတန်ဖွံ့ဖြိုးမှုတွေရရှိဖို့နဲ့ အလယ်တန်းနဲ့ အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုတွေကို အဓိကအလေးပေးထားတဲ့ သင်ရိုးညွှန်းတမ်းအဖြစ် ပြင်ဆင်ရေးဆွဲခဲ့ရခြင်းဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးဆွဲတဲ့နေရာမှာ ဘာသာရပ်များအလိုက် ပါဝင်ဆောင်ရွက်နေပုံကိုလည်း ပြောပြပေးစေလိုပါတယ်။

ဒေါက်တာအောင်မြင့်ဦး။ ။ မြန်မာစာဘာသာရပ်ဟာ အသိပညာရော အတတ်ပညာကိုပါ ပေးစွမ်းနိုင်တဲ့ ဘာသာရပ်ဖြစ်ပါတယ်။ အခုပညာရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်နဲ့ သင်ရိုးညွှန်းတမ်း အသစ်ပြန်လည်ရေးဆွဲနေတဲ့နေရာမှာ မြန်မာစာဘာသာရပ်က ပေးနိုင်တဲ့ အသိပညာနဲ့ အတတ်ပညာတွေကို ကျောင်းသားကျောင်းသူတွေရဲ့ဘဝတစ်လျှောက်လုံးမှာ လက်တွေ့ကျကျ အသုံးချနိုင်ဖို့အတွက် ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ မြန်မာစာ ဘာသာရပ် ပေးစွမ်းနိုင်မယ့် အသိပညာ အတတ်ပညာတွေကို ရှင်းပြပေးပါဦး။

> **"ခေတ်နဲ့လျော်ညီစွာ နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံမှုတွေ၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ များလာတယ်။ ဒါကြောင့် အရေးအဖတ်နဲ့တင် မလုံလောက်တော့ပါဘူး။ လက်တွေ့ဘဝမှာ တကယ်အသုံးချနိုင်မယ့် ဘာသာရပ်တစ်ခုဖြစ်လာအောင် သင်ကြားပေးဖို့လိုပါတယ်။ ဒီလိုရည်ရွယ်ချက်နဲ့ သင်ရိုးညွှန်းတမ်းတွေကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်တာဖြစ်"**

ဒေါက်တာအောင်မြင့်ဦး။ ။ မြန်မာစာဘာသာရပ်မှာ မြန်မာဘာသာစကား၊ မြန်မာစာအရေးအသားနဲ့ မြန်မာ့စာပေအမွေအနှစ်ဖြစ်တဲ့ မြန်မာစာပေတွေကို အဓိကထားပြီး လေ့ကျင့်သင်ကြားပေးပါတယ်။ ဘာသာစကားနဲ့ စာအရေးအသားတတ်မြောက်ခြင်းဟာ အတတ်ပညာပါပဲ။ မြန်မာနိုင်ငံမှာမြန်မာစာ မြန်မာစကားက အများသုံးစာပေ ဘာသာစကားဖြစ်တဲ့အတွက် မြန်မာပြည်သူတစ်ရပ်လုံး မြန်မာစာအရေးအသား ကျွမ်းကျင်တတ်မြောက်ဖို့လိုအပ်ပါတယ်။ စာပေဆိုတာကတော့ ကိုယ့်ရဲ့စိတ်နှလုံးကို ပြုပြင်ပြောင်းလဲပေးနိုင်တဲ့ ဘာသာစကားအရည်အသွေးတွေရှိပါတယ်။ ဒါကြောင့် သင်ကြားခြင်းအားဖြင့် စာပေကရတဲ့ ရသနဲ့အသိအမြင်ခံစားမှုတွေဟာ လူငယ်လူရွယ်တွေကို နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ဖို့ လေ့ကျင့်ပေးနိုင်တဲ့အတွက် ဒီလိုအရည်အသွေးတွေ ရရှိနိုင်ဖို့ မြန်မာစာပေကနေ သင်ကြားပေးနိုင်ပါတယ်။ အဲဒီလို ရည်ရွယ်ချက်တွေ ဖြစ်မြောက်အောင် ပြုပြင်ပြောင်းလဲတဲ့အခါမှာ ဒီလိုကဏ္ဍတွေကို ဦးစားပေးပြီး ပြုပြင်ရေးဆွဲဖို့စီစဉ် ဆောင်ရွက်နေပါတယ်။

အစီအစဉ်မှူး။ ။ အင်္ဂလိပ်စာကဏ္ဍနဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။

ဒေါက်တာပိုးပိုး။ ။ သင်ရိုး အဟောင်းကနေ သင်ရိုးအသစ်ကို ပြောင်းလဲလိုက်တဲ့အခါမှာ အပိုင်း သုံးပိုင်းခွဲပြီး ပြောပြချင်ပါတယ်။ ပထမတစ်ပိုင်းကတော့ အင်္ဂလိပ်စာသင်ကြားတဲ့ ရည်ရွယ်ချက်ပြောင်းလဲသွားဖို့ရယ် ပြောင်းလဲတဲ့အတွက်ကြောင့် သင်ကြားသင်ယူမှုနည်းလမ်းတွေ ပြောင်းသွားတယ်။ အဲဒီအတွက်ကြောင့် သင်ခန်းစာရေးတဲ့အခါမှာလည်း ပြောင်းလဲသွားတယ်။ ပထမအနေနဲ့ ပြောချင်တာကတော့ ရည်ရွယ်ချက်နဲ့ပတ်သက်ပြီး ပြောင်းလဲသွားတယ်ဆိုတာက ယခင်သင်ရိုးဟောင်းမှာဆိုရင် အင်္ဂလိပ်စာသင်ကြားရတဲ့ ရည်ရွယ်ချက်က အင်္ဂလိပ်ဘာသာနဲ့ရေးထားတဲ့ စာအုပ်စာတမ်းတွေကို ဖတ်တတ်ဖို့၊ ကိုးကားစာအုပ်တွေကို ဖတ်တတ်ပြီး ပြန်လည်ရေးသားနိုင်ဖို့ အဓိကထားပြီး သင်ကြားတာဖြစ်ပါတယ်။ အခုခေတ်မှာတော့ ခေတ်နဲ့လျော်ညီစွာ နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံမှုတွေ၊ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်မှုတွေ များလာတယ်။ ဒါကြောင့် အရေးအဖတ်နဲ့တင် မလုံလောက်တော့ပါဘူး။ လက်တွေ့ဘဝမှာ တကယ်အသုံးချနိုင်မယ့် ဘာသာရပ်တစ်ခုဖြစ်လာအောင် သင်ကြားပေးဖို့လိုပါတယ်။ ဒီလိုရည်ရွယ်ချက်နဲ့ သင်ရိုးညွှန်းတမ်းတွေကို ပြုပြင်ပြောင်းလဲမှု ပြုလုပ်တာဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ သင်ရိုးသစ်နဲ့ သင်ရိုးဟောင်း ကွာခြားချက်တွေကိုလည်း ပြောပြပေးပါဦး။

ဒေါက်တာပိုးပိုး။ ။ အဲဒီလို ပြောင်းလဲတဲ့အတွက်ကြောင့် သင်ကြားသင်ယူမှု နည်းလမ်းတွေဟာလည်း ပြောင်းလဲသွားတယ်။ အရေးအဖတ်တင်မက အကြားစွမ်းရည်နဲ့ အပြောစွမ်းရည် စတဲ့စွမ်းရည်လေးရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် သင်ကြားပေးဖို့ လိုအပ်လာတယ်။ ဒါကြောင့် သင်ခန်းစာတွေထဲမှာ စွမ်းရည်လေးမျိုးလုံးကို ထည့်သွင်းသင်ကြားပေးမှာ ဖြစ်ပါတယ်။ ဖတ်စာအုပ်တွေရေးသားတဲ့အခါမှာ ကျောင်းသူကျောင်းသားတွေအဆင့်နဲ့ ကိုက်ညီတဲ့သင်ခန်းစာတွေကို ထည့်သွင်းပြီးတော့ သင်ကြားပေးဖို့လိုလာပါတယ်။ ယခင်သင်ရိုးဟောင်းမှာလည်း ဒါတွေ သင်ကြားခဲ့ပါတယ်။ အခု သင်ရိုးသစ်မှာတော့ ခေတ်နဲ့ပိုပြီး လျော်ညီအောင်၊ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ သင်ရိုးတွေနဲ့ ကိုက်ညီအောင်ပြုပြင်ပြောင်းလဲပြီး သင်ကြားပေးတာဖြစ်ပါတယ်။ ဒါကြောင့် သင်ခန်းစာမှာလည်း ပြောင်းလဲမှုတွေရှိပါတယ်။

အစီအစဉ်မှူး။ ။ သင်္ချာဘာသာရပ်နဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။

ဒေါက်တာချိုဝင်း။ ။ အခြေခံပညာအဆင့်မှာ သင်္ချာဘာသာရပ်ကို သင်ကြားပေးရခြင်းရဲ့ ရည်ရွယ်ချက်တွေကတော့ သင်္ချာပညာဆိုင်ရာ အခြေခံအသိများနဲ့ကျွမ်းကျင်မှုများ ရရှိရန်၊ ပြဿနာဖြေရှင်းရာမှာ အကြောင်းအကျိုး ဆက်စပ်စဉ်းစားတတ်ရန်၊ ကျောင်းသားများရဲ့ နေ့စဉ်ဘဝပြဿနာများနဲ့ သင်ယူမှုများမှာ သင်္ချာဆိုင်ရာ အသိနဲ့ကျွမ်းကျင်မှုများကို အသုံးချတတ်ရန်နဲ့ သင်္ချာသဘောတရား၊ အသိတရားတွေကို သဘောကျနှစ်ခြိုက်လာရန်တို့ပဲ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်တွေ ပြည့်စုံအောင် မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်း အဆင့်ဆင့်မှာ ကျောင်းသားကျောင်းသူများရဲ့ အသက်အရွယ်နဲ့ လျော်ညီတဲ့ သင်ရိုးညွှန်းတမ်းများကို ပြုပြင်ဆောင်ရွက်နေတာဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ အခုပြုပြင်ရေးဆွဲနေတဲ့ သင်ရိုးမှာ ပညာရပ်ဆိုင်ရာဘာသာရပ်တွေအပြင် အရင်က ဖွံ့ဖြိုးမှုဘာသာရပ်လို့ခေါ်တဲ့ ဘာသာရပ်တွေကိုလည်း ထည့်သွင်းထားတယ်လို့ သိရပါတယ်။ အဲဒီအကြောင်းကိုလည်း ရှင်းပြပေးစေလိုပါတယ်။

ဒေါ်ခင်မြသက်။ ။ ယခင်သင်ရိုးမှာတော့ ကာယပညာဘာသာရပ်အပါအဝင် ဖွံ့ဖြိုးမှုဆိုင်ရာ ဘာသာရပ်တွေကို တွဲဖက်သင်ရိုးဝင်ဘာသာရပ်များအဖြစ် သတ်မှတ်ခဲ့ပါတယ်။ အခုပြုပြင်ပြောင်းလဲတဲ့ သင်ရိုးသစ်မှာတော့ သင်ရိုးဝင်ဘာသာရပ်များအဖြစ် ဆောင်ရွက်ထားပါတယ်။ အခြေခံပညာကျောင်းတွေမှာ ကာယပညာဘာသာရပ်ကို သင်ကြားပေးရခြင်းရဲ့ ရည်ရွယ်ချက်တွေကတော့ ကိုယ်ကာယလှုပ်ရှားမှုများကို ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပျော်ရွှင်ပြီး မိမိကိုယ်ကိုယုံကြည်မှုရရှိစေဖို့၊ ကျန်းမာကြံ့ခိုင်ရေးနဲ့ပတ်သက်တဲ့ အခြေခံကာယလှုပ်ရှားမှုများကို ကျွမ်းကျင်တတ်မြောက်ပြီး နေ့စဉ်ဘဝမှာ အသုံးချနိုင်ဖို့၊ ကိုယ်ကာယလှုပ်ရှားမှုဆိုင်ရာ အခြေခံဗဟုသုတတွေကို သိရှိနားလည်ပြီး ကာယလှုပ်ရှားမှုများဆောင်ရွက်ရာမှာ၊ ကြုံတွေ့နိုင်တဲ့ပြဿနာများ ဖြေရှင်းရာမှာ အသုံးချနိုင်ဖို့နဲ့ ကိုယ်ကာယလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အများနဲ့ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ တစ်ဦးနဲ့တစ်ဦး လေးစားတန်ဖိုးထားတတ်ခြင်း စတဲ့စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်လာစေဖို့ စတာတွေပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းအားဖြင့် ကျောင်းသားကျောင်းသူများ ပို၍ကျန်းမာကြံ့ခိုင်လာပြီး အခြေခံပညာ သင်ကြားမှုမှာလည်း အထောက်အကူဖြစ်လာနိုင်မှာဖြစ်ပါတယ်။

အစီအစဉ်မှူး ။ ။ အနုပညာ (ပန်းချီ) ဘာသာရပ်နဲ့ ပတ်သက်ပြီးလည်း သိပါရစေ။

ဦးအောင်စည်သူလှိုင်။ ။ အနုပညာဘာသာရပ်တွေကို အခြေခံပညာကျောင်းတွေမှာ ၁၉၆၃ ခုနှစ်အထိ ကျောင်းသင်ပန်းချီဆရာဆိုပြီး ခန့်အပ်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ် နောက်ပိုင်းမှာ တွဲဖက်သင်ရိုးဝင်အနေနဲ့ပဲ သင်ခဲ့ပါတယ်။ သင်ခဲ့တဲ့ဆရာတွေနဲ့ သင်ထောက်ကူပစ္စည်း မလုံလောက်တဲ့အတွက် ထိထိရောက်ရောက် မသင်နိုင်ခဲ့ပါဘူး။ အဲဒီအတောအတွင်း အနုပညာနဲ့ ပတ်သက်တဲ့ ဆရာလမ်းညွှန်စာအုပ်ကို ပြုစုခဲ့ပေမယ့် ကျောင်းတွေမှာ အမှန်တကယ်အသုံးချနိုင်သလား၊ တတ်မြောက်အောင် သင်ကြားနိုင်သလားဆိုတဲ့ အခြေအနေကိုတော့ ထိရောက်တဲ့စစ်ဆေးရေး အကဲဖြတ်မှုလည်း မလုပ်နိုင်ခဲ့ပါဘူး။

အနုပညာဘာသာရပ်တွေကို သင်ရတဲ့ ရည်ရွယ်ချက်က ကျောင်းသူ ကျောင်းသားတွေရဲ့ မှတ်ဉာဏ်တွေ၊ စိတ်ကူးဉာဏ်တွေ၊ တီထွင်ဖန်တီးလိုတဲ့စိတ်တွေကို မြှင့်တင်ပေးနိုင်တယ်။ ကိုယ့်ကိုယ်ကိုယ်အားကိုးလိုတဲ့ စိတ်တွေ၊ အလှအပကိုမြတ်နိုးပြီးတော့ ဖျက်ဆီးလိုတဲ့စိတ်တွေ လျော့နည်းစေပါတယ်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွေရဲ့ဆောင်ပုဒ်ဖြစ်တဲ့ စိတ္တံ နွံ့သုခါဝဟံ" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ စိတ်ကိုယဉ်ကျေးအောင်ပြုခြင်းဟာ ချမ်းသာခြင်းကို ဆောင်ပါတယ်။ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းကို တည်ဆောက်တဲ့နေရာမှာ အနုပညာဘာသာရပ်တွေက တစ်ဖက်တစ်လမ်းက အထောက်အကူပြုပါတယ်။ လက်ရှိအခုအခြေခံပညာရေး ပြုပြင်ပြောင်းလဲတဲ့နေရာမှာ အနုပညာဘာသာရပ်တွေကို သင်ရိုးဝင်ဘာသာရပ်အနေနဲ့ သတ်မှတ်သင်ကြားတာဟာ အလွန်ကောင်းမွန်တဲ့ လုပ်ဆောင်မှုဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ KG+12 ပညာရေးစနစ်မှာပါဝင်တဲ့ အဆင့်အလိုက် ဖွဲ့စည်းပုံကိုလည်း ရှင်းပြပေးပါဦး။

ဒေါက်တာဇော်လတ်ထွန်း ။ ။ KG+12 ပညာရေးစနစ်မှာ မူလတန်းအဆင့် အတန်း ၅တန်း၊ အလယ်တန်းအဆင့်မှာ အတန်း ၄ တန်းနဲ့ အထက်တန်းအဆင့်မှာ အတန်း ၃ တန်းနဲ့ ဖွဲ့စည်းထားပါတယ်။ ဒါကြောင့် KG+(5+4+3)လို့ ပြောနိုင်ပါတယ်။ မူလစနစ်နဲ့ ကွာခြားတာက KG+12 ပညာရေးစနစ်မှာ KG လို့ခေါ်တဲ့ သူငယ်တန်းက နိုင်ငံတကာမှာလိုပဲ KG တန်း စစ်စစ်ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်အားကိုးတတ်သူတွေဖြစ်လာဖို့၊ အာဟာရပြည့်ဝပြီး ကျန်းမာပျော်ရွှင်သူတွေဖြစ်လာဖို့၊ စာရေး စာဖတ်ခြင်းနဲ့ သင်္ချာအပါအဝင် အသိပညာတွေ ပြည့်ဝလာစေဖို့နဲ့ ဒါတွေကို စိတ်အားထက်သန်စွာ လေ့လာသင်ယူသူတွေ ဖြစ်လာဖို့ ရည်ရွယ်ပြီး သင်ယူမှုနယ်ပယ် ခြောက်ခုနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅နှစ်အောက် အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီက ဒဂုံမြို့သစ်မြောက်ပိုင်းအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးပြိုင်ပွဲတွင်အရှေ့ပိုင်းခရိုင်အသင်းက အနောက်ပိုင်းခရိုင်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် အနောက်ပိုင်းခရိုင်က အရှေ့ပိုင်းခရိုင်ကို သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။ ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲတွင် ပထမ အရှေ့ပိုင်းခရိုင်အသင်း၊ ဒုတိယ အနောက်ပိုင်းခရိုင်အသင်းက လည်းကောင်း၊ အမျိုးသားတွင် ပထမအနောက်ပိုင်းအရိုင်အသင်း၊ ဒုတိယအရှေ့ပိုင်းခရိုင်အသင်းနှင့် အကောင်းဆုံးအားကစားသမားဆုရ အမျိုးသား အမျိုးသမီးတို့အား တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ထို့နောက် တံခွန်စိုက်ဆုဖလားရရှိသွားသော အရှေ့ပိုင်းခရိုင် အမျိုးသမီးအသင်းနှင့် အနောက်ပိုင်းခရိုင် အမျိုးသားအသင်းတို့အား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဆုချီးမြှင့်ခဲ့သည်။ ယင်းပြိုင်ပွဲကို ခရိုင်လေးခရိုင်တို့က ပတ်လည်စနစ်ဖြင့် မတ် ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-အာကာစိုး

တိုင်းဒေသကြီးဝန်ကြီး ဦးနိုင်ငံလင်းက အနောက်ပိုင်းခရိုင် အမျိုးသား အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အိုလံပစ်ခြေစစ်ပွဲအတွက် မန္တလေးမြို့၌ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည်

ရန်ကုန် မတ် ၂၄

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဧပြီလဆန်းတွင် ယှဉ်ပြိုင်ရမည့် အိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့်ခြေစစ်ပွဲအတွက် မန္တလေးမြို့၌ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲအဖြစ် အာဆီယံထိပ်သီး ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် နှစ်ပွဲယှဉ်ပြိုင်ကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲ ရှုံးနိမ့်ခဲ့သည်။ ယင်းခြေစမ်းပွဲကို မတ် ၂၀၊ ၂၃ ရက်တွင် မန္တလေးမြို့၌ ကျင်းပခဲ့ပြီး မြန်မာအသင်းသည် ပထမပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲမတိုင်မီ တစ်ပတ်ကျော်ကာလအတွင်း ခြေစမ်းပွဲမှ လိုအပ်ချက်၊ အားနည်းချက်များကို ပြန်လည်ပြင်ဆင်မည်ဖြစ်ပြီး မန္တလေးမြို့အခြေစိုက် လူငယ်အမျိုးသားအသင်းများနှင့် ခြေစမ်းပွဲကစားကာ အပြီးသတ်လူရွေးချယ်မည်ဖြစ်သည်။

အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိန္ဒိယ၊ အင်ဒိုနီးရှား၊ နီပေါတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ မြန်မာအသင်းသည် ဒုတိယအဆင့်ကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး မန္တလာသီရိကွင်း၌ လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲအတွက် ဒီဇင်ဘာလကတည်းက ပြင်ဆင်ခဲ့ပြီး အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရာတွင်လည်း ချန်ပီယံဆုရခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **နည်းပြချုပ်** - ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**- ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ** -ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် **ဂိုးသမား** - ဇာဇာမြင့်၊ မေဇင်နွယ်၊ မေသဇင်ထွန်း၊ **နောက်တန်း**- ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဇင်ဇင်နိုင်၊ **အလယ်တန်း**- ရှုပါခိုင်၊ ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း၊ သန္တာဦး၊ သင်းသင်းယု၊ လဲ့လဲ့လှိုင်၊ နုနု၊ ခင်မိုးဝေ၊ ခင်မာလာထွန်း၊ **ရှေ့တန်း** - ရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ လှယဉ်ဝင်း၊ ဂျူလိုင်ကျော်တို့ ပါဝင်ကြသည်။

ညီမြတ်သော်တာ

မြန်မာအမျိုးသမီးအသင်း တောင်ပံကစားသမား ခင်မိုးဝေ

ဓာတ်ပုံ-စိုးညွန့်

သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများ (ဝတ်စုံပြည့်) စုပေါင်းလေ့ကျင့်ခြင်းကို ၂၅-၃-၂၀၁၉ ရက်နေ့နှင့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားအား ၂၇-၃-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်များတွင် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်း လမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် ၀၀း၀၅ အချိန်မှ ၁၀း၀၀ အချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်မည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း(မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ်၊ ပန်းခင်းလမ်းမီးပွိုင့်-ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ကျောဖုံးမှ

တိုက်စစ်ကစားပုံမှာ တီမောနှင့်ပွဲလောက်ကောင်းမွန်မှုမရှိသောကြောင့် ဂိုးထပ်ရရန် ရုန်းကန်ခဲ့ရသည်။ ၁၈ မိနစ်တွင် မကာအိုနောက်ခံလူ ပယ်နယ်တီဧရိယာအတွင်း လက်ထိခဲ့၍ မြန်မာအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး ဝင်းနိုင်ထွန်းက အမှားအယွင်းမရှိ ကန်သွင်းခဲ့သောကြောင့် ဒုတိယဂိုး ထပ်ရခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ဂိုးထပ်ရရန် ကြိုးပမ်းသော်လည်း မကာအိုနောက်တန်းကို ခက်ခက်ခဲခဲ ထိုးဖောက်နေရသလို အဆုံးသတ် အားနည်းမှုကြောင့် မိနစ် ၇၀ ကျော်မှ တတိယဂိုးရခဲ့သည်။ ယင်းဂိုးကို ဝင်းနိုင်ထွန်းက တစ်ကိုယ်တော်အစွမ်းဖြင့် ၇၁ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် စတုတ္ထဂိုးကို ၈၅ မိနစ်တွင် လွင်မိုးအောင်က ပြစ်ဒဏ်ဘောမှ တိုက်ရိုက်ကန်သွင်းခဲ့သည်။

ပထမပွဲတွင် ဂျပန်အသင်းက တီမောအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဂျပန်အသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာသွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ငါးဂိုးသွင်းယူခဲ့သောကြောင့် ဂိုးပြတ်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် မြန်မာနှင့် ဂျပန်အသင်းက ခြောက်မှတ်စီရထားပြီး တီမောနှင့် မကာအိုအသင်းမှာမူ နှစ်ပွဲစလုံး ရှုံးထားသောကြောင့် အမှတ်မရသေးပေ။ ဂိုးကွာခြားချက်တွင်မူ ဂျပန်အသင်းက အသာရထားသောကြောင့် အုပ်စုပထမနေရာတွင် ရပ်တည်နေသည်။ အုပ်စုနောက်ဆုံးပွဲကို မတ် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

ကျောဖုံးမှ

ကျွန်တော်တို့ထက် မနိမ့်ပါဘူး။ အင်ဒိုနီးရှားအသင်းနဲ့ပွဲမှာ ရလဒ်ကောင်းအောင်ကြိုးစားမှာဖြစ်သလို မကစားရသေးတဲ့သူတွေကိုလည်း အခွင့်အရေးပေးဖို့ လိုပါတယ်။ အကောင်းဆုံးယှဉ်ပြိုင်မှာပါ”ဟု ပြောကြားသည်။

အင်ဒိုနီးရှားလက်ရွေးစင် အသင်းနည်းပြချုပ် ဆိုင်မွန်က “ကျွန်တော်တို့အသင်းက ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေတဲ့အသင်းဖြစ်ပြီး ဒီအသင်းကို ကိုင်တွယ်တာ မကြာသေးတာကြောင့် သေချာပြင်ဆင်နေပါတယ်။ အကောင်းဆုံးကြိုးစားယှဉ်ပြိုင်မှာပါ။ ပွဲကောင်းတစ်ပွဲဖြစ်လာမယ်လို့ ယုံကြည်ပါတယ်”ဟု ပြောကြားခဲ့သည်။

သတင်း-ညီမြတ်သော်တာ

နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

ယူရို ၂၀၂၀ ခြေစစ်ပွဲ စပိန်နှင့် အီတလီအသင်းတို့ အနိုင်ရ

ယမန်နေ့က အုပ်စု (F) ၌ ယူရို ၂၀၂၀ ခြေစစ်ပွဲအဖွင့်ပွဲစဉ်အဖြစ် စပိန်နှင့် နော်ဝေအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်၌ ဖော်ပြထားသည်။ အုပ်စု (J) ၌ အီတလီနှင့် ဖင်လန်အသင်းတို့ပွဲစဉ်တွင်လည်း နာမည်ကြီး အီတလီအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ကြောင်း ဖော်ပြထားသည်။

မန်ယူအသင်း အိုဒွိုင်းအား ခေါ်ယူရေးတွင် ပါဝင်လာ

မန်ယူအသင်းသည် အင်္ဂလန်နှင့် ချယ်လ်ဆီးတိုက်စစ်ကစားသမား အိုဒွိုင်း (၁၈နှစ်) အား ခေါ်ယူရေးတွင် ပါဝင်လာခဲ့ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

မန်စီးတီးအသင်း ဆကရီနီယာကို ကမ်းလှမ်းရန် ပြင်ဆင်နေ

မန်စီးတီးအသင်းသည် အင်တာမီလန်အသင်းမှ ဆလိုဗက်ကီးယားခံစစ်ကစားသမား မီလန် ဆကရီနီယာ (၂၄နှစ်) အား ပေါင် ၈၅ သန်းဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။

တော့တင်ဟမ်အသင်း ဂျိုတာနှင့် ဂရီရယ်လစ်ခ်ျတို့အား ခေါ်ယူရန်စောင့်ကြည့်

တော့တင်ဟမ်အသင်းသည် ဝုဖ်အသင်းမှ ပေါ်တူဂီတိုက်စစ်ကစားသမား ဂျိုတာ (၂၂နှစ်) နှင့် အက်စ်တွန်ဗီလာအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂရီရယ်လစ်ခ်ျ (၂၃နှစ်)တို့အား ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။

ကာဆယ်နှင့် တော့တင်ဟမ်အသင်း ဆော်မာရီအား အပြိုင်ကမ်းလှမ်းသွားရဖွယ်ရှိ

နယူးကာဆယ်နှင့် တော့တင်ဟမ်အသင်းတို့သည် လိုင်လီအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဆော်မာရီ (၂၀နှစ်) အား ခေါ်ယူနိုင်ရေးအတွက် အပြိုင်ကမ်းလှမ်းသွားရဖွယ်ရှိကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

ဗာရာနီ ဘာနေဗျူးမှ ထွက်ခွာလို

ရီးရဲမက်ဒရစ်အသင်းမှ ပြင်သစ်ခံစစ်ကစားသမား ဗာရာနီ (၂၅နှစ်) သည် ၎င်းအနေဖြင့် ဘာနေဗျူးမှ ထွက်ခွာချင်သည်ဟု ၎င်း၏အသင်းဖော်များအား ပြောကြားလိုက်ကြောင်း မက်ထရိုတွင် ဖော်ပြထားသည်။

အင်တာမီလန်အသင်း ရာကီတစ်နှင့် ဘတ်ဂ်ဝင့်

အင်တာမီလန်အသင်းသည် ဘာစီလိုနာအသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား ရာကီတစ် (၃၁နှစ်)နှင့် ပီအက်စ်ဗွီအသင်းမှ နယ်သာလန်တောင်ပံကစားသမား ဘတ်ဂ်ဝင့် (၂၁နှစ်) တို့အား ခေါ်ယူရန် မျှော်လင့်နေသေးကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**

အင်္ဂလန်နှင့် ချယ်လ်ဆီးတိုက်စစ်ကစားသမား အိုဒွိုင်း

ဆက်သွယ်စုံစမ်းနိုင်

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း - ၀၉၄၄၂၅၅၀၇၆၄
ကြေးမုံ - ၀၉၂၅၀၁၈၉၂၇၇

အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၃-၂၀၁၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၈း၃၅ - နိုင်ငံတော်အဆင့် MSMES ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ
- ၁၀း၃၀ - "ဂုဏ်ယူဝင့်ကြွား တို့လယ်သမား" (ကျွန်တော်ချစ်သော အော်ဂဲနစ်)
- ၁၁း၀၀ - "တီဘီရောဂါကင်းဝေးဖို့ကဏ္ဍ ပေါင်းစုံလက်တွဲလို့ ယနေ့မှစ ဆောင်ရွက်စို့" (ဒုတိယပိုင်း)
- ၁၂း၃၀ - " ၂၀၁၈ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားထုတ်လွှင့်မှု အစီအစဉ်"

ညပိုင်း

- ၁၆း၂၀ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဒဿနိကဗေဒ အထူးပြု) (ဒဿနိကဗေဒ)
- ၁၆း၄၅ - This Week's Special Interest
- ၁၇း၀၅ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် (နွေရာသီ၌ဖြစ်တတ်သောရောဂါများအား တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ခြင်း) (ဒုတိယပိုင်း)
- ၁၇း၂၀ - Yes or No Talk Show
- ၁၇း၄၅ - " နိုင်ငံတကာချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် " (မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ပြည်သူ့အတွက် ဥပဒေစကားဝိုင်း "သက်ကြီးရွယ်အိုများနှင့် ဥပဒေ"

မဟာအောင်မြေမြို့နယ်၌ ပြည်ပသို့ပို့ဆောင်မည့် ပါဆယ်ထုပ်အတွင်းမှ အိုက်စ် ၁၇၅၀ ဂရမ် သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၄

မဟာအောင်မြေမြို့နယ် ဟေမမာလာ (တောင်)ရပ်ကွက်ရှိ ဟိုတယ်မန္တလေးတွင် ဖွင့်လှစ်ထားသည့် DHL အမြန်ချောပို့(ပြည်ပသီးသန့်ဌာန) ပါဆယ်ပစ္စည်းပို့လုပ်ငန်းသို့ အပ်နှံလာသည့် မသက်ဘဝှယ် ကတ္တူပုံးတစ်ပုံး ရောက်ရှိနေကြောင်း သတင်းအရ မတ် ၂၃ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် မူးယစ်အထူးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကတ္တူပုံးအတွင်းမှ ခဲစက္ကူဖြင့် ပတ်ထားသည့် အိုက်စ် ၁၇၅၀ ဂရမ်(၁ ဂရမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် တန်ဖိုးငွေ ကျပ်သိန်း ၃၅၀)အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများမှာ နယူးဇီလန်နိုင်ငံသို့ပို့ဆောင်ရန် အပ်နှံခဲ့ခြင်းဖြစ်ပြီး CCTV မှတ်တမ်းအား ကြည့်ရှုရာ ပြစ်မှုကျူးလွန်သူများမှာ 6M/---- Nissan Winglod ယာဉ်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဆက်လက်စုံစမ်းရှာဖွေရာ ၎င်းယာဉ်အား အောင်မြေသာစံမြို့နယ် (၈၁)လမ်းနှင့် (၁၇×၁၈)လမ်းကြား၌ တွေ့ရှိကာ ယာဉ်ပိုင်ရှင်ဖြစ်သူ အောင်မြေသာစံမြို့နယ် မေယသီရိရပ်ကွက်နေ မယုံယုံ(၂၂နှစ်)နှင့် ကွမ်းလုံမြို့နယ် နမ့်ကျွမ်ကျေးရွာနေ ကျွမ်းစင်(၂၃ နှစ်) တို့နှစ်ဦးကို သက်သေခံယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကနဦးစစ်ဆေးချက်အရ ကွမ်းလုံမြို့နယ်နေ ကျန်ဟုန်(ခ)ကျန်ဖဟုန်၏ ဆက်သွယ်ပေးမှုဖြင့် လူတစ်ဦးက မူးယစ်ဆေးဝါးထုပ်ကို ဟိုတယ်မန္တလေးရှိ အမြန်ချောပို့ရုံးသို့ တရုတ်ယွမ်ငွေ ၁၀၀၀ ဖြင့် ပို့ဆောင်ခိုင်း၍ သွားရောက်ပို့ဆောင်ပေးခဲ့ပြီး ကျန်ဟုန်(ခ)ကျန်ဖဟုန်မှာ ကွမ်းလုံမြို့သို့ ပြန်သွားခဲ့ကြောင်း သိရှိရ၍ ဆက်သွယ်ဖော်ထုတ် ဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်သော ကျွမ်းစင်၊ မယုံယုံနှင့် ကျန်ဟုန် (ခ)ကျန်ဖဟုန်တို့ သုံးဦးကို မဟာအောင်မြေမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

ကျွမ်းစင်၊ မယုံယုံနှင့် ကျန်ဟုန်(ခ)ကျန်ဖဟုန်တို့ သုံးဦးကို တွေ့ရစဉ်။

ရွှေကူ၊ ကွတ်ခိုင်နှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၄

ရွှေကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက် ည ၇ နာရီက ရွှေကူမြို့နယ် စီမော်ကျေးရွာ ရွာလယ်လမ်းတွင် ဆန်းကိုမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၅၂၈ ဂရမ်နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ မတ် ၂၂ ရက် ညနေ ၅ နာရီက တပ်မတော်မှ ကွတ်ခိုင်မြို့နယ် စင်ကျိုင်းကျေးရွာနေ လုံချီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားနေအိမ်တွင်မတွေ့ရှိဘဲ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆၀၀၀ ၊ ဘိန်းစိမ်း ၈၁၆ ဒသမ ၅ ဂရမ်၊ ဘိန်းဖြူ ၂၀ ဂရမ်၊ မြန်မာငွေကျပ် ၂၀၆၀၀၀၀ နှင့် တရုတ်နိုင်ငံသုံးငွေ ယွမ် ၆၈၀၀ တို့ကို လည်းကောင်း၊

အလားတူ မတ် ၂၃ ရက် ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် တရုတ်ကျောင်းလမ်းရှိ မကျန်းကျင်းရွှေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ လိုအင်းယုံအား တွေ့ရှိရပြီး ၎င်း၏အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၉၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

ပေါင်မြို့၌ ရဟန်းခံရှင်ပြုလှည့်မည့် ဆင်လန့်ပြီး ရန်ပြုသဖြင့် လေးဦး ဒဏ်ရာရ

ပေါင် မတ် ၂၄

ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာတွင် ရဟန်းခံရှင်ပြုလှည့်လည်ရန်ရောက်နေသော ဆင်ထီးတစ်ကောင်ကလန့်ပြီး မဏ္ဍပ်အတွင်းရှိလူများအား အန္တရာယ်ပြုသဖြင့် လေးဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၄ ရက် နံနက် ၇ နာရီက ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာ သပြုချောင်ကျေးရွာ နယ်မြေ ၈ မှ အလှူရှင် ဦးဇင်ယော်အိမ်တွင် ရှင်ပြုလှည့်ရန် ရောက်နေသော ဆင်ထီးတစ်ကောင်သည် အလှူရှင်၏ ရွှေမိုးငွေမိုးကြဲနေစဉ် လုယူနေသောလူများကြောင့် လန့်ဖျပ်ကာ အနီးရှိလူများကို အစွယ်ဖြင့်ထိုးခြင်း၊ တက်နင်းခြင်း၊ နှာမောင်းဖြင့်ရိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဆင်ပိုင်ရှင်လည်းဖြစ်၊ ဆင်ဦးစီးလည်းဖြစ်သော ဘီးလင်းမြို့နယ် လေးကေကျေးရွာနေသူ ဦးမွန်းလွဲ အပါအဝင် လေးဦးဒဏ်ရာရရှိသဖြင့် သထုံနှင့် ရန်ကုန်ဆေးရုံများသို့ ပို့ဆောင်ကုသနေရကြောင်း ရင်းငြိမ်မြောက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်က ပြောသည်။

ဆင်၏ ရန်ပြုမှုကြောင့် မောင်ကောင်းထက်စံ၊ မောင်စိုးမင်းထွန်း၊ မယမင်းဦးနှင့် ဆင်ဦးစီး ဦးမွန်းလွဲတို့တွင် ဒဏ်ရာများရရှိသဖြင့် နယ်မြေရဲစခန်းမှ ဆင်ဦးစီးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နန္ဒကျော်စွာ

သာဂရ-ကိုးပင်ကားလမ်းတွင် အထောက်အထားမဲ့ ဝင်ရောက်လာသူ ၂၅ ဦးနှင့်အတူ လိုက်ပါပို့ဆောင်သူ သုံးဦး ဖမ်းဆီးရမိ

ရေတာရှည် မတ် ၂၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့နှင့် မကွေးတိုင်းဒေသကြီး ကိုးပင်ကျေးရွာကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်ကားလမ်း ၆ မိုင် သစ်တောစစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်ဖြင့် အထောက်အထားမဲ့ ဝင်ရောက်လာသူ ၂၅ ဦးအား မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က ဖမ်းဆီးရမိကြောင်း သိရသည်။

မြို့နယ် သစ်တောဦးစီးအရာရှိ ဦးငြိမ်းချမ်း၏ သတင်းပေးချက်အရ သာဂရနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် အောင်နိုင်ဦးနှင့်အဖွဲ့သည် သစ်တောလုံခြုံရေးအဖွဲ့၊ သစ်တောဝန်ထမ်းများနှင့်အတူ သာဂရ-ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း ၆ မိုင် သစ်တောကျေးရွာ စစ်ဆေးဂိတ်တွင် YGN-9C/---- ယာဉ်အား စစ်ဆေးခဲ့သည်။

အဆိုပါယာဉ်ကို သယ်န်းကျွန်းမြို့နယ်နေသူ စောထွန်း(၃၂ နှစ်) မောင်းနှင်ပြီး လှိုင်သာယာမြို့နယ်နေသူ ကျော်စိုးလင်း (၂၃ နှစ်)နှင့် သယ်န်းကျွန်းမြို့နယ်နေသူ မသော်တာထွေး (ခ) ခိုင်လေး (၂၂ နှစ်) တို့ သုံးဦးနှင့်အတူ ရန်ကုန်မြို့သို့ သွားရောက်မည့် အထောက်အထားမဲ့ ဝင်ရောက်လာသူ အမျိုးသား ၂၀ ၊ အမျိုးသမီး ငါးဦးတို့အား တွေ့ရှိသဖြင့် သာဂရနယ်မြေရဲစခန်းသို့ ခေါ်ဆောင်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သန်းလွင်

မိုးကောင်း-ဖားကန့်သွား ကားလမ်းဘေး၌ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိ

မိုးကောင်း မတ် ၂၄

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မိုးကောင်း-ဖားကန့်သွား ကားလမ်းရှိ ရှစ်မိုင်ကျေးရွာမှ ဖားကန့်ဘက်အထွက် ကားလမ်းဘေးတွင် မတ် ၂၄ ရက် မွန်းလွဲပိုင်းက လက်လုပ်မိုင်းတစ်လုံး တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက မိုးကောင်းမြို့နယ် ရှစ်မိုင်ကျေးရွာနေ ဦးညီညီ(၄၀နှစ်) ဆိတ်ကျောင်းသွားစဉ် ရှစ်မိုင်ကျေးရွာမှ ဖားကန့်ဘက်အထွက် နှစ်ဖာလုံခန့်အကွာ မိုးကောင်း-ဖားကန့်သွား ကားလမ်း၏ ဝဲဘက်ဘေးတွင် လက်လုပ်မိုင်းတစ်လုံးတွေ့ရှိခဲ့၍ ရှစ်မိုင်ကျေးရွာအုပ်ချုပ်ရေးမှူးထံ သတင်းပို့ခဲ့သည်။

မိုင်းတွေ့ရှိသည့်နေရာသို့မိုးကောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးလှချို၊ မြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ထွေးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှု စစ်ဆေးပြီး နယ်မြေခံတပ်မှ တပ်မတော်သားများက ရှင်းလင်းရေးဆောင်ရွက်ကာ အန္တရာယ်ကင်းရှင်းသည့် နေရာ၌ မြေမြှုပ်ခဲ့သည်။

အဆိုပါ လက်လုပ်မိုင်းမှာ အလျားရှစ်လက်မ၊ အချင်းလေးလက်မရှိ ကားစလစ်အိုးအတွင်း အီးမားရှင်းယမ်းပျော့ထည့်၍ အီလက်ထရွန်နစ်စနက်တံနှစ်ခု၊ ကော့စတစ်ကြိုးတစ်ချောင်းနှင့် အဝေးထိန်း ရဆီဗာအတွင်း ခါတ်ခဲရှစ်လုံးထည့်ကာ တပ်ဆင်ထားသည့် အဝေးထိန်းမိုင်းဖြစ်ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

မြင်းခြံမြို့နယ်၌ မီးလောင်မှုဖြစ်

မြင်းခြံ မတ် ၂၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် စည်ပင်သာကျေးရွာ၌ မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့နယ် စည်ပင်သာကျေးရွာတွင် ဒေါ်အေးအေးခိုင် ပိုင်ဆိုင်သော ဂိုဒေါင်ဟောင်း(လူမနေ) မှလျှပ်စစ်ခါတ်တိုင်တွင် သွယ်တန်းထားသော လျှပ်စစ်ဆားဗစ်ကြိုး အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ရာ စုစုပေါင်း အဆောက်အအုံသုံးလုံး မီးလောင်ခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ မြင်းခြံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြင်းခြံခရိုင် မီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့်အတူ မီးသတ်ယာဉ်ရှစ်စီး၊ ရေသယ်ယာဉ်သုံးစီး၊ လူမှုကူညီရေးအသင်း ရေသယ်ယာဉ်နှင့် ပုဂ္ဂလိက ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် လုံးဝမီးငြိမ်းသွားသည်။

ယင်းဖြစ်စဉ်ကြောင့် ဒေါ်အေးအေးခိုင်အား မြင်းခြံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

တာချီလိတ်မြို့နယ်၌ မီးလောင်မှုဖြစ်

တာချီလိတ် မတ် ၂၄

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆီနော်(၂)ရွာ၌ မတ် ၂၃ ရက် ညပိုင်းက လျှပ်စစ်ရေနွေးအိုးတည်ရာမှတစ်ဆင့် နှစ်ထပ်အိမ်တစ်လုံး မီးလောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ ဆီနော်(၂)ရွာတွင် မတ် ၂၃ ရက်ည ၈ နာရီခန့်က အိုက်ရီသည် နှစ်ထပ်နေအိမ်အောက်ထပ်မီးဖိုခန်းတွင် လျှပ်စစ်ရေနွေးအိုးတည်ထားခဲ့ရာမှ အပူလွန်ကဲပြီး ဆိုင်ကယ်နှင့် နေအိမ်အား မီးကူးစက်လောင်ခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူးဦးအောင်ဇော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

အာဖရိကတောင်ပိုင်းတွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သေဆုံးသူ ၆၀၀ ကျော် ရှိလာ

ဟာရာရီ မတ် ၂၄

အာဖရိကတောင်ပိုင်းနိုင်ငံများသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် စတုရန်းကီလိုမီတာ ထောင်နှင့်ချီ၍ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။ အဆိုပါမုန်တိုင်းကြောင့်သေဆုံးသူအရေအတွက်မှာ ၆၀၀ ကျော်ထိရှိလာပြီ ဖြစ်သည်။ မုန်တိုင်းနောက်ဆက်တွဲ ရောဂါများကလည်း အသက်ရှင်ကျန်ရစ်သူများကို အန္တရာယ်ပေးလျက်ရှိသည်။ မိုဇမ်ဘစ်နိုင်ငံတွင် မုန်တိုင်းကြောင့် သေဆုံးသူအရေအတွက်မှာ ၄၁၇ ဦးရှိပြီး အိမ်နီးချင်း ဇင်ဘာဘွေနိုင်ငံမှ သေဆုံးသူအရေအတွက်နှင့်ပေါင်းလျှင် သေဆုံးသူ ၆၇၆ ဦးအထိရှိကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း Idai သည် ပြီးခဲ့သည့်သီတင်းပတ်သောကြာနေ့က မိုဇမ်ဘစ်နိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး မိုးသက်လေပြင်းများ ကျရောက်ခဲ့သည်။ ထို့နောက် မုန်တိုင်းမှာ ဇင်ဘာဘွေနိုင်ငံသို့ ရွေ့သွားခဲ့ပြီး အပျက်အစီးများစွာ ကျန်ရစ်ခဲ့သည်။ မုန်တိုင်းဒဏ်ခံဒေသများသို့ ကယ်ဆယ်ရေးသမားနှင့် သက်သာချောင်ချိရေး ဝန်ထမ်းများ ဝင်ရောက်အကူအညီပေးနေခဲ့သည်မှာ သီတင်းနှစ်ပတ်အတွင်းသို့ ဝင်လာပြီဖြစ်သည်။ ကုလသမဂ္ဂကလည်း မိုဇမ်ဘစ်နိုင်ငံကို အကူအညီများပေးရန် တောင်းဆိုခဲ့ပြီး မိုဇမ်ဘစ်နိုင်ငံမှ ပြည်သူများ ထောင်နှင့်ချီ၍ အကူအညီလိုအပ်လျက်ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကလည်း စားနပ်ရိက္ခာလိုအပ်ချက်မှာ အဆင့်သုံး အရေးပေါ်အခြေအနေသို့ ရောက်နေပြီဖြစ်ကြောင်း သောကြာနေ့နှောင်းပိုင်းက ကြေညာခဲ့သည်။

ယီမင်နိုင်ငံ၊ ဆီးရီးယားနှင့် တောင်ဆူဒန်တို့တွင်လည်း စားနပ်ရိက္ခာလိုအပ်ချက်များရှိနေဆဲဖြစ်သည်။ မိုဇမ်ဘစ်နှင့် ဇင်ဘာဘွေနိုင်ငံတို့တွင် လူပေါင်း နှစ်သန်းခန့် မုန်တိုင်းကြောင့် အတိဒုက္ခရောက်ခဲ့ရပြီ။ မာလာဝီနိုင်ငံတွင် မုန်တိုင်းအစပြုခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၆၀ ခန့် သေဆုံးခဲ့ကာ လူပေါင်းတစ်သန်းခန့်နီးပါးကိုလည်း နေရာပြောင်းရွှေ့ပေးခဲ့ရသည်။ မိုဇမ်ဘစ်နှင့် ဇင်ဘာဘွေတို့တွင် လူပေါင်းရာနှင့်ချီ၍ ပျောက်ဆုံးနေဆဲဖြစ်သည်။ မိလ္လာစနစ်မကောင်းမွန်ခြင်းကြောင့်လည်း ရောဂါများဖြစ်ပေါ်လာလျက်ရှိသည်။ အချို့သောဒေသများတွင်လည်း ကာလဝမ်းရောဂါဖြစ်ပွားနေကြောင်း သိရသည်။

အေအက်ဖ်ပီ

အိမ်ခေါင်မိုးတွင် တက်နေရသည့် ရေဘေးဒုက္ခသည်များကို တွေ့ရစဉ်။

အီရတ်နှင့်အဘက်ဘက်မှ ဆက်ဆံရေး တိုးမြှင့်ရန် အီဂျစ်လိုလား

ကိုင်ရို မတ် ၂၄

အီဂျစ်နိုင်ငံသမ္မတ အဗ္ဗဒယ်ဖက်တက် အယ်စီစီသည် အီရတ်နိုင်ငံနှင့် အဘက်ဘက်မှ ဆက်ဆံရေးပိုမိုတိုးမြှင့်လိုကြောင်း မတ် ၂၃ ရက်က ပြောကြားခဲ့သည်။ အီရတ်ဝန်ကြီးချုပ် အဒယ်အဗ္ဗဒူမက်ဒီက အီဂျစ်နိုင်ငံသို့အလည်အပတ်လာရောက်ခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် အီဂျစ်သမ္မတ စီစီက အခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။ အီရတ်ဝန်ကြီးချုပ်၏ အလည်အပတ်ခရီးသည် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများကြား ခိုင်မာသည့် ရင်းနှီးချစ်ကြည်မှုရှိသည်ကို ပြသလျက်ရှိကြောင်း သမ္မတစီစီက ပြောကြားခဲ့သည်။

အီဂျစ်သမ္မတ(ယာ)နှင့် အီရတ်ဝန်ကြီးချုပ်(ဝဲ)တို့ လက်ဆွဲနှုတ်ဆက်နေကြသည်ကို တွေ့ရစဉ်။

အီရတ်ဝန်ကြီးချုပ်သည် ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ရာထူးလက်ခံရ ယူသည့်အချိန်မှစ၍ အီဂျစ်နိုင်ငံသို့ပထမ ဆုံးအကြိမ် အလည်အပတ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အီရတ်နိုင်ငံ၏ ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်များ ပြန်လည် စတင်ရန်နှင့် အီရတ်နိုင်ငံသားများအားလုံးအတွက် တိုင်းပြည်အသစ်တစ်ခုသဖွယ် ပြန်လည်ထူထောင်နိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း အီဂျစ်သမ္မတက ပြောသည်။

မတ်လအကုန်တွင် တူနီးရှားနိုင်ငံ၌ အာရပ်ညီလာခံ ကျင်းပတော့မည်ဖြစ်ရာ အခြားသောကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း အီဂျစ်-အီရတ် ပူးတွဲကော်မတီအတွက် ပြင်ဆင်မှုများ စတင်ရန်လည်း သဘောတူခဲ့ကြကြောင်း စီစီက ပြောသည်။ အီရတ်ဝန်ကြီးချုပ်ကလည်းအီရတ်နိုင်ငံသည် အီဂျစ်နှင့်အတူ ပူးပေါင်းကာကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး မျှော်လင့်လျက်ရှိကြောင်း၊ အထူးသဖြင့် အိမ်ရာကဏ္ဍ၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက်လည်း ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ အီရတ်နိုင်ငံတွင် ရန်သူမရှိတော့သော်လည်း အကြမ်းဖက်တိုက်ဖျက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ စာမတတ်သူ ပပျောက်ရေးနှင့် အလုပ်လက်မဲ့ရာခိုင်နှုန်း လျှော့ချရေးတို့အတွက် ရန်းကန်ရဦးမည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောသည်။

ဆင်ဟွာ

ထိုင်းနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ စတင်

ဗန်ကောက် မတ် ၂၄

ထိုင်းနိုင်ငံရှိ ကျောင်းဝင်းများ၊ ဘုရားကျောင်းများနှင့် အစိုးရရုံးများတွင် မတ် ၂၄ ရက်က မဲပေးပွဲစတင်နေပြီဖြစ်သည်။ ၂၀၁၄ ခုနှစ် အာဏာသိမ်းမှုအပြီး ပထမဦးဆုံးအကြိမ် မဲပေးပွဲကျင်းပခြင်းလည်းဖြစ်သည်။ ရုပ်သံဌာနများကလည်း ဘုရင်မဟာဗာဂျီရာလောင်ကွန်း၏ မိန့်ခွန်းကို ထပ်ခါထပ်ခါဖော်ပြခဲ့သည်။ မဲဆန္ဒရှင်ပေါင်း ၅၁ သန်းရှိပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်ကြား လူငယ်များမှာ လူပေါင်း ခုနစ်သန်းကျော်ရှိသည်။

ထိုင်းနိုင်ငံကို ဒီမိုကရေစီကျပြီး မမျှတမှုများ ပပျောက်စေလိုကြောင်း အာမခံကုမ္ပဏီတွင်အလုပ်လုပ်ကိုင်နေသော အလုပ်သမားတစ်ဦးဖြစ်သူ ပက်ထရာပေါင်ဝစ်ချစ်ရာပေါင်က မဲလာပေးစဉ်အတွင်း ပြောကြားခဲ့သည်။ နန်းတော်၏ ထုတ်ပြန်ကြေညာမှု၌ ယခုတစ်ကြိမ်ရွေးကောက်ပွဲသည် မကြုံစဖူးရွေးကောက်ပွဲတစ်ခုဖြစ်ကြောင်း ကြေညာခဲ့သည်။

အေအက်ဖ်ပီ

မဲဆန္ဒရှင်တစ်ဦး မဲပေးနေသည်ကို တွေ့ရစဉ်။

အမေရိကန်သို့ဦးတည်လာသည့် ရွှေ့ပြောင်းသွားလာသူလူအုပ်ကြီး မက္ကဆီကိုတောင်ပိုင်းမှ ထွက်ခွာလာ

မက္ကဆီကိုစီးတီး မတ် ၂၄

ဗဟိုအမေရိကမှ ရွှေ့ပြောင်းသွားလာသူ လူပေါင်း ၁၂၀၀ ခန့် ပါဝင်သည့် လူအုပ်ကြီးသည် မက္ကဆီကိုနိုင်ငံ ချီယာပတ်စ်ပြည်နယ်မှ ထွက်ခွာလာပြီး အမေရိကန်နယ်စပ်သို့ ဦးတည်လာကြောင်း ဒေသခံအာဏာပိုင်များက ပြောသည်။ အဆိုပါ ရွှေ့ပြောင်းသွားလာသူလူအုပ်တွင် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များလည်းပါကြောင်း၊ နံနက် ၄ နာရီ ဝန်းကျင်ခန့်မှစကာ ထွက်ခွာလာကြောင်း သိရသည်။ ချီယာပတ်စ်ပြည်နယ်မှ ပြည်သူ့ကာကွယ်ရေးဝန်ကြီးက အဆိုပါရွှေ့ပြောင်းသွားလာသူ လူအုပ်သွားရာလမ်းတစ်လျှောက်တွင် လုံခြုံရေးအတွက်လည်း တပ်ဖွဲ့ဝင်များ လိုက်ပါဆောင်ရွက်ပေးခဲ့ကြောင်း ဆင်ဟွာသို့ ပြောသည်။

အဆိုပါရွှေ့ပြောင်းသွားလာသူလူအုပ်မှာ ဟွန်ဒူးရပ်စ်၊ ဂွါတီမာလာ နှင့် အယ်ဆယ်ဗေးဒိုးနိုင်ငံတို့မှ ဖြစ်ကြကြောင်း မီဒီယာများက ဖော်ပြကြ သည်။ Huixtla မြို့တော်ဝန်က ပူပြင်းသည့်ရာသီဥတုအောက်တွင် လျင်မြန်စွာခရီးသွားလာနိုင်ရေးကို အကူအညီဖြစ်စေရန် သယ်ယူပို့ဆောင်ရေးအတွက် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။ သို့သော် ရွှေ့ပြောင်းသွားလာသူများက အဆိုပါကမ်းလှမ်းချက်ကို ငြင်းဆိုခဲ့သည်။ ယခုရွှေ့ပြောင်းသွားလာသူအုပ်စုထဲတွင် လူပေါင်း ၁၂၀၀ မှ ၁၅၀၀ကြားရှိကြောင်း ၎င်းကခန့်မှန်းထားသည်။

"သူတို့ရဲ့ဆုံးဖြတ်ချက်ကို လေးစားပေမယ့် ကလေးတွေနဲ့ကိုယ်ဝန်ဆောင်မိခင်တွေအတွက်တော့ စိုးရိမ်မိတယ်"ဟု ၎င်းက ဆက်ပြောသည်။ Huixtla မြို့တွင် တစ်ညရပ်နားရန်လည်းကမ်းလှမ်းထားကြောင်း ၎င်းက ဆင်ဟွာသို့ ပြောသည်။ အောက်တိုဘာလမှစတင်ကာ ဗဟိုအမေရိကမှ လူပေါင်း ထောင်နှင့်ချီ၍ အုပ်စုဖွဲ့ကာ မက္ကဆီကိုနိုင်ငံသို့ ဦးတည်သွားခဲ့ကြကြောင်း၊ ၎င်းတို့၏ရည်ရွယ်ချက်မှာ အမေရိကန်နိုင်ငံတွင် ခိုလှုံခွင့်ရရှိရေးပင်ဖြစ်သည်။ မက္ကဆီကိုနိုင်ငံသည်ဒီဇင်ဘာလမှစတင်ကာ အမေရိကန်နှင့်အတူလက်တွဲပြီး ဗဟိုအမေရိကနိုင်ငံများတွင် ဆင်းရဲမွဲတေမှုလျှော့ချရေး၊ အကြမ်းဖက်မှုလျှော့ချရေးတို့ကို ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း မက္ကဆီကိုဘက်မှ ပြောသည်။

ဆင်ဟွာ

စက်ချွတ်ယွင်းနေသည့် အပျော်စီးသင်္ဘောပေါ်မှ ခရီးသည်များကို ကယ်တင်

အော်စလို မတ် ၂၄

နော်ဝေနိုင်ငံအနောက်တောင်ပိုင်းတွင် လူပေါင်း ၁၃၀၀ ခန့်ကို တင်ဆောင်လာသော ဇိမ်ခံသင်္ဘော အင်ဂျင်ချွတ်ယွင်းမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ကမ်းရိုးတန်းနှင့် ၂ ကီလိုမီတာအကွာတွင် အဆိုပါသင်္ဘောမှာ အင်ဂျင်ချွတ်ယွင်းမှုကြောင့် ရပ်နားခဲ့ရကြောင်း သိရသည်။

အဆိုပါနေရာ၌ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၂ ကီလိုမီတာခန့်ရှိပြီး လှိုင်းလုံးများမှာ ၈ မီတာခန့်မြင့်ကြောင်း နော်ဝေမိုးလေဝသအရာရှိတစ်ဦးက ပြောသည်။ ဗီဒီယိုမှတ်တမ်းများအရ သင်္ဘောပေါ်မှ ဆိုဖာများ၊ အိမ်ထောင်ပရိဘောဂများမှာ ပရမ်းပတာဖြစ်နေကြကြောင်း၊ မျက်နှာကြက်များမှာလည်း ပြိုကျနေကြောင်း တွေ့ရသည်။ ခရီးသည်များမှာ အသက်ကယ်အင်္ကျီများကို ဝတ်ဆင်ထားပြီး ပြတင်းပေါက်များမှာလည်း ပျက်စီးလျက်ရှိကြောင်း သိရသည်။

လူပေါင်း ၃၀၀ ခန့်နီးပါးကို ကယ်တင်ပြီးဖြစ်ကြောင်း၊ ၁၇ ဦးမှာ ဒဏ်ရာရရှိထားကြောင်း ဒေသတွင်းမီဒီယာများက ပြောသည်။ ကယ်ဆယ်ရေးသမားများသည် ခရီးသည်များနှင့် သင်္ဘောသားများကို ကယ်တင်ရန် ဟယ်လီကော်ပတာကို အသုံးပြုခဲ့ရကြောင်း သိရသည်။ သင်္ဘော၏အင်ဂျင်လေးလုံးတွင် သုံးလုံးကို ပြန်လည်ခုတ်မောင်းထားကြောင်း အရေးပေါ်အခြေအနေ ဝန်ဆောင်မှုဌာနက ပြောသည်။ ယခုအခါ သင်္ဘောမှာ အနီးအနားရှိ ၆ကီလိုမီတာအကွာအဝေးရှိ ဆိပ်ကမ်းသို့ ခုတ်မောင်းလျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

ဂိုလန်ကုန်းမြင့်အရေး အာရပ်ကမ္ဘာ၏တုံ့ပြန်မှု

ချူးစန္ဒီနွေး

၂၀၁၀ ပြည့်နှစ်တုန်းက ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်က အမေရိကန်သမ္မတ ဘားရက်အိုဘားမားထံ စာတစ်စောင် ရေးပို့ခဲ့ဖူးပါတယ်။ စာရေးရတဲ့အကြောင်းအရင်းကတော့ ဆီးရီးယားနဲ့အစ္စရေးတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ဖို့ အမေရိကန်က ဦးဆောင်ပြုလုပ်ပေးဖို့ပါ။ အင်မတန် လက်တွေ့မဆန်တဲ့ စိတ်ကူးတစ်ခု ဖြစ်ခဲ့ပါတယ်။

ဂိုလန်ကုန်းမြင့်ပေါ်၌ အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

ဂိုလန်ကုန်းမြင့်

ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အဓိကဆွေးနွေးလိုတဲ့အကြောင်းအရာကတော့ ဂိုလန် ကုန်းမြင့်ဒေသ ထိန်းချုပ်မှုအတွက်ပါ။ ဂိုလန်ကုန်းမြင့်ဟာ ဆီးရီးယားနိုင်ငံ၊ အစ္စရေး၊ ဂျော်ဒန်နဲ့ လက်ဘနွန်တို့ကြား မဟာဗျူဟာကျတဲ့ နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ၁၉၆၇ခုနှစ် ၆ ရက်ကြာ စစ်ပွဲအတွင်းမှာ ဆီးရီးယားထံက ဂိုလန်ကုန်းမြင့်ကို အစ္စရေးတို့က သိမ်းလိုက်ပါတယ်။ သမ္မတ အာဆတ်က အစ္စရေးနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးဖို့ စိတ်ကူးရှိခဲ့ပေမယ့် လက်တွေ့မှာတော့ ဖြစ်မလာခဲ့ပါဘူး။

ပြည်တွင်းစစ်ဖြစ်ပွား

၂၀၁၁ ခုနှစ်မှာ ဆီးရီးယား ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီး တိုင်းပြည်ကို အကြီးအကျယ် ပျက်စီးစေခဲ့ပါတယ်။ ပြည်တွင်းစစ်ကြောင့် ဆီးရီးယားသမ္မတ မစ္စတာ အာဆတ်လည်း ဂိုလန်ကုန်းမြင့်အရေး အာရုံမစိုက်နိုင်တော့ပါဘူး။ အဲဒီလိုအချိန်မှာပဲ မတ် ၂၁ ရက်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂိုလန်ကုန်းမြင့်ကို အစ္စရေး အချုပ်အခြာပိုင်နယ်မြေအဖြစ် အသိအမှတ်ပြုပေးဖို့ ကုလသမဂ္ဂမှာ တောင်းဆိုခဲ့ပါတယ်။ ဒီအရွှေ့ဟာ အာရပ်ကမ္ဘာက တိုင်းပြည်တွေကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေမှာလား။

ကိုယ့်တိုင်းပြည်အရေးပိုပြီး အာရုံစိုက်နေ

ယနေ့အချိန်မှာတော့ ပင်လယ်ကွေ့နိုင်ငံတွေဟာ အာရပ်ကမ္ဘာအတွက် ရပ်တည်မယ်ဆိုတာထက် အီရန်ကို ဆန့်ကျင်ပြီး အစ္စရေးနဲ့ မဟာမိတ်ဖြစ်ကြဖို့ ပိုပြီးစိတ်ဝင်စားကြပါတယ်။ တိုင်းပြည်အတွင်း မငြိမ်သက်မှု၊ စီးပွားရေးဆိုင်ရာ ပြဿနာတွေက အာရပ်ကမ္ဘာဆိုတာထက် ကိုယ့်တိုင်းပြည်ရဲ့အရေးကိစ္စကိုပဲ အာရုံစိုက်နေရတဲ့ အနေအထားမျိုးကို ရောက်နေပါတယ်။ ဂိုလန်ကုန်းမြင့်နဲ့ အသက်ဆိုင်ဆုံးဖြစ်တဲ့ ဆီးရီးယားနိုင်ငံအတွက်တော့ ပြည်တွင်းစစ်ကြောင့် အလွန်ကို အားနည်းနေပြီး သူ့ဘာကို အလိုရှိသလဲဆိုတာကိုတောင် အာရုံမစိုက်နိုင်တဲ့ အနေအထားမှာ ရောက်နေပါတယ်။

မက်လုံးတစ်ခု

ဂိုလန်ကုန်းမြင့်ဆိုတာက အမြဲလိုလို မက်လုံးတစ်ခုအဖြစ် ရှုမြင်ခြင်းခံရတဲ့နေရာတစ်ခုပါ။ ဆီးရီးယားနဲ့ငြိမ်းချမ်းရေးအတွက် အစ္စရေးက ဂိုလန်ကုန်းမြင့်ကို ပေးအပ်လိမ့်မယ်လို့ထင်ရတဲ့အရာတစ်ခုပါ။ "အခုအခါမှာတော့ ငြိမ်းချမ်းရေးဆိုတဲ့အရာဟာလည်း အရေးမကြီးတော့ပါဘူး။ အခုအချိန်မှာ ဆီးရီးယားဟာလည်း ဂိုလန်ကုန်းမြင့်ကို ပိုင်ဆိုင်တဲ့နိုင်ငံအဖြစ် စားပွဲဝိုင်းမှာထိုင်ပြီး တောင်းဆိုလို့ရတဲ့အခြေအနေ မရှိတော့ပါဘူး" လို့ အာရပ်သတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ ရာဆက် ၂၂ က အယ်ဒီတာချုပ်ဖြစ်တဲ့ ကာရင်းဆာကာက ပြောပါတယ်။ ဂိုလန်ကုန်းမြင့်ဒေသဟာ လှပရုံသာမကပါဘူး။ စစ်ရေးအရာလည်း မဟာဗျူဟာမြောက်တဲ့ ဒေသတစ်ခုပါ။ ဂိုလန်ကုန်းမြင့်ကနေ အနီးအနား ပတ်ဝန်းကျင်တွေကို ထိန်းချုပ်ထားလို့ရပါတယ်။ ဆီးရီးယားတပ်ဖွဲ့ဟာ ယင်းဒေသကို အကာအကွယ်တစ်ခုအနေနဲ့ အသုံးပြုခဲ့သလို အစ္စရေးကလည်း ၎င်းရဲ့တိုင်းပြည်လုံခြုံရေးအတွက် ဒီမဟာဗျူဟာမြောက်တဲ့နေရာကို သိမ်းပိုက်ခဲ့ပါတယ်။

အပြည့်အဝသိမ်းယူ

၁၉၇၃ ခုနှစ် စစ်ပွဲမှာတော့ ဆီးရီးယားတို့ဟာ ဂိုလန်ကုန်းမြင့်ကို ပြန်လည်သိမ်းယူနိုင်ဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ နှစ်ဖက်စစ်ရပ်ဆိုင်းဖို့ သဘောတူညီခဲ့ရပြီး နယ်မြေအတော်များများဟာ အစ္စရေးရဲ့ထိန်းချုပ်မှုအောက်မှာ ကျန်ရစ်ခဲ့ရပါတယ်။ ၁၉၈၁ ခုနှစ်မှာတော့ အစ္စရေးက အဆိုပါဒေသကို အပြည့်အဝ သိမ်းယူခဲ့ပြီး ကုလသမဂ္ဂကတော့ ဒါကိုပယ်ချခဲ့ပါတယ်။ နယ်မြေကို အင်အားသုံးပြီး ရယူတာဟာ လက်ခံနိုင်ဖွယ်မရှိဘူးဆိုပြီး ပယ်ချခဲ့တာပါ။ ဆီးရီးယားဂိုလန်ကုန်းမြင့်ဒေသမှာ အစ္စရေးက တရားဥပဒေအရ စီမံအုပ်ချုပ်ပိုင်ခွင့်ရှိဖို့ ဆုံးဖြတ်ခြင်းဟာ တရားမဝင်ဘူးလို့ ကုလသမဂ္ဂမှာ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

အသိမ်းပိုက်ခံနယ်မြေ

လက်ရှိဆီးရီးယားသမ္မတ ဘတ်ရှာအယ်အာဆတ်ရဲ့ အဖေဟတ်ဖာအယ်အာဆတ်ကတော့ အစ္စရေးဘက်က ဂိုလန်ကုန်းမြင့် သိမ်းယူထားတာကို အဓိက ရှုတ်ချစရာကိစ္စအဖြစ်ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းပြည်အတွင်းမှာ ခွင့်ပြုချက်မရယူဘဲ လုပ်ဆောင်တဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို ပိတ်ပင်ထားပြီး ဂိုလန်ကုန်းမြင့်အတွက် စုဝေးကြခြင်းကိုတော့ ပံ့ပိုးပြုလုပ်ပါတယ်။ နောက်ပြီး ကျောင်းနေအရွယ်ကလေးအားလုံးကိုလည်း ထိုဒေသလွတ်မြောက်ရေးအတွက် သံပြိုင်ဟစ်ကြွေးခိုင်းပါတယ်။ ဒီလိုမျိုးတွေ ပြုလုပ်ခဲ့ပေမယ့် ဂိုလန်ကုန်းမြင့်ဟာ အသိမ်းပိုက်ခံနယ်မြေ ဖြစ်နေတုန်းပါပဲ။

အပန်းဖြေစခန်းအသွင်ပြောင်း

ငြိမ်းချမ်းရေးစာချုပ်အရ ဆိုင်းနိုင်းဟာ အီဂျစ်ရဲ့လက်ထဲကို ပြန်ရောက်လာခဲ့ပါတယ်။ အနောက်ဘက်ကမ်းနဲ့ ဂါဇာဒေသတို့ဟာ အစ္စရေးနဲ့ ပါလက်စတိုင်းကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် အဓိကအရာတွေ ဖြစ်လာခဲ့တယ်။ အချိန်တွေကြာလာတဲ့အခါ ဒီနေရာမှာ ဂျူးလူမျိုးပေါင်း ၂၆၀၀၀ ခန့်ကို နေရာချထားပေးခဲ့ပါတယ်။ အခြေချနေထိုင်သူတွေဟာ အဲဒီနေရာမှာ သစ်သီးခြံတွေ၊ ဝိုင်ထုတ်လုပ်မှုတွေ၊ ဖက်ရှင်စတိုးတွေ၊ နှင်းလျှောစီး အပန်းဖြေစခန်းတွေ ဖွင့်လှစ်ပြီး အစ္စရေးရဲ့ အားလပ်ရက်အပန်းဖြေစခန်းတစ်ခုအသွင် ပြောင်းလဲလိုက်နိုင်ပါတယ်။ အမျိုးမျိုးသော အမေရိကန်သမ္မတတွေဟာ အစ္စရေး-ဆီးရီးယား ငြိမ်းချမ်းရေးစကားဝိုင်းအတွက် ကြိုးစားခဲ့ကြပါတယ်။ နောက်ဆုံးကြိုးပမ်းခဲ့သူတွေကတော့ သမ္မတအိုဘားမားနဲ့ ၎င်း၏ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့ပါပဲ။ ဒါပေမယ့် ဆီးရီးယားပြည်တွင်းစစ်ကြောင့် အရာရာပြောင်းလဲကုန်ပါတယ်။ ရှိသမျှစွမ်းအင်တွေ အကုန်သုံးပြီး အိုင်အက်စ်လို့ခေါ်တဲ့ စစ်သွေးကြွတွေကို နှိမ်နင်းရပါတယ်။ ဆီးရီးယားအစိုးရဟာလည်း ဂိုလန်ကုန်းမြင့်ကို သူ့ရဲ့ပိုင်ဆိုင်မှုစာရင်းမှာ ထည့်မတွက်နိုင်တော့ပါဘူး။ စစ်ပွဲတွေဟာ ဆီးရီးယားတစ်ပြည်လုံးကို တိုက်စားသွားခဲ့ပါတယ်။

ပုံးကြဲပစ်ဖို့ ဝန်မလေး

ဆီးရီးယားအစိုးရကို ဆန့်ကျင်တဲ့ ပြည်သူတွေကတော့ မစ္စတာအာဆတ်ဟာ တိုင်းပြည်အတွင်းက မြို့ကြီးတွေကိုတောင် ပုံးကြဲပစ်ဖို့ ဝန်မလေးတဲ့ လူတစ်ယောက်ပါ။ သူ့ရဲ့အာဏာကို ဆက်လက်ချုပ်ကိုင်နိုင်ဖို့ဆိုရင် ပြည်သူတွေကိုတောင် ထည့်မတွက်တဲ့လူလို့ သမုတ်ကြပါတယ်။ ဂိုလန်ကုန်းမြင့် ပြန်ရဖို့အတွက်လည်း ဘာမှမလုပ်ဘူးလို့ အပြစ်တင်ကြပါတယ်။ မစ္စတာအာဆတ်ရဲ့ ရက်စက်မှုတွေကြောင့် ဒေသအနည်းငယ်သာ အာဆတ်ဘက်ကနေ ရပ်တည်ဖို့ ဆန္ဒရှိကြတယ်လို့ ဝါရှင်တန်အခြေစိုက် အာရပ်ပင်လယ်ကွေ့နိုင်ငံတွေဆိုင်ရာ အင်စတီကျုမှ ပညာရှင်ဟူစိန် အီဘစ်ရှ်က ပြောပါတယ်။ ပြည်သူတွေကြားမှာ ဆီးရီးယားနိုင်ငံအကြောင်း စဉ်းစားပြီဆိုရင် စစ်ပွဲကြောင့် သေဆုံးသူတွေ၊ ပျက်စီးဆုံးရှုံးမှုတွေကိုပဲ စိတ်ဝင်စားကြတယ်လို့ ၎င်းကဆက်ပြောပါတယ်။

ဆန္ဒပြမှုတွေနဲ့ရင်ဆိုင်ရ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂိုလန်ဒေသကို အစ္စရေးအချုပ်အခြာ အာဏာပိုင်နယ်မြေအဖြစ် အသိအမှတ်ပြုဖို့ ကြေညာခဲ့ပြီးတဲ့နောက် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုရဲ့ အရှေ့အလယ်ပိုင်းခရီးစဉ်မှာ ဆန္ဒပြမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဘေရွတ်မြို့ကိုရောက်လျှင်ရောက်ချင်းပဲ မိုက်ပွန်ပီအိုဟာ လမ်းမထက်မှာ ဆန္ဒပြမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ လက်ဘနွန်သတင်းစာတစ်စောင်ကဆိုရင် မိုက်ပွန်ပီအိုကို ညှော်သည်ဆိုးတစ်ယောက်လို့ ဖော်ပြခဲ့ပါတယ်။ တူရကီသမ္မတကတော့ ဂိုလန်ကုန်းမြင့်နဲ့ပတ်သက်ပြီး အမေရိကန်သမ္မတထရမ့်ရဲ့ ကြေညာချက်ကြောင့် နောက်ထပ်ပဋိပက္ခတွေ ဖြစ်လာနိုင်တယ်ဆိုပြီး ပြောခဲ့ပါတယ်။ ဂျေရုဆလင်ကို အစ္စရေးနိုင်ငံရဲ့မြို့တော်အဖြစ် အသိအမှတ်ပြုခဲ့တုန်းကလည်း ဆူပူမှုတွေအများကြီး ဖြစ်ခဲ့ပါသေးတယ်။ အခုဂိုလန်ကုန်းမြင့်အရေးဟာလည်း နောက်ထပ်ပဋိပက္ခတွေကို လက်ယပ်ခေါ်လာမလားဆိုတာကိုတော့ ဘယ်သူမှ တပ်အပ်မပြောနိုင်ပါဘူး။ ။

ကိုးကား -နယူးယောက်တိုင်းမ်

"၂၀၁၁ ခုနှစ်မှာ ဆီးရီးယား ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီး တိုင်းပြည်ကို အကြီးအကျယ် ပျက်စီးစေခဲ့ပါတယ်။ ပြည်တွင်းစစ်ကြောင့် ဆီးရီးယားသမ္မတ မစ္စတာ အာဆတ်လည်း ဂိုလန်ကုန်းမြင့်အရေး အာရုံမစိုက်နိုင်တော့ပါဘူး။ အဲဒီလိုအချိန်မှာပဲ မတ် ၂၁ ရက်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂိုလန်ကုန်းမြင့်ကို အစ္စရေး အချုပ်အခြာပိုင်နယ်မြေအဖြစ် အသိအမှတ်ပြုပေးဖို့ ကုလသမဂ္ဂမှာ တောင်းဆိုခဲ့ပါတယ်"

နိုင်ငံတကာသတင်းတိုထွာ

ဆိုမာလီ၌ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၁၀ ဦး သေဆုံး

မိုဂါဒစ်ရှူး မတ် ၂၄

ဆိုမာလီရှိ အစိုးရရုံးကို အကြမ်းဖက်အုပ်စုတစ်စုက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် အလုပ်သမားဒုတိယဝန်ကြီးလည်း ပါဝင်ကြောင်း သိရသည်။ အယ်ကေးဒါးနှင့် ဆက်စပ်မှုရှိသည့် အယ်လ်ရှာဘတ်အဖွဲ့က ယခုတိုက်မှုမှာ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအုပ်စုသည် အသေခံကားဗုံးခွဲမှုနှင့် မိုဂါဒစ်ရှူးမြို့တွင် အဆောက်အအုံများကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ရဲများက ပြောသည်။ အကြမ်းဖက်သမားလေးဦးနှင့် အသေခံဗုံးခွဲသမားတစ်ဦးတို့ သေဆုံးခဲ့ကြောင်း ရဲများက ပြောသည်။ မြို့တော်တွင် သေနတ်ပစ်ခတ်မှုများအပြီး ပေါက်ကွဲသံကြီးကို ကြားလိုက်ရကြောင်း မျက်မြင်သက်သေများက ပြောသည်။ အယ်လ်ရှာဘတ်အဖွဲ့သည် ဆိုမာလီနှင့် အိမ်နီးချင်း ကင်ညာနိုင်ငံတို့တွင် တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိသည်။ အဆိုပါ အုပ်စုသည် အကြမ်းဖက်ဝါဒကို အခြေခံပြီး တိုင်းပြည်ထူထောင်လိုကြသူများဖြစ်သည်။

အင်န်အိတ်ချ်ကေ

ဘရီးဇစ်အတွက် ဒုတိယအကြိမ်မြောက် လူထုဆန္ဒခံယူပွဲကျင်းပရန် တောင်းဆို

လန်ဒန် မတ် ၂၄

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂအတွင်း ဆက်လက်နေလိုခြင်း ရှိ မရှိ လူထုဆန္ဒခံယူပွဲ ဒုတိယအကြိမ် ကျင်းပပေးရန် တောင်းဆိုသည့်အနေဖြင့် လူပေါင်းများစွာတို့သည် လန်ဒန်မြို့ရှိ လမ်းမများထက်တွင် စုဝေးခဲ့ကြသည်။ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ဆက်လက်နေထိုင်လိုကြသော ပြည်သူများသည် ဗြိတိန်နိုင်ငံမြို့တော်သို့ မတ် ၂၃ ရက်က ဆက်လက်ချီတက်ခဲ့ကြသည်။

လူထုစုဝေးပွဲတွင် စီစဉ်သူများ၏ အဆိုအရ ချီတက်လာကြသောလူများမှာ တစ်သန်းနီးပါးခန့်ရှိကြောင်း ခန့်မှန်းထားသည်။ ပြီးခဲ့သည့်အောက်တိုဘာလအတွင်းကလည်း လူထုချီတက်ပွဲပြုလုပ်ခဲ့ရာ လူပေါင်း ခုနစ်သိန်းခန့် ပါဝင်ခဲ့သည်။ ဆန္ဒပြသူများသည် ဥရောပသမဂ္ဂအလံများကို ကိုင်ဆောင်ခဲ့ကြပြီး ၎င်းတို့ထဲမှ တစ်ဦးက ပြည်သူများ၏ မဲဆန္ဒကိုအလိုရှိကြောင်း ပြောခဲ့သည်။ ဝန်ကြီးချုပ်ထရီဆာမေက ဒုတိယအကြိမ်လူထုဆန္ဒခံယူပွဲကျင်းပရန်ကို ပယ်ချခဲ့ပြီး ၂၀၁၆ ခုနှစ်က ပြုလုပ်ခဲ့သော လူထုဆန္ဒခံယူပွဲရလဒ်များကို လေးစားရမည်ဟု ပြောကြားခဲ့သည်။ ထရီဆာမေသည် ၎င်း၏နုတ်ထွက်ရေးစာချုပ်ကို ဗြိတိန်အောက်လွှတ်တော်တွင် မဲခွဲ ဆုံးဖြတ်နိုင်ရန် အဆင်သင့်ဖြစ်နေပြီဟု ယူဆရသည်။ ဗြိတိန်အောက်လွှတ်တော်သည် ထရီဆာမေ၏ နုတ်ထွက်ရေးစာချုပ်ကို နှစ်ကြိမ်တိုင်တိုင်ပယ်ချခဲ့သည်။

အင်န်အိတ်ချ်ကေ

ရွှေစက်တော်ဘုရားပွဲ လှည်းယဉ်ကလေးနဲ့ သွားရအောင်

သတင်း၊ ဓာတ်ပုံ - သန်းနိုင်ဦး (ဇဖဲ)

ရွှေစက်တော်ဘုရားပွဲတော်သည် နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားစွာ ကျင်းပလေ့ရှိသော ပွဲတော်ဖြစ်ပြီး မန်းရွှေစက်တော်ဘုရားပွဲတော်သို့ မင်းဘူး(စကု)မြို့နယ် မင်းလှကျင်းကျေးရွာမှ နှစ်စဉ် ရှေးရိုးအစဉ်အလာမပျက် နွားလှည်းတန်းများဖြင့် ပျော်ရွှင်စွာ လာရောက်ဖူးမြော်လျက်ရှိသည်။

မြန်မာ့ရိုးရာလှည်းတန်းများ၏ အလှကို အနယ်နယ်အရပ်ရပ်က ဓာတ်ပုံပညာရှင်များ ပူးပေါင်းပြီး လှည်းတန်းထွက်မည့်ရက်ကို လာရောက် ရိုက်ကူးကြသည်။ ယခုအခါ မန်းရွှေစက်တော်ရာ ဘုရားပွဲကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ယခုနှစ်တွင် မန်းရွှေစက်တော်ဘုရားအနီး၌ ဘုရားဖူးပြည်သူများ အပန်းဖြေစခန်းများအပြင် အပန်းဖြေလေ့လာရေး ဆင်စခန်းကိုပါ ဖွင့်လှစ်ထားရှိကြောင်းနှင့် စေတုတ္တရာ မြို့နယ်၏ တောင်ဘက်ခြမ်းကျေးရွာများဖြစ်သည့် ဖအိုင်း၊ ဒုံချောင်း စသည့်ကျေးရွာများမှလည်း မန်းရွှေစက်တော်သို့ လှည်းတန်းဖြင့် လာရောက်၍ ဖူးမြော်လျက်ရှိကြောင်း သိရသည်။

မန်းရွှေစက်တော်ရာဘုရားသို့ မြန်မာ့ရိုးရာ လှည်းတန်းဖြင့် လာရောက်ဖူးမြော်သည့် အစဉ်အလာကို မပျောက်ပျက်စေရန်နှင့် နောင်လာနောက်သားများ ဆက်လက်ထိန်းသိမ်းစေရန် ရည်ရွယ်၍ ဓာတ်ပုံရိုက်ကူးရေးသမားများ လာရောက်ရိုက်ကူးကြခြင်းဖြစ်ပြီး နေရှိန်လောင်းသည့် နွေမိန်တပေါင်းတွင် ရိုးရာမပျက် ဘုရားဖူးလာသည့် မင်းလှကျင်းကျေးရွာ လှည်းအဖွဲ့ကို ဓာတ်ပုံများ ရိုက်ကြရင်း အလှူရှင်မိသားစုများနှင့်အတူ ဓာတ်ပုံဆရာများ စုပေါင်းပြီး တတ်နိုင်သလောက် ပါဝင်လှူဒါန်းကြောင်း သိရသည်။ နောင်နှစ်များမှာလည်း မြန်မာ့ရိုးရာဓလေ့များ မပျောက်ကွယ်အောင် ဝိုင်းဝန်းထိန်းသိမ်းနိုင်ပါစေလို့ ဆန္ဒပြုဆုမွန်ကောင်းတောင်းရင်း ရွှေစက်တော်ဘုရားပွဲ သွားကြပါစို့ တူပျော်ပျော် ----။

မင်းဘူး(စကု)မြို့နယ် မင်းလှကျင်းကျေးရွာမှ ရှေးရိုးရာ အစဉ်အလာမပျက် နွားလှည်းတန်းများဖြင့် ရွှေစက်တော်ဘုရားပွဲတော်သို့ သွားရောက်ဖူးမြော်ရန်အတွက် မိသားစုလိုက် နွားလှည်းဖြင့် ခရီးထွက်ရန် ပြင်ဆင်နေမှု၊ ကျေးရွာသူရွာသားများ၏ လှည်းယဉ်များ စုပေါင်း၍ ခရီးလမ်းကြမ်း ဖုန်ထူလမ်းများ ဖြတ်သန်းကာ ပျော်ပျော်ရွှင်ရွှင် စည်းလုံးချစ်ခင်မှုဖြင့် ခရီးနှင်နေမှု၊ မန်းချောင်းနံဘေး၌ အနားယူ အပန်းဖြေ ချက်ပြုတ်စားသောက်နေမှုစသည့် မြင်ကွင်းပုံရိပ်များကို တွေ့ရစဉ်။

ပဲခူးမြစ်ဝှမ်းဒေသ ရေကြီးနစ်မြုပ်မှုလျော့နည်းစေရန် ဂျပန်နိုင်ငံမှပညာရှင်များ လာရောက်ဆွေးနွေး

ပဲခူး မတ် ၂၄

ပဲခူးမြစ်ဝှမ်းဒေသ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံမှ ပညာရှင်များက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား မတ် ၂၂ ရက်က ပဲခူးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ဂျပန်တက္ကသိုလ်ပါမောက္ခဒေါက်တာကာဝါဆာကီနှင့် အဖွဲ့ဝင်များက မိမိတို့အဖွဲ့သည် ပဲခူးမြစ်ဝှမ်းဒေသ ရေကြီးနစ်မြုပ်မှု လျော့နည်းစေရန်နှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၁၂ ခုနှစ်ကတည်းက ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ပူးပေါင်းလေ့လာ၍ သုတေသနပြုလျက်ရှိကြောင်း၊ ပဲခူးဒေသရေကြီးခြင်းသည် ပဲခူးမြစ်ကို ပင်လယ်ဒီရေသက်ရောက်မှု၊ မိုးရေချိန်များလွန်းခြင်းနှင့် ရေထွက်ပေါက်မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ယခုအခါ ပဲခူးမြစ်ဖျားမှ ပင်လယ်ဝ အထိ မိုးရေချိန်စခန်းများ၊ မြစ်ရေပြင်စောင့်ကြည့်ရေးစခန်းနှင့် ပင်လယ်ဒီရေတက်မှုအခြေအနေစောင့်ကြည့်ရေးစခန်းငယ်များ တည်ဆောက်ထားပြီးဖြစ်၍ ပဲခူးဒေသ ရေကြီးနစ်မြုပ်မှု လျော့ပါးရေးအတွက် အထောက်အပံ့ပြုနိုင်မည်ဖြစ်ကြောင်း၊ လာမည့်ဇူလိုင်လတွင် မိမိတို့အဖွဲ့၏ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမည်ဖြစ်၍ ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများမှတစ်ဆင့် ရေကြီးမှုအခြေအနေများကို တိုက်ရိုက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်း၊ ထောက်ပံ့ကူညီကယ်ဆယ်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဂျပန်ပညာရှင်များအဖွဲ့၏ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သုတေသနပြုချက်များသည် ပဲခူးဒေသ ရေကြီးနစ်မြုပ်မှု လျော့ပါးရေးအတွက် များစွာ အထောက်အကူရနိုင်မည်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်စနစ်များ ပါဝင်သဖြင့် သဘာဝဘေးစီမံခန့်ခွဲခြင်းနှင့် အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွက် အလွန်အသုံးဝင်မည်ဖြစ်ကြောင်း၊ သုတေသနပြုချက်များအပေါ် အခြေခံ၍ မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုလို သုတေသနပြုတွေ့ရှိချက်များကို ဂျပန်ပညာရှင်များအဖွဲ့က လာရောက်ရှင်းလင်းပေးသည့်အပေါ် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဂျပန်ပညာရှင်အဖွဲ့ တွေ့ဆုံဆွေးနွေးစဉ်။

ပဲခူးမြို့ကိုဖြတ်သန်းလျက် ရန်ကုန်-မန္တလေး မီးရထားလမ်းကို ဂျပန်နိုင်ငံ JICA က အဆင့်မြှင့်တင်လျက်ရှိခြင်း၊ သီလဝါ-ရန်ကုန်-ပဲခူး စီးပွားရေးစင်္ကြံလမ်းကွန်ရက်များ ဖောက်လုပ်ရန် ကိုရီးယားနိုင်ငံ KOICA က စီစဉ်နေခြင်းနှင့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေခြင်းတို့ကြောင့် ပဲခူးဒေသသည် စီးပွားရေးဗဟိုချက်မဒေသကြီးတစ်ခု ဖြစ်လာနိုင်သလို ပဲခူးမြစ်ဝှမ်းဒေသ ရေကြီးရေလျှံမှု လျော့ချနိုင်ရေးမှာလည်း အရေးကြီးကိစ္စတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း ဂျပန်ပညာရှင်များ၏ ပြောကြားချက်များအရ သိရသည်။

ဟိန်းထက်(ပဲခူး)

ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ မြစ်ကြီးနား၌ တွေ့ဆုံ

မြစ်ကြီးနား မတ် ၂၄

ကချင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများနှင့် ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ မတ် ၂၂ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် ခရိုင်၊ မြို့နယ်များရှိ အုပ်ချုပ်ရေးမှူးများသည် အဓိကကျသည့် စီမံအုပ်ချုပ်သူများဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်တစ်ခုနှင့်တစ်ခု မတူညီသည့်အခက်အခဲများရှိမည်ဖြစ်သော်လည်း မိမိတို့ရည်မှန်းချက်များ ပြည့်မီအောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရက အကောင်အထည်ဖော်နေသည့် လုပ်ငန်းစီမံကိန်းများ အရည်အသွေးပြည့်မီရေး၊ အချိန်မီ ပြီးစီးရေးတို့အတွက် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ဂရုတစိုက် စစ်ဆေးကြပ်မတ်ကာ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီတင်ပြရန်လိုကြောင်း မှာကြားသည်။

ထို့အပြင် ခရိုင်နှင့် မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် ပြည်သူများအား အကောင်းဆုံး ဝန်ဆောင်မှုပေးကြရန်၊ ပြည်သူကအားကိုးသည့် ဝန်ထမ်းကောင်းများ ဖြစ်လာရန်၊ အကြောင်းမဲ့ အချိန်ဆွဲပြီး ကြန့်ကြာမှုများ မဖြစ်ပေါ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ပြည်သူများ၏ တိုင်ကြားမှုများရှိလာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်က ပြောကြားသည်။

ယင်းနောက် ပြည်နယ်အတွင်းရှိ ခရိုင်လေးခုမှ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် လိုအပ်ချက်များ၊ အခက်အခဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများအား ခွဲစိတ်ကုသပေးမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

တောင်ကြီး မတ် ၂၄

အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ကမ္ဘောဇအုပ်စု ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းနှင့် Smile Asia Medical Mission တို့ ပူးပေါင်း၍ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား ခွဲစိတ်ကုသမှုကို မတ် ၂၄ ရက်က ပြုလုပ်ပေးခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ကမ္ဘာပေါ်တွင် မွေးဖွားမှု ၇၀၀ တွင် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးတစ်ဦး ပါဝင်လျက်ရှိကြောင်းနှင့် အဆိုပါကလေးငယ်များသည် အစာစားခြင်း၊ အသက်ရှူခြင်း၊ စကားပြောခြင်းတို့တွင် အခက်အခဲဖြစ်လျက်ရှိကြောင်း၊ ကလေးငယ်များအတွက် ပို၍ ကောင်းမွန်သော အနာဂတ်ကို ဖန်တီးပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စင်ကာပူနိုင်ငံအခြေစိုက် Smile Asia Medical အဖွဲ့က အရှေ့တောင်အာရှနိုင်ငံများ၌ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များကို ခွဲစိတ်ကုသပေးနေသည့်အတွက် လေးစားဂုဏ်ယူ ကျေးဇူးတင်ပါကြောင်း၊ ကမ္ဘောဇအုပ်စု ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းကလည်း ရှမ်းပြည်နယ်တွင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို အားသွန်ခွန်စိုက် လုပ်ဆောင်ပေးလျက်ရှိကာ ရှမ်းပြည်နယ်တွင်သာမက မြန်မာနိုင်ငံအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များ၏ ဘဝလှပချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ကြရန် တိုက်တွန်းလိုပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ တာဝန်ရှိသူတစ်ဦး၊ တောင်ကြီးအမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင်နှင့် Smile Asia Programme မှ မန်နေဂျာတို့က အမှာစကားများပြောကြားကြပြီး The Smile Mission မှ ဒါရိုက်တာတစ်ဦးက ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင်အရာရှိချုပ်ထံ Certificate ကိုလည်းကောင်း၊ ဆေးရုံရှေ့ ကွန်ကရစ်လမ်းခင်းရန် အလှူငွေ ကျပ် ၇၁ သိန်းကျော် လှူဒါန်းမှုအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းသို့ ဂုဏ်ပြုမှတ်တမ်းလွှာကို ဆေးရုံအုပ်ကြီးကလည်းကောင်း ပေးအပ်ခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က ခွဲစိတ်ကုသမှုခံယူမည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို အားပေးစကားပြောကြားခဲ့သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် လူနာများအား တွေ့ဆုံအားပေးစဉ်။

တောင်ကြီးမြို့၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား ခွဲစိတ်ကုသမှု ပြုလုပ်ပေးမည့် ဆရာဝန်များအဖွဲ့တွင် အမေရိကန်၊ ဂျာမနီ၊ တရုတ်၊ စင်ကာပူ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဩစတြေးလျ၊ ဂျပန်၊ ဟောင်ကောင်၊ မြန်မာနှင့် ဖိလစ်ပိုင် နိုင်ငံတို့မှ ဆရာဝန်များနှင့် စေတနာ့ဝန်ထမ်း စုစုပေါင်း ၃၅ ဦး ပါဝင်ပြီး မတ် ၂၄ ရက်မှ မတ်၃၀ ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၃-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၀၂၃၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၅၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၀၂၃၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၉၁၀/၉၇၅ ကျပ်	၉၈၀/၉၉၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၂၀/၉၈၅ ကျပ်	၉၉၅/၁၀၀၅ ကျပ်
အောက်တိန်း ၉၂	၇၃၀/၈၀၀ ကျပ်	၈၄၀/၈၅၀ ကျပ်
အောက်တိန်း ၉၅	၈၃၀/၈၇၅ ကျပ်	၉၂၅/၉၄၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၄၂ ・ ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၇၅၀ ・ ၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၄၁ ・ ၅
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၂၀၄၄ ・ ၉
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၈၅ ・ ၈
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၉၄ ・ ၅
တရုတ်	တစ်ယွမ်	ကျပ် ၂၂၉ ・ ၆၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ ・ ၃၉၈
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၃၆ ・ ၅၁
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၇၈ ・ ၅
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ ・ ၆၉၀

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၉၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၉၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၉၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၊ ၀၆၇-၃၉၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကျွန်တော်နဲ့ "ငါ့ဝမ်းပူဆာ မနေသာလို့"

ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ငယ်ငယ်တုန်းက "ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်" ဆိုတဲ့ ပဟေဠိကို သတိရမိတယ်။ "ဗျိုင်းနားလို့ ကိုင်းရတယ်" ဆိုတဲ့ လွယ်ကူပြီး မြင်သာတဲ့အဖြေကို ပေးတတ်ကြတဲ့အကျင့်က လူအတော်များများ အခုချိန်အထိ စွဲကပ်နေတယ်။ အပေါ်ယံအဖြေနဲ့ ကျေနပ်နေကြတယ်။ အမှန်တော့ အခြေခံကိုသိရမယ်။ ဇာစ်မြစ်ကို နားလည်ဖို့ လိုမယ်။ အပေါ်ယံကိုပဲ သုံးသပ်နေရင် ဆေးမီးတိုနဲ့ ကုစားနေသလို ဖြစ်နေတာ။

ပြဿနာရဲ့ဇာစ်မြစ်

လက်ရှိ နိုင်ငံမှာဖြစ်ပေါ်နေတဲ့ အခြေအနေတွေအားလုံးကို ခြုံငုံသုံးသပ်ရင် အခြေခံကဒါပဲဖြစ်နေတယ်။ ရခိုင်ပြည်မှာ ဖြစ်ပေါ်လာတဲ့၊ ဖြစ်နေတဲ့ ပဋိပက္ခတွေဟာ မနေ့တစ်နေ့က ပေါ်လာတဲ့ အနေအထားတွေ မဟုတ်ဘူး။ နှစ်ပေါင်းများစွာက ပုံစံ အမျိုးမျိုး၊ အခြေအနေအမျိုးမျိုး ဖြတ်ကျော်ကြုံတွေ့ပြီး ပေါ်လာတဲ့ကိစ္စဖြစ်တယ်။ အခြေခံတစ်ခုကတော့ စီးပွားရေး နှောင့်နှေးလို့ဖြစ်တယ်။ ဖွံ့ဖြိုးမှုနိမ့်ကျလာပြီး အခက်အခဲ အမျိုးမျိုးနဲ့ ရင်ဆိုင်ရတယ်။ စီးပွားရေးအခွင့်အလမ်းကို ရယူလိုသူတွေ တစိမ့်စိမ့်ဝင်ခဲ့တာ နှစ်ပေါင်း မနည်းတော့ဘူး။ နယ်စပ်ဒေသကို လုံလုံခြုံခြုံ မဖန်တီးနိုင်တာမို့ ပြဿနာက ပိုကြီးလာတယ်။ နယ်စပ်ဒေသမှာရှိတဲ့ နေရာတိုင်းမှာ ဒီပြဿနာရှိတယ်။ အခြေအနေကောင်းတဲ့ ဒေသထဲကို အခြေအနေဆိုးတဲ့ ဒေသကလူတွေစီးဝင်မှုဟာ ကမ္ဘာလုံး ပြဿနာ။ ဥရောပမှာ ဒီပြဿနာတွေကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျူးလွန်ခဲ့တယ်လို့ စွပ်စွဲခြင်းခံခဲ့ရတယ်။ အမေရိကန်ပြည်ထောင်စုမှာလည်း မက္ကဆီကိုက ရွှေ့ပြောင်း လုပ်သားတွေကြောင့် နံရံကြီးတည်ဆောက်ဖို့ ကြိုးစားနေတာ။ နိုင်ငံတိုင်းမှာ နယ်စပ်ဒေသကို လုံခြုံအောင် ကြိုးစားရမှာ။ ခက်နေတာက အခုလိုတရားမဝင်ဘဲ ဝင်လာခဲ့တဲ့အကြောင်း ရင်းကို ပြောကြသူတွေ မရှိသလောက်ဖြစ်နေပြီး လက်ငင်း အနေအထားကိုသာ အာရုံစိုက်နေကြတယ်။

လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံ အားနည်းမှုတွေကြောင့် စီးပွားရေးအရ အလွန်အလားအလာ ကောင်းတဲ့ ရခိုင်ပြည်နယ်ဟာ တဖြည်းဖြည်း နောက်ကျကျန် ခဲ့တယ်။ ပိုပြီးဆိုးတာက တစ်ချိန်တုန်းက အလွန်တိုးတက်ခဲ့တဲ့ ဒေသ။ လယ်ယာစိုက်ပျိုးရေး၊ သားငါးကဏ္ဍ အသီးသီးမှာ ဖွံ့ဖြိုးခဲ့တာ။ ဒါကြောင့်လည်း အလုပ်အကိုင်အခွင့်အရေးတွေ ပေးနိုင်ခဲ့တာကြောင့် တစ်ဖက်နိုင်ငံက ရွှေ့ပြောင်းလုပ်သားတွေ စီးဝင်လာတာ။ ဝင်လာတာတွေကိုလည်း စနစ်တကျ လက်ခံမှု မရှိတာကြောင့် ပြဿနာဟာ ကြီးထွားလာခဲ့တာ။

ဘက်ပေါင်းစုံမှ အဖြေရှာ

အခုတော့ ဖြစ်ခဲ့တာတွေကို ပြန်ပြောနေတာထက် အကြောင်းရင်းဇာစ်မြစ်ကို ရှာဖွေပြီး အဖြေရှာဖို့ လိုအပ်တယ်။ ဘက်ပေါင်းစုံက သုံးသပ်လို့ရတဲ့ အဖြေကတော့ စီးပွားရေးပဲ။ စီးပွားရေးကောင်းလာအောင် ဘယ်လိုလုပ်ကြမလဲ။ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လျှပ်စစ်မီး၊ လမ်းတံတား၊ ကျောင်း၊ ဆေးရုံ၊ ဒါတွေကို အမြန်ဆုံး ဖော်ဆောင်ဖို့လိုသလို အလုပ်အကိုင်အခွင့်အရေးတွေ ဖန်တီးပေးရမယ်။ အလုပ်ရှိတဲ့ သူမှာ အခြားအာရုံရှိနိုင်မှာ မဟုတ်ဘူး။

ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးအခွင့်အလမ်း တွေကို လူ့အဖွဲ့အစည်းအားလုံးကို ပေးနိုင်ဖို့လိုအပ်တယ်။ တစ်ဖက်ကလည်း အသိုင်းအဝိုင်းအချင်းချင်း သဟဇာတ ဖြစ်အောင် ဖန်တီးပေးဖို့ လိုအပ်တယ်။ ယုံကြည်မှုတွေ တည်ဆောက်ကြရမယ်။ ဒီနေရာမှာ တိုင်းရင်းသား ရခိုင်တွေရဲ့ အမြင်၊ အတွေး၊ ခံစားချက်တွေကိုလည်း လေးစားဖို့လိုအပ် တယ်။ ကိုယ်ချင်းစာရမယ်။ လတ်တလော အခြေအနေမှာတော့ နိုင်ငံတကာဖိအားတွေဟာ ပြင်းထန်နေကြတယ်။ ဒါတွေကို မြေပြင်အခြေအနေမှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေနဲ့ တုံ့ပြန်ဖို့လိုအပ်တယ်။ ဒါကြောင့်တစ်လောက သံတွဲမှာ ကျင်းပခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုပွဲကြီးဟာ အလွန်အရေးကြီးလှတဲ့ ခြေလှမ်းဖြစ်တယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုဝင်လာစေချင်ရင် အကြောင်း ရင်းဇာစ်မြစ်ကို သုံးသပ်ဖို့လိုအပ်တယ်။ ရင်းနှီးမြှုပ်နှံတဲ့သူတွေ ဘက်က ကြည့်ရမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူမှာ ရွေးချယ်စရာ နေရာဒေသတွေ အများကြီးရှိတယ်။ မြန်မာပြည်ကို ဦးစားပေးပြီး ရွေးချယ်လိမ့်မယ်လို့ စဉ်းစားနေလို့မရဘူး။ ရင်းနှီးမြှုပ်နှံသူက ဘာကိုသွားမလဲ၊ ဘယ်မှာရင်းနှီးမလဲဆိုတာတွေကို တွက်ချက် မှာပဲ။ မက်လုံးကလည်း အရေးပါတယ်။ ဗီယက်နမ်နိုင်ငံက

> **"ဘက်ပေါင်းစုံက သုံးသပ်လို့ရတဲ့ အဖြေကတော့ စီးပွားရေးပဲ။ စီးပွားရေးကောင်းလာအောင် ဘယ်လိုလုပ်ကြမလဲ။ အခြေခံ အဆောက်အအုံတွေဖြစ်တဲ့ လျှပ်စစ်မီး၊ လမ်းတံတား၊ ကျောင်း၊ ဆေးရုံ၊ ဒါတွေကို အမြန်ဆုံး ဖော်ဆောင်ဖို့လိုသလို အလုပ်အကိုင်အခွင့်အရေးတွေ ဖန်တီးပေးရမယ်။ အလုပ်ရှိတဲ့သူမှာ အခြားအာရုံရှိနိုင်မှာ မဟုတ်ဘူး"**

အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်ပေးရင် ကျွန်တော်တို့က ၁၀ နှစ်၊ ၁၅ နှစ်ပေးနိုင်ဖို့ လိုတယ်။ အခက်ခဲဆုံးက မြေကြီး။ ကျွန်တော် တို့က မြေငှားခကို မက်နေကြတယ်။ အကယ်၍ မြေငှားခ မကောက်ရင် ဘာဖြစ်မလဲ။ "ထောင်မြင် ရာစွန့်" တတ်ဖို့က အရေးကြီးတယ်။ ငှားခမပေးရတဲ့ မက်လုံးကြောင့် စက်ရုံ လာဆောက်မယ်ဆိုရင် ရနိုင်တဲ့အကျိုးဆက်တွေနဲ့ စွန့်လွှတ် ရမယ့် မြေငှားခကို ချိန်ဆနိုင်ရမယ်။ မြေငှားခကိုသာ မက်နေရင် အလုပ်အကိုင် အခွင့်အရေးတွေ ဆုံးရှုံးသွားမှာ။

အကျိုးအမြတ်နဲ့ စွန့်လွှတ်မှု

အခွန်နဲ့ ပတ်သက်လာရင် ဒီလိုပဲ။ အခွန်နှုန်းလျှော့ချရင် နိုင်ငံဝင်ငွေလျော့မယ်လို့ မြင်နေကြတယ်။ တကယ်တော့ အခွန်နှုန်းလျှော့ရင် ပေးချင်စိတ်တွေ တိုးလာနိုင်တာမို့ အခွန် ပမာဏတိုးမှာ။ နှုန်းနဲ့ပမာဏ မခွဲခြားနိုင်ဘဲ စဉ်းစားဆုံးဖြတ်ရင် မှားနိုင်တယ်။ တစ်လောက ပြည်ဝင်ခွင့် ဗီဇာကြေးမကောက်တာနဲ့ ပတ်သက်ပြီး တချို့က ဗီဇာကြေးတွေ မရတာကြောင့် တိုင်းပြည် ဝင်ငွေနည်းမှာ စိုးရိမ်ကြတယ်။ ဗီဇာကြေးမယူတာမို့ ကမ္ဘာ လှည့်ခရီးသည်တွေ ပိုဝင်လာရင် စွန့်လွှတ်လိုက်ရတဲ့ ဗီဇာကြေး တွေက ဘာမှမဖြစ်လောက်တဲ့ ပမာဏ။ အခုလိုနေရာတိုင်း ဖြစ်နေတာ အခြေအနေတစ်ခုကို အစအဆုံး စဉ်းစားနိုင်စွမ်းမရှိလို့ ဖြစ်တယ်။

ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုနေချိန်မှာ အဟန့်အတား တွေကို သိဖို့လိုတယ်။ သိပြီးဖယ်ရှားရမယ်။ အစိုးရအနေနဲ့ စီးပွားရေးလုပ်ဖို့ လွယ်ကူအောင် အမျိုးမျိုးကြိုးစားနေတာ။ ဒီထက်ပိုလုပ်ရတယ်။ ဌာနအချင်းချင်း ညှိနှိုင်းမှုအားနည်းတာ တွေ့ရတယ်။ နယ်မြေလုတယ်။ ကိုယ့်ကိစ္စ၊ သူ့ကိစ္စစဉ်းစား နေတယ်။ "တို့ကိစ္စ" လို့ မမြင်ကြဘူး။ ခက်အောင်လုပ်မှုဆိုတဲ့ အတွေးတွေ စွဲကပ်နေတာ။ ကိုယ့်နည်းတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုကို ကြိုဆိုနေကြတဲ့သူတွေ ဘာတွေလုပ်နေကြသလဲ။ ဘယ်လို မက်လုံးတွေ ပေးနေကြသလဲ။ ဒါတွေကိုသုံးသပ်ပြီး သူတို့ထက် သာအောင် လုပ်ရမယ်။ မှတ်ပုံတင်ဖို့ သူတို့ဆီမှာ နှစ်ရက်ကြာရင် ကိုယ့်ဆီမှာ ၂ နာရီနဲ့ လုပ်နိုင်အောင် အားထည့်ရမယ်။ သူတို့မှာ မြေကြီးတွေကို အခမဲ့ပေးနိုင်ရင် ကိုယ်ကဘာလို့မပေးနိုင်ရမလဲ။ အမှန်တော့ ကိုယ့်ရည်ရွယ်ချက်ကို သိရမယ်။ ကိုယ်လိုချင်တာ သိရမယ်။

တစ်လောက သီလဝါအထူးစက်မှုဇုန်ကို ရောက်ခဲ့တယ်။ ဖော်ထုတ်ထားတဲ့ One-Stop-Service (OSS) ဟာ အမှန်တကယ်ပဲ တစ်နေရာတည်းမှာ ကိစ္စအားလုံးပြီးနိုင်တယ်။ ဟိုသွားလိုက် ဒီသွားလိုက်၊ တက်လိုက် ဆင်းလိုက် လုပ်စရာ မလိုဘူး။ အခြေခံတစ်ခုက ခွင့်ပြုမိန့်တောင်းခံခြင်းဖြစ်တယ်။ စီးပွားရေးလုပ်တဲ့နေရာမှာ အကြီးအကျယ် အနှောင့်အယှက် ဖြစ်စေတယ်။ ဒီခွင့်ပြုမိန့်တွေကြောင့် အရာရာနှောင့်နှေးနေတာ။ စီးပွားရေးမှာ အခြေခံက သွက်ဖို့၊ မြန်ဖို့၊ အစိုးရဌာနတွေရဲ့ တာဝန်က စီးပွားရေးလုပ်မယ့်သူတွေကို ကူညီဖို့၊ အားပေးဖို့၊ နှောင့်ယှက်ဖို့၊ အခက်အခဲမျိုးစုံလုပ်ဖို့ မဟုတ်ဘူး။

အမြင်ကြည်လင်မှုနဲ့ သံသယ

စီးပွားရေးလုပ်ငန်းရှင်များအပေါ်လည်း အမြင်ကြည်လင်ဖို့ လိုတယ်။ တစ်ခါတလေ အမြင်မှားနေတယ်လို့ မြင်မိတယ်။ မလိုအပ်တဲ့ သံသယတွေ ရှိတယ်။ မသိမသာအရောင်ဆိုးနေတယ်။ "ခရိုနီ" ဆိုတာကို ထိတ်လန့်နေတယ်။ အမှန်တော့ ဇာစ်မြစ်ကို သုံးသပ်နိုင်ရင် စိုးရိမ်စရာမရှိဘူး။ စီးပွားရေးဟာ ဆက်သွယ်မှုပဲ။ ဆက်စပ်မှုအပေါ် လှုပ်ရှားနေတာ။ ခေတ်စနစ်ပြောင်းသလို ဆက်ဆံရေးပုံစံတွေလည်း ပြောင်းလဲမှာသာဖြစ်တယ်။ အရေးကြီးတာက ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များရဲ့ အားကိုယူနိုင်ရမယ်။ သူတို့တစ်တွေက လုပ်တတ်လို့ ဒီအခြေ အနေရောက်နေကြတာ။ သူ့အတွက် အကျိုးရှိသလို ကိုယ့် အတွက်မနစ်နာအောင် ကြိုးစားရမှာသာဖြစ်တယ်။ လုပ်ငန်းရှင် တွေကြောင့် အလုပ်အကိုင်တွေဖြစ်တာ။ ကိုယ်လိုချင်တဲ့ ပုံစံရအောင် ဖြစ်ဖို့က ကိုယ့်တာဝန်။

လူမှုရေးကဏ္ဍတွေမှာလည်း ဇာစ်မြစ်အခြေခံတွေကို သုံးသပ်နိုင်စွမ်းရှိရမယ်။ အပေါ်ယံအဖြေတွေနဲ့ ကျေနပ်နေလို့ မဖြစ်ဘူး။ နိုင်ငံခြားကို ဘာကြောင့် ဆေးကုသွားနေကြသလဲ။ သွားတဲ့သူတွေမှာ အပြစ်မရှိဘူး။ ကျန်းမာရေးနဲ့ ပတ်သက် လာရင် ကျန်တာတွေက ဘာမှအရေးမကြီးလှဘူး။ လူတိုင်း ရောဂါပျောက်ချင်ကြတာ။ ဒါကြောင့် မရှိမဲ့ ရှိမဲ့နဲ့ ကုသမှု ခံယူကြတာ။ အဖြေရနိုင်မယ့်နေရာကို သွားကြတာပဲ။ ဒီနေရာမှာ တွန်းအားနဲ့ ဆွဲအား အင်အားနှစ်ခုရှိတာကို သိရ မယ်။ နိုင်ငံခြားမှာ ဆေးကုခံယူဖို့သွားရင် ဝန်ဆောင်မှုက အပြည့်အဝရတာ။ ကိုယ်ဘယ်သူလဲသိစရာမလိုဘူး။ လူတိုင်း ကို ပုံစံတစ်မျိုးနဲ့ ဆက်ဆံတယ်၊ ကုသပေးတယ်၊ အခင်းအကျင်း က သန့်ရှင်းတယ်၊ သပ်ရပ်တယ်။ လိုတာက ငွေတစ်ခုတည်း။ ကုသစရိတ်လည်း မြန်မာပြည်နဲ့ သိပ်မကွာလှဘူး။ ခရီး စရိတ်ကလည်း သက်သာတယ်။

တွန်းအားအနေနဲ့က မြန်မာပြည်မှာ လူနာကို ချိန်းတဲ့အချိန်က စာရွက်ထဲမှာပဲရှိတာ။ တစ်လောက အမျိုး တစ်ယောက် နံနက် ၁၀ နာရီ ချိန်းလို့သွားတာ ညနေ ၅ နာရီမှ ဆရာဝန်နဲ့ တွေ့ရတယ်။ တွေ့ပြန်ရင် ဆက်ဆံရေးကလည်း ခပ်ကျဲကျဲ။ ကျွန်တော် ကိုယ်တိုင်ကိုယ်ကျ ခံစားရတာ။ လူနာလုပ်သူကို ဆူဟောက်တယ်။ စမ်းသပ်မှုတွေကလည်း သိပ်စိတ်မချရဘူး။ ဒါတွေကြောင့် အပြင်မှာ သွားကုကြတာ။ ထိုင်းနိုင်ငံမှာတော့ Medical Tourism လို့ခေါ်တဲ့ ဆေးကုသမှု ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းကို စနစ်တကျ ဖော်ထုတ်ခဲ့တာကို တွေ့ရတယ်။ ကျွန်တော်သွားနေကျ ဗန်ကောက်မြို့က ဆေးရုံမှာဆိုရင် နေရာတိုင်း မြန်မာစာတွေနဲ့ ရေးသားထားတာ တွေ့ရတယ်။ ဘာကြောင့် ဒီလိုဖြစ်နေတာလဲ။ အကြောင်းရင်းကို ထုတ်ဖော်နိုင်မှ အဖြေရနိုင်မှာ။

ဇာစ်မြစ်ဆန်းစစ်မှု စိတ်ရှည်ရှည်နှင့် ရှာဖွေပါ

ပညာရေးလောကမှာလည်း ဒီအတိုင်းဖြစ်နေတာ။ မူကြိုကအစ တက္ကသိုလ်ကောလိပ်အထိ ပုံစံအမျိုးမျိုးနဲ့ အခက်အခဲတွေ ကြုံနေရတာ။ တတ်နိုင်တဲ့သူတွေအတွက် ကတော့ အဆင်ပြေနေပေမယ့် ငွေမရှိတဲ့သူတွေအတွက်တော့ စိန်ခေါ်မှုအပြည့်။ ပြုပြင်ပြောင်းလဲမှုတွေကလည်း ကျွန်တော် လူမှန်းသိကတည်းက လုပ်ခဲ့တာ။ အခုထိ မပြီးသေးဘူး။ အခြေခံကတော့ ပြုပြင်ပြောင်းလဲမှုတွေဟာ ခေတ်တစ်ခေတ် ရဲ့ စီမံအုပ်ချုပ်မှုအပေါ် အခြေခံပြီး လုပ်ခဲ့တာ။ နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ ပညာရေးပုံစံနဲ့ အဖြေရှာခဲ့တော့ အခုလိုဖြစ်တာ။ တက္ကသိုလ်ကောလိပ်နဲ့ ပတ်သက်လာရင် ဆူပူမှုမဖြစ်အောင် တက္ကသိုလ်တွေကို မြို့ပြင်ထုတ်ခဲ့တယ်။ ဒါကြောင့် နောက်ဆက်တွဲပြဿနာတွေက မျိုးစုံ။ ဒီလိုပဲ အဆောင်စနစ်ကို ဖျက်ခဲ့တယ်။ ဒါတွေကို နဂို အနေအထားဖြစ်အောင် လုပ်ရတာက လွယ်လှတာမဟုတ် ဘူး။ ရှိနေတဲ့အဆောက်အအုံတွေကို ဒီအတိုင်းထားလို့လည်း မဖြစ်ပြန်ဘူး။ ဒီနေရာမှာလည်း အခြေခံဇာစ်မြစ်ကို ရှာဖွေဖို့ လိုအပ်တယ်။

အခုလို ဇာစ်မြစ်အကြောင်းရင်းရှာဖွေနိုင်ဖို့ စဉ်းစား တွေးခေါ်မှုရှိဖို့ လိုအပ်တယ်။ အရာရာကို ပေါ့ပေါ့တန်တန် မကြည့်စေချင်ဘူး။ စိတ်ရှည်ရှည်နဲ့ ရှာဖွေမှ အဖြေရနိုင်မှာ။ လက်ရှိအခြေအနေတွေမှာ ဇာစ်မြစ်ဆန်းစစ်မှုကို ပညာရပ် တစ်ရပ်အနေနဲ့ သင်ကြားစေချင်တယ်။ မူလတန်းကအစ တက္ကသိုလ်ကောလိပ်အထိ လူငယ်တွေအတွက် ပိုလိုအပ်တယ်။ ဆန်းစစ်တတ်တဲ့စိတ်၊ စိစစ်တတ်တဲ့စိတ်၊ သုံးသပ်တတ်တဲ့စိတ် ဒါတွေမွေးဖို့ လိုအပ်တယ်။ ကျောင်းတွေမှာ သာမက လူ့အဖွဲ့ အစည်းတစ်ရပ်လုံးမှာလည်း ရှိစေချင်လှတာ။ ။

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းရှိ အဆိုးရွားဆုံး လမ်းပိုင်းနှစ်ပိုင်းကို အဆင့်မြှင့်တင်သွားမည်

မန္တလေး မတ် ၂၄

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းရှိ အဆိုးရွားဆုံးလမ်းပိုင်း နှစ်ပိုင်း လမ်းမိုင် အားဖြင့် ၃၃ မိုင်ခန့်ရှိသည့် လမ်းပိုင်းကို ကိုရီးယားချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြင့် ရထားလမ်းအဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ မီးရထားလုပ်ငန်းမှ သိရသည်။

တောင်ပေါ်ဒေသဖြစ်ပြီး မတော်တဆမှုများလည်း အဖြစ်များသည့် အဆိုးရွား ဆုံးလမ်းပိုင်းနှစ်ခုဖြစ်သော ဂျိုးတောင်-မဲဇာလမ်းပိုင်းနှင့် မော်ဟန်-ကာဒူ လမ်းပိုင်း တို့မှာ စုစုပေါင်းလမ်းမိုင် ၃၃ မိုင်ခန့်ရှိကာ အဆိုပါ လမ်းပိုင်းနှစ်ပိုင်းကို ကိုရီးယား နိုင်ငံချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက် သွားရန် ညှိနှိုင်းပြီးဖြစ်ကြောင်း၊ ဖြစ်နိုင်ခြေများလေ့လာသည့် အစီရင်ခံစာများလည်း တင်ပြပြီးဖြစ်ကာ အသေးစိတ်တိုင်းတာစစ်ဆေးမှုများ မကြာမီ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားလုပ်ငန်းမှာ လက်ရှိတွင် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ မန္တလေး- မြစ်ကြီးနားလမ်းပိုင်း၊ ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်းပိုင်းတို့ကို နိုင်ငံတကာ ချေးငွေများ၊ ပြည်ထောင်စုရန်ပုံငွေများဖြင့် အသီးသီးအဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိပြီး ယခု မန္တလေး-မြစ်ကြီးနားလမ်းပိုင်းမှ ကိုရီးယားချေးငွေဖြင့် ဆောင်ရွက်မည့် လမ်းပိုင်း နှစ်ခုအပြင် ကျန်လမ်းပိုင်းများကိုလည်း အစိုးရရန်ပုံငွေများဖြင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ "ဒီ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်း အဆင့်မြှင့်တင်တဲ့လုပ်ငန်းမှာ ၃၉ ပေ သံလမ်းတွေကို ကိုးချောင်းစီဆက်ပြီးလဲမယ်။ ပြီးတော့ ဇလီဖားတွေ စနစ်မမှန်တာတွေ၊ အရေအတွက်၊ အကွာအဝေးမမှန်တာတွေ လဲထုတ်သွားမယ်။ ပြီးရင်ရထားလမ်းရဲ့ အသက်တစ်ခုဖြစ်တဲ့ ကျောက်ပေါ့။ ကျောက်က အရင်က ရှားပါးတဲ့အတွက် ကျောက်နည်းတော့ ရထားက မငြိမ်ဘူးပေါ့။ အခုကျောက်ဆို သတ်မှတ်တဲ့ စံချိန်စံညွှန်းနဲ့အညီ ထုအတိုင်းထည့်မယ်။ ရထားလမ်း ကိုလည်း စက်အားကူ ပြုပြင်တဲ့စနစ်နဲ့ လုပ်မယ်။ မနှစ်ကဆို မိုင် ၈၀ လုပ်ပြီးပြီ။ ဒီနှစ် မိုင် ၁၀၀ ရအောင်လုပ်မယ်။ အခုကိုရီးယား ချေးငွေနဲ့လုပ်မယ့် လမ်းပိုင်းနှစ်ခုအပြင် ကျန်တဲ့ လမ်းပိုင်းတွေကို ပြီးအောင်လုပ်မယ်။ ရှေ့နှစ်ဆို ဒီဆိုးတဲ့လမ်းပိုင်းနှစ်ခုလည်း လုပ်နေပြီဆိုတော့ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းက ၂၀၂၁-၂၀၂၂ လောက်ဆိုရင် အားလုံးပြီးသွားပါမယ်" ဟု မြန်မာ့ မီးရထားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမောင်မောင်သွင်က ပြောသည်။

ကိုမင်း(အင်းတော်)

ပြုပြင်ပြောင်းလဲခြင်းနှင့် တံခါးဖွင့်ဝါဒကျင့်သုံးခြင်း နှစ် ၄၀ ပြည့်အလွန် ယနေ့တရုတ်ပြည်

ခရီးသွားဆောင်းပါး - ဇင်ဦး(မြန်မာ့အလင်း)

ကျွင်းဆောင်သုတေသနစင်တာ၌ နိုင်ငံတကာမှ အကြီးအကဲပုဂ္ဂိုလ်များ အမှတ်တရစိုက်ပျိုးထားသော ကျွင်းဆောင်နည်းပညာဖြင့် မြက်ပင်များကို တွေ့ရစဉ်။ ဓာတ်ပုံ - သီဟစည်သူ

(မတ် ၁၈ ရက်နေ့မှအဆက်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြောက်ပိုင်းတွင်ရှိသည့် မြို့တော် ပေကျင်းမှသည် တောင်ပိုင်းရှိ ဖူကျန့်ပြည်နယ် ဖူကျိုးမြို့တွင် လေ့လာနိုင်ရေးအတွက် မတ် ၅ ရက် နံနက်တွင် မြန်မာသတင်းမီဒီယာအဖွဲ့နှင့်အတူ China Report Asean မှ ကိုစည်သူထွန်းနှင့် မစ္စတာ မက်ခ်တို့ နံနက် ၈ နာရီခွဲခန့် တည်းခိုရာဟိုတယ်မှ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းခဲ့ကြသည်။

ထို့နောက် ယင်းနေ့မွန်းလွဲပိုင်း လေယာဉ်ဖြင့် ပေကျင်းမှ ဖူကျိုးသို့ ထွက်ခွာလာခဲ့ကြရာ ဒေသစံတော်ချိန် ညနေ ၆နာရီခွဲခန့်တွင် ဖူကျိုးမြို့တွင် ခေတ္တတည်းခိုမည့် Fuzhou Meilun Hotel သို့ ရောက်ရှိကြသည်။ ဖူကျိုးလေဆိပ်သို့ ရောက်ရှိချိန်တွင် စာရေးသူတို့အဖွဲ့ကို မိုးကကြိုနှင့်တော့သည်။ လေဆိပ်သို့ လေယာဉ်ဆိုက်သည်နှင့် မိုးရွာလာတော့သည်။ မြောက်ပိုင်းတွင် နွေဦးပေါက်ရာသီရောက်ပြီဖြစ်သော်လည်း အအေးဓာတ်က မကုန်သေးသည့်အတွက် သွားရာလမ်းတစ်လျှောက်တွင် အရိုးပြိုင်းပြိုင်းထသည့် သစ်ပင်များကိုသာ တွေ့ခဲ့ရသော်လည်း တောင်ပိုင်း ဖူကျိုးမြို့သို့ ရောက်ရှိချိန်တွင် သစ်ပင်ပန်းမန်များ၊ လမ်းဘေးအရိပ်ရသစ်ပင်ကြီးများကို မိုးလေးတစ်ဖြိုက်နှစ်ဖြိုက် ရွာပြီးနောက် စိမ်းစိမ်းစိုစို မြင်တွေ့ရမှသာ စိတ်ကြည်လင် လန်းဆန်းသွားရတော့သည်။ မိုးရွာပြီးစ ညနေခင်းမှာ ရန်ကုန်မြို့မှ လမ်းများနှင့်ပင် ခပ်ဆင်ဆင်တူနေတော့သည်။ ဖူကျိုးမြို့သည် တောင်ပိုင်း၏ အထင်ကရ မြို့ကြီးဟု မဆိုသာသော်လည်း လမ်းမများအပါအဝင် လမ်းသွယ်များပါမကျန် အမှိုက်တစ်စပင် မမြင်ရအောင် သန့်ရှင်းလှသည်။

စက်မှုဥယျာဉ်လေ့လာ

နောက်တစ်ရက် မတ် ၆ ရက် နံနက်ပိုင်းတွင် China Three Gorges Corporation- CTG က ဖူကျန့်ပြည်နယ် ရှင်းဟွာပင်လယ်ကွေ့တွင် တာဝန်ယူတည်ဆောက်လျက်ရှိသည့် လေအားလျှပ်စစ် စမ်းသပ်ထုတ်လုပ်သည့် နေရာနှင့် လေအားလျှပ်စစ်နှင့် သက်ဆိုင်သော ပစ္စည်းများ ထုတ်လုပ်သည့် စက်မှုဥယျာဉ်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

ရှင်းဟွာပင်လယ်ကွေ့သို့ မသွားမီ နံနက်ပိုင်းတွင် CTG ၏ ရုံးခန်းသို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။ CTG သည် မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ၂၀၀၈ ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက် မြှင့်တင်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းများတွင် လက်တွဲဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် လေအားလျှပ်စစ် ထုတ်လုပ်ရေးအတွက် ကနဦးဆန်းစစ်လေ့လာမှုများကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ကနဦးဆန်းစစ်မှုလုပ်ငန်းများအနေဖြင့် ချောင်းသာကမ်းခြေ လေအားလျှပ်စစ်ထုတ်လုပ်ရေး၊ မန်တုံရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများအတွက် ကနဦးဆန်းစစ်လေ့လာမှုများကိုလည်း လက်တွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံချက်

CTG က မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်အတွက် အကြံပြုချက်များကိုလည်း ပေးနိုင်ခဲ့ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပညာရှင်များနှင့်လည်း အတွေ့အကြုံဖလှယ်နိုင်ရေး ဆောင်ရွက်နိုင်ကြောင်း သိရသည်။ CTG က မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက် ဖြည့်တင်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံချက်တွင် ပါဝင်သည့် လုပ်ငန်းများဖြစ်သည့် ချင်းပြည်နယ်၊ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း လေအားလျှပ်စစ် ကနဦးဆန်းစစ်လေ့လာမှုများ ဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ်က နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခဲ့ပြီး ကနဦးဆန်းစစ်မှုလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သုံးသန်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း လက်ရှိလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ချောင်းသာကမ်းခြေ လေအားလျှပ်စစ်စီမံကိန်းအတွက် ၂၀၁၆ ခုနှစ်က သဘောတူညီမှုစာချုပ် (MOA) ရေးထိုးထားကာ လျှပ်စစ်ဓာတ်အား ၁၂၆ မဂ္ဂါဝပ်(MW)ထုတ်လုပ်နိုင်ရေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ပမာဏ ၃၀၀ မဂ္ဂါဝပ်(MW)ထုတ်လုပ်နိုင်ရေးတို့အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ အဆိုပြုလွှာတင်သွင်းထားကြောင်း CTG မှ အင်ဂျင်နီယာချုပ် မစ္စတာဝမ်က ရှင်းလင်းပြောကြားသည်။

CTG သည် မြန်မာနိုင်ငံအပါအဝင် အာရှ၊ ဥရောပ၊ လက်တင်အမေရိကနှင့် အာဖရိကနိုင်ငံများတွင် ရုံးခွဲပေါင်း ၃၈ ခု ဖွင့်လှစ်ထားရှိပြီး အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံကို ရင်းနှီးမြှုပ်နှံထားကာ အဆိုပါစီမံကိန်းများမှ သန့်ရှင်းသောလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအနေဖြင့် ၁၆ ဂစ်ဂါဝပ် (GW)အထိ ထုတ်လုပ်နိုင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ၂၂ ဒသမ ၅ ဂစ်ဂါဝပ်(GW)အထိ တိုးမြှင့်ထုတ်လုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

ယင်းနောက် ဖူကျိုးမြို့မှ ကားဖြင့် သုံးနာရီကြာ သွားရောက်ရသည့် ရှင်းဟွာပင်လယ်ကွေ့ပေါ်တွင် တည်ဆောက်ထားသည့် လေအားလျှပ်စစ် ထုတ်လုပ်ရာနေရာကို သွားရောက်လေ့လာခဲ့ကြရသည်။ စာရေးသူတို့အဖွဲ့သည် ရှင်းဟွာပင်လယ်ကွေ့ကမ်းခြေသို့ မွန်းလွဲပိုင်းခန့်တွင် ရောက်ရှိကြပြီး အသက်ကယ်အင်္ကျီများ ဝတ်ဆင်ကာ သင်္ဘောနှစ်စင်းဖြင့် လေအားလျှပ်စစ်ထုတ်လုပ်သည့် ရဟတ်များကို ပင်လယ်ပြင်အတွင်း သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

လေအား လျှပ်စစ်ထုတ်လုပ်ရေး စက်မှုဥယျာဉ်

ရှင်းဟွာပင်လယ်ပြင်တွင် CTG က တာဝန်ယူ ထုတ်လုပ်နေသည့် လေအားလျှပ်စစ်ထုတ်လုပ်ရေးတိုင် ၁၂ တိုင်ရှိပြီး တစ်တိုင်လျှင် လျှပ်စစ်ဓာတ်အား ၃ ဒသမ ၅ မဂ္ဂါဝပ်မှ ၆ ဒသမ ၃ မဂ္ဂါဝပ်အထိ ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။ ရှင်းဟွာပင်လယ်ကွေ့အတွင်း နှစ်နာရီခန့်အကြာ လေ့လာကြပြီးနောက် လေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ ပစ္စည်းများတပ်ဆင်နေသည့် လေအားလျှပ်စစ်ထုတ်လုပ်ရေးဆိုင်ရာ စက်မှုဥယျာဉ်အတွင်း လေ့လာခဲ့ကြပြီးနောက် ညနေပိုင်းတွင် ဖူကျိုးမြို့သို့ ပြန်လည်ရောက်ရှိ အနားယူခဲ့ရသည်။ ရှင်းဟွာပင်လယ်ကွေ့ပေါ်တွင် ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်မဟာဓာတ်အားလိုင်းအတွင်းသို့ တိုက်ရိုက်ပို့လွှတ်ပေးခြင်းဖြစ်ပြီး အစိုးရနှုန်းထားဖြင့် အကျိုးအမြတ်ကို ပြန်လည်ရရှိကြောင်း သိရသည်။

နောက်တစ်ရက် မတ် ၇ ရက်တွင် စာရေးသူတို့ သတင်းမီဒီယာအဖွဲ့များသည် ဟိုတယ်တွင် နံနက်စာ စားသောက်ကြပြီးနောက် ဖူကျိုးမြို့မှ ကားဖြင့် နှစ်နာရီခွဲခန့်အကြာ သွားရောက်ရသည့် ဖူကျန့်ပြည်နယ် Xianyou စီရင်စုအတွင်းရှိ Xianyou ရေသိုလှောင်လျှပ်စစ်ထုတ်လုပ်ရေး စက်ရုံသို့ သွားရောက်လေ့လာခဲ့ရသည်။ အဆိုပါ စက်ရုံသို့သွားရာ လမ်းတစ်လျှောက်တွင် မြို့ကြီး၊ မြို့ငယ်အသွယ်သွယ်နှင့် တောင်စွယ် တောင်တန်းများ၊ တရုတ်နိုင်ငံ၏ အသက်သွေးကြောဖြစ်သည့် ယန်စီမြစ်နှင့် ဆီအုန်းအပါအဝင် အဆင့်မြင့်စိုက်ခင်းများကို မျက်စိတစ်ဆုံး မြင်တွေ့ကြရသည်။ ကားလမ်းတစ်လျှောက်တွင် တောင်တန်းများကို အဝေးမှ မြင်တွေ့ရသော်လည်း အနီးသို့ရောက်သော် ဥမင်လိုဏ်ခေါင်း ဖောက်ထားသဖြင့် တောင်အောက်မှ တစ်ဖြောင့်တည်းလမ်းများကို ဖြတ်သန်းခဲ့ရသည်။ ယင်းကဲ့သို့ ဥမင်ပေါင်းမြောက်မြားစွာ ဖြတ်သန်းပြီးနောက် တောင်ကြားထဲသို့ ကွေ့ပတ်ဝင်ရောက်ကာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် Xianyou ရေအားလျှပ်စစ်ထုတ်လုပ်သည့် အထက်တမံကို ပထမဦးဆုံး ရောက်ရှိခဲ့တော့သည်။

အဆိုပါစက်ရုံသည် ဖူကျန့်ပြည်နယ် Xianyou စီရင်စု ပူရှန်း(Putian) မြို့နှင့် ၄၉ ကီလိုမီတာ (၂၉ မိုင်)အကွာတွင် တည်ရှိပြီး စီမံကိန်းလုပ်ငန်းများကို ၂၀၀၉ ခုနှစ်ကစတင်ကာ ၂၀၁၃ ခုနှစ် ဧပြီလတွင် ပထမဦးဆုံး ဂျင်နရေတာကို စတင်လည်ပတ်နိုင်ခဲ့ကာ လေးလုံးမြောက် ဂျင်နရေတာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာတွင် စတင်လည်ပတ်နိုင်ခဲ့ကြောင်း သိရသည်။ Xianyou အထက်တမံသည် Mulan မြစ်လက်တက်ဖြစ်သည့် Dajixi မြစ်လက်တက်ပေါ်တွင် တည်ဆောက်ထားပြီး အောက်တမံသည် Xikou မြစ်လက်တက်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

နေ့အချိန်ရေလွှတ် ညအချိန် ရေသိုလှောင်

Xianyou အထက်တမံသည် အမြင့် ၂၃၈ ပေ၊ အရှည်ပေ ၁၁၂၀ ရှိပြီး ရေသိုလှောင်နိုင်မှုပမာဏ ၁၄၀၇၀ ဧကပေရှိကာ အောက်တမံသည် အမြင့် ၂၄၆ ပေ၊ အရှည် ၉၀၉ ပေရှိကာ ရေသိုလှောင်နိုင်မှုပမာဏ ၁၄၅၈၀ ဧကပေ ရှိသည်။ ရေအားလျှပ်စစ်ကို အထက်တမံမှ အောက်တမံသို့ ပို့လွှတ်ပြီး ဂျင်နရေတာလေးလုံးဖြင့် စုစုပေါင်း လျှပ်စစ်ဓာတ်အားပမာဏ ၁၂၀ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်ပြီး လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏများသည့် နေ့အချိန်တွင် လျှပ်စစ်ဂျင်နရေတာသုံးလုံးကို ပုံမှန်လည်ပတ်ရလေ့ရှိကြောင်း သိရသည်။ အဆိုပါ ဂျင်နရေတာများကို မြေအောက်ဥမင်အတွင်း ၃၆၂၂ ပေအကျယ်ရှိ စက်ရုံတွင် ထားရှိထုတ်လုပ်ခြင်းဖြစ်ပြီး နေ့အချိန်တွင် အထက်တမံမှ အောက်တမံသို့ ရေလွှတ်သည့်စနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူပြီး ညအချိန်တွင် အောက်တမံအတွင်းရှိရေများကို အထက်တမံသို့ ပြန်လည်စုပ်တင်သည့် စနစ်ဖြင့် ရေသိုလှောင်သည့်စနစ်ဖြင့် ပြန်လည်ထုတ်ယူခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။ Xianyou ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းသည် နိုင်ငံတော်ပိုင်ကုမ္ပဏီအနေဖြင့် ထုတ်လုပ်ခြင်းဖြစ်သည့်အတွက် ရရှိလာသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ တိုက်ရိုက်ပို့လွှတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

Xianyou ရေအားလျှပ်စစ်စီမံကိန်းသည် ရေသိုလှောင်ထုတ်လုပ်သည့် စနစ်ဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိသော်လည်း သဘာဝဝန်းကျင်နှင့် ကိုက်ညီပြီး ထိခိုက်မှုအနည်းဆုံးဖြစ်အောင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း လေ့လာသိရှိခဲ့ရသည်။ စက်ရုံအတွင်း လေ့လာခဲ့ကြပြီးနောက် စက်ရုံရိပ်သာတွင် နေ့လယ်စာ စားသောက်ကြပြီးနောက် ဖူကျန်းစိုက်ပျိုးရေးနှင့် သစ်တောတက္ကသိုလ်(FAFU)ရှိ National Engineering Research Centre of JUNCAO Technology ကို သွားရောက်လေ့လာရန်အတွက် ကားဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြသည်။

ကျွင်းဆောင်သုတေသနစင်တာ (JUNCAO)သို့ ညနေပိုင်း ၅ နာရီခွဲခန့်တွင် ရောက်ရှိကြပြီး မြက်ငါးမျိုးမှ မှိုစိုက်ပျိုးထုတ်လုပ်သည့် China- Fiji JUNCAO Technology Cooperation Project ကို လေ့လာခဲ့ကြရသည်။

မြက်ဖြင့် မှိုစိုက်ပျိုး

ကျွင်းဆောင်(JUNCAO)နည်းပညာမှာ မြက်ဖြင့် မှိုစိုက်ပျိုးမှုနည်းပညာဖြစ်ပြီး ရိုးရာနည်းဖြင့် မှိုစိုက်ပျိုးထုတ်လုပ်မည်ဆိုပါက သစ်သားနှင့် လွှစာမှုန့်များကို မြေဆီလွှာအဖြစ်အသုံးချ စိုက်ပျိုးမှသာ ရမည်ဖြစ်သော်လည်း ကျွင်းဆောင်နည်းပညာအရ စိုက်ပျိုးထုတ်လုပ်သည့် အဓိကမြက်နှစ်မျိုးဖြစ်သော မြက်စိမ်းနှင့် မှိုကြီးမြက်နှစ်မျိုးကို ခုတ်စင်းကာ မြေသြဇာအဖြစ်အသုံးပြုပြီး သစ်သားအစားထိုးကာ လူစားသုံးကုန်မှိုနှင့် ဆေးဖက်ဝင် လင်ဇီးမှိုမျိုးများပါဝင်သည့် မှို ၅၅ မျိုးကို စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာဖြစ်သည်။ ကျွင်းဆောင်နည်းပညာဖြင့် စိုက်ပျိုးထားသော မြက်ကို အသုံးချစိုက်ပျိုးခြင်းအားဖြင့် သစ်သားအသုံးပြုမှုကို လျှော့ချကာ သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်ပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၂၀ သို့

ကျွင်းဆောင်မြက်ပင်ဖြင့် စိုက်ပျိုးထားသည့် မှိုများကို တွေ့ရစဉ်။ ဓာတ်ပုံ - သီဟစည်သူ

ရာသီမရွေးသောက်သုံးရေဖူလုံစေရန် တူးဖော်နေသည့် အဝီစိစက်ရေတွင်း ၉၅ ရာခိုင်နှုန်းခန့် ပြီးစီး

အဝီစိစက်ရေတွင်း တူးဖော်နေစဉ်။

ညောင်ဦး မတ် ၂၄
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စုတည်ကျေးရွာအုပ်စု ရွှေတွင်းတဲတိုက်ရှိ ဒေသခံပြည်သူများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် မျှဝေခြင်း အလှူရှင်များ၏ ထောက်ပံ့လှူဒါန်းမှုဖြင့် ၄ လက်မအဝီစိ စက်ရေတွင်းကို မတ် ၂ ရက်မှ စတင်ကာ ညောင်ဦးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တူးဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ အဆိုပါ အဝီစိစက်ရေတွင်းတူးဖော်မှုလုပ်ငန်းမှာ ၉၅ ရာခိုင်နှုန်းခန့် တူးဖော်ဆောင်ရွက် ပြီးစီးသွားပြီဖြစ်ကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်ထံမှ သိရသည်။

ညောင်ဦးမြို့နယ် စုတည်ကျေးရွာအုပ်စု ရွှေတွင်း တဲတိုက်သည် အိမ်ခြေ ၅၀၊ လူဦးရေ ၃၀၀ နီးပါးခန့်ရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်းနှင့် ယခုလို နွေရာသီကာလများတွင် အဝီစိစက်ရေတွင်း မရှိသည့်အတွက် သောက်သုံးရေ ရှားပါးမှုအခက်အခဲများ နှစ်စဉ်ကြုံတွေ့နေရသည့် တဲတိုက်တစ်ခုဖြစ်ကြောင်း သိရသည်။

"ကျန်ရှိတဲ့ ဂါလန် ၃၀၀၀ ဆံ့ ရေအုတ်ကန်နဲ့ အကျယ်အဝန်း (၆ ပေ × ၉ ပေ)ရေစက်ရုံတည်ဆောက်တဲ့လုပ်ငန်းကို ဆောင်ရွက်တာ မကြာမီပြီးစီးတော့မှာပါ။ ဒါ့ကြောင့် လုပ်ငန်းပြီးစီးမှုအနေနဲ့ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးသွားပါပြီ။ ကျွန်တော်တို့ဌာနအနေနဲ့ ဒေသခံကျေးလက်နေပြည်သူတွေ နွေရာသီကာလ သောက်သုံးရေဖူလုံစွာ အမြန်သုံးစွဲခွင့်ရရှိစေရေးအတွက် အခုလကုန်အပြီး ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စက်ရေတွင်းတူးဖော်ပြီးစီးသွားရင် အလှူရှင်တွေလာပြီးတော့ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၄ ရက်မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာပါ" ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က ပြောသည်။

ရဲဝင်းနိုင် (ညောင်ဦး)

ချင်းတွင်းသင်္ကြန်တွင် ဆင်အလှပြ၊ နွားလှည်းအလှပြ၊ မြင်းခင်းသဘင်၊ လှေခင်းသဘင်များ ထည့်သွင်းကျင်းပမည်

မုံရွာ မတ် ၂၄
ဧပြီလတွင် ချင်းတွင်းမြစ်ကမ်းသဲသောင်ပြင်၌ ကျင်းပမည့် ချင်းတွင်းသင်္ကြန်တွင် မြန်မာ့ရိုးရာဆင်အလှပြ၊ နွားလှည်းအလှပြ၊ မြင်းခင်းသဘင်နှင့် လှေခင်းသဘင်များကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ချင်းတွင်းသင်္ကြန်အဖွင့်ပွဲကိုတာဝန်ယူလုပ်ကိုင်လျက်ရှိသော ကိုမျိုးမင်းထိုက်၏ ပြောသည်။

"အခုနှစ်မှာတော့ လူ ၅၀၀၀၀ လောက် တစ်ပြိုင်နက်တည်း စားသောက်လို့ရမယ့် မဏ္ဍပ် သုံးခုပါမယ်။ တစ်နေကုန်စားလို့ရအောင်စီစဉ်နေတယ်။ ချင်းတွင်းသင်္ကြန်ကို မနှစ်ကထက် ပိုပြီးစည်ကားအောင် စီစဉ်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ဝင်းဦး(ဧယျာတိုင်း)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၄
သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါနအသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည့် (၂၁)ကြိမ်မြောက် နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါသွေးလှူဒါန်းပွဲကို ဧပြီ ၆ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲ၌ ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း- ၅၄၁၇၉၅/၅၅၈၄၃၇ တို့သို့ ဖုန်းဖြင့်ဖြစ်စေ ဧပြီ ၄ ရက်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

တီကျစ်တိုက်နယ်ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးကုသမှုပေး

နောင်တရား မတ် ၂၄
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာ၌ မတ် ၂၃ ရက်က တောင်ကြီးစဝ်စံထွန်းဆေးရုံမှ ဒေါက်တာအောင်ဝေစံ၊ ဆေးရုံအုပ်နှင့် ဒေါက်တာမြခိုင် (သားဖွားနှင့်မီးယပ် ကလေးအထူးကု)တို့ ဦးဆောင်သောအဖွဲ့သည် ကျေးလက်ဒေသရှိ အထွေထွေရောဂါလူနာများကိုအခမဲ့ ဆေးကုသပေးလျက်ရှိသည်။ အဆိုပါဆေးကုသမှုကို တောင်ကြီးစဝ်စံထွန်းဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက အထွေထွေရောဂါ၊ သွေးနှင့်ခံတွင်း၊ အရိုးအကြော၊ သားဖွားမီးယပ်၊ ကလေး၊ မျက်စိ၊ ခွဲစိတ်လူနာ၊ နား၊ နှာခေါင်းလည်ချောင်း၊ အရေပြား၊ တိုင်းရင်းဆေး သမားတော်၊ ဓာတ်မှန်ခန်း၊ Ultrasound၊ ECG စသည့် ဆေးကုသခန်းများ ဖွင့်လှစ်ကုသပေးလျက်ရှိရာ အနီးပတ်ဝန်းကျင်ကျေးရွာများမှ အထွေထွေရောဂါ လူနာ ၃၀၀၀ ကျော်ခန့် လာရောက်ဆေးကုသခဲ့ကြောင်း သိရသည်။ **ခွန်အောင်(နောင်တရား)**

ပြန်လည်စွန့်လွှတ်မြေ ဝ ဒသမ ၂၂ ဧကအား မူလပိုင်ရှင်ထံ လွှဲပြောင်းပေးအပ်

ကန်ကြီးထောင့် မတ် ၂၄
စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်မြေအား မူလပိုင်ရှင်ထံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်အောင်ဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးဦးစီးဌာနမှ ပြန်လည်စွန့်လွှတ်မြေဧရိယာ ဝ ဒသမ ၂၂ ဧက နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်ရာ မူလပိုင်ရှင် ဦးမြမောင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပြန်လည်စွန့်လွှတ်မြေအား မူလပိုင်ရှင်ထံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ကျင်းပစဉ်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နန်းထိုက် (ပြန်/ဆက်)**

စာမျက်နှာ ၁၉ မှ

ထို့ပြင် အဆိုပါ ကျွင်းဆောင်နည်းပညာမြက်ကို စိုက်ပျိုးရန်ကုန်ကျစရိတ် အနည်းငယ်သာ ရှိပြီး အစုလိုက်စိုက်ပျိုးနိုင်ကာ ယင်း၏အမြစ်မှာ မြေအောက် ကိုးမီတာ၊ ပင်စည်အမြင့် ငါးမီတာခန့်အထိ ရှည်လျားသည့်အတွက် မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေတိုက်စားသော မြစ်ကမ်းပါးဒေသတွင် ရေတိုက်စားမှုကာကွယ်ရန် လည်းကောင်း၊ လေတိုက်သော သဲကန္တာရတွင် လေကာအဖြစ် လည်းကောင်း၊ ရေသိပ်မကြိုက်သည့်အတွက် မိုးခေါင်၍ ဆိုးရွားသောမြေများတွင် လည်းကောင်း စိုက်ပျိုးခြင်းအားဖြင့် မြေပြိုခြင်း၊ လေတိုက်ခြင်းတို့ကို လျှော့ချပေးနိုင်သည့်အပြင် အာဟာရဓာတ်မြင့်မားစွာပါရှိသည့်အတွက် တိရစ္ဆာန်အစားအစာအဖြစ်လည်း အသုံးချနိုင်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါမြက်တစ်ဟက်တာမှ ထွက်ရှိသော မြက်များ၏ လောင်ကျွမ်းမှုမှ သဘာဝဓာတ်ငွေ့ (Biomass) ကုဗမီတာ ၄၅၀ နှင့်အထက် ထွက်ရှိခြင်းကြောင့် ကျောက်မီးသွေးတန် ၅၀ လောင်ကျွမ်းမှုထက် ပမာဏပိုမိုများပြားသည့်အတွက် အဆိုပါ မြက်စိုက်ပျိုးခြင်းမှ အစားအစာရရှိပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ငတ်မွတ်ခေါင်းပါးမှု လျှော့ချရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အတွက် အသုံးချနိုင်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူလျှော့ချနိုင်ခြင်းများအပြင် ရာသီဥတုပြောင်းလဲမှုကို တားဆီးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်သည့် လူသားအကျိုးပြု နည်းပညာဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု နည်းပညာအဖြစ် လိုအပ်သော မျိုးစေ့နှင့် နည်းပညာကို တရုတ်နိုင်ငံက ပံ့ပိုးမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ သံအမတ်ကြီး Liu Jieyi က ၂၀၁၇ ခုနှစ် မေ ၂၆ ရက်တွင် ကျင်းပသည့် ကုလသမဂ္ဂ အစည်းအဝေးသို့ တင်ပြထားကြောင်း သိရသည်။

အဆိုပါ ကျွင်းဆောင်နည်းပညာ သုတေသနစင်တာသည် ၁၉၉၂ ခုနှစ်မှ စတင်၍ ထိုင်း၊ မလေးရှား၊ ဖီဂျီ၊ ပါပူဝါနယူးဂီနီ၊ တောင်အာဖရိက၊ ရဝမ်ဒါ အစရှိသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်ကို နည်းပညာဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင်လည်း အဆိုပါ မြက်မျိုးနှင့် နည်းပညာကို မျှဝေပေးနိုင်ရန်အတွက် အဆိုပါသုတေသနစင်တာမှ ပါမောက္ခ ဒေါက်တာ Lin နှင့် ပညာရှင်တစ်ဦးတို့ ရှမ်းပြည်နယ်အတွင်း လာရောက်လေ့လာခဲ့ပြီးနောက် စိုက်ပျိုး၍ရသည့်အတွက် မြက်မျိုးနှင့် နည်းပညာမျှဝေရန် ဆောင်ရွက်နေစဉ် ပညာရှင်မှာ ကားမတော်တဆမှုနှင့် ဆုံးပါးသွားသည့်အတွက် နည်းပညာမျှဝေရေးအစီအစဉ် ပျက်သွားခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါနည်းပညာကို ရယူလိုပါက နှစ်စဉ်ပညာသင်ဆုများကို ခေါ်ယူလျက်ရှိပြီး ထိုသို့ခေါ်ယူချိန်တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း ပါမောက္ခ ဒေါက်တာ Lin ကပြောသည်။

အဆိုပါ နည်းပညာစင်တာတွင် မြက်မှ စိုက်ပျိုးထုတ်လုပ်ထားသော မှိုများနှင့် လင်ဇီးမှိုမှ ထုတ်လုပ်သော ဆေးဝါးများ စက်ရုံနှင့် ဆေးဝါးများကို လေ့လာခဲ့ကြပြီးနောက် မြို့ထဲတွင် ညစာစားသုံးကာ တည်းခိုရာဟိုတယ်သို့ ညပိုင်းတွင် ပြန်လည်အနားယူခဲ့ကြပြီးနောက်တစ်နေ့ မတ် ၈ ရက်တွင် ဖူကျိုးမြို့မှ ကွမ်ကျိုးလေဆိပ်သို့လည်းကောင်း၊ ကွမ်ကျိုးမှသည် ရန်ကုန်မြို့သို့လည်းကောင်း ပြန်လည်ရောက်ရှိခဲ့ကြသည်။

တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲခြင်းနှင့် တံခါးဖွင့်ဝါဒကျင့်သုံးမှု နှစ် ၄၀ ပြည့်အလွန် ကမ္ဘာ့နိုင်ငံများအတွင်း စီးပွားရေး၊ နည်းပညာအစရှိသည့် နယ်ပယ်အသီးသီးတွင် မဟာအင်အားကြီးနိုင်ငံတစ်ခုအဖြစ် ရောက်ရှိလာခဲ့ပြီး မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သော ချဉ်းကပ်မှုများဖြင့် အနီးစပ်ဆုံးတည်ရှိနေသော နိုင်ငံတစ်ခုအဖြစ် ရောက်ရှိလာပြီဖြစ်သည်။ ယခုနှစ်သည် တရုတ် - အာဆီယံ မီဒီယာပေါင်းစည်းဖလှယ်ရေးနှစ်ဖြစ်ပြီး စာရေးသူတို့ မြန်မာသတင်းမီဒီယာများကို တရုတ်နိုင်ငံခရီးစဉ်အတွက် China Foreign Languages Administration အဖွဲ့က ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး ခရီးစဉ်တစ်လျှောက် လိုအပ်သော အကူအညီများကို လိုလေသေးမရှိ ကူညီခဲ့ကြသည်။ ခရီးစဉ်တစ်ခုလုံး ပြန်လည်သုံးသပ်ရသော် တရုတ် - အာဆီယံ မီဒီယာဖလှယ်ရေးအစီအစဉ်အဖြစ် အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာသတင်းမီဒီယာများကို ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် မီဒီယာကို အလေးထားသည့် နိုင်ငံတစ်ခုအဖြစ် မြင်တွေ့ခဲ့ရပြီး ယခုခရီးစဉ်တွင် ဗဟုသုတများစွာနှင့် အတွေ့အကြုံကောင်းများစွာ ရရှိခဲ့သည်ကို ပြန်လည်ဝေမျှပေးလိုက်ပါသည်။

သာသနာတော်နှစ် ၂၅၆၂-၂၅၆၃ ခုနှစ် သက္ကရာဇ် ၁၃၈၀-၁၃၈၁ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း(၁)ရက်နှင့် ဝါဆို-ဝါကပ်-လ-ရက်နှင့် နေ့များ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁)ရက်၊ သာသနာတော်နှစ် ၂၅၆၃ ခုနှစ် ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ မေလ (၁၉) ရက်၊ တနင်္ဂနွေနေ့

၁။ မဟာသင်္ကြန်ကျရက်
- ဇေယတု-မြန်မာသက္ကရာဇ်-၁၃၈၀ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၀) ရက်
- ရခိုင်သက္ကရာဇ်-၁၃၈၀ ခုနှစ် တာကူးလဆန်း(၁၀)ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ (၁၄)ရက် တနင်္ဂနွေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် ညနေစက် ၅- နာရီ၊ ၂၁ -မိနစ်၊ ၄၂ - စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ မဟာသင်္ကြန် အကြတ်ရက်
- မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၁)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ခုနှစ်၊ တာကူးလဆန်း(၁၁)ရက်
- ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဧပြီလ(၁၅)ရက် တနင်္လာနေ့သည် မဟာသင်္ကြန် အကြတ်ရက်ဖြစ်ပါသည်။

၃။ မဟာသင်္ကြန် အတက်ရက်
- မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၂)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ခုနှစ်၊ တာကူးလဆန်း(၁၂)ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ(၁၆)ရက် အင်္ဂါနေ့ မြန်မာစံတော်ချိန် ညစက် ၉ -နာရီ၊ ၂၆- မိနစ်၊ ၂၃- စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်
- မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဦးတန်ခူးလဆန်း(၁၃)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တာကူးလဆန်း(၁၃)ရက်
- ခရစ်နှစ် ၂၀၁၉၊ ဧပြီလ(၁၇)ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း(၁) ရက်နေ့ဖြစ်ပါသည်။

၅။ ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ

၁၃၈၁ ခုနှစ်သည် လထပ်ရက်ငင်မရှိသော ရိုးရိုးနှစ်ဖြစ်ပါ၍

သာသနာတော်နှစ် ၂၅၆၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော်(၁)ရက်၊ ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော်(၁)ရက်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၇)ရက် ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဘာသာသာသနာတော်ဝန်ထမ်းရဟန်းတော် အရှင်မြတ်တို့သည် ပထမပုရိမဝါကို ကပ်ဆိုတော်မူကြရမည်ဖြစ်ပြီး

မြန်မာ-ရခိုင် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ(၁၆)ရက် သောကြာနေ့တွင် ဒုတိယပစ္ဆိမဝါကို ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

စားသုံးသူကာကွယ်ရေးဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

၇၂။ (က) စီးပွားရေးလုပ်ငန်းရှင်မည်သူမဆို ပုဒ်မ ၆၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၁၀၀ ထက် မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

(ခ) စီးပွားရေးလုပ်ငန်းရှင်မည်သူမဆို ပုဒ်မခွဲ (က)အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ စီးပွားရေးလုပ်ငန်းရှင်မည်သူမဆို ပုဒ်မ ၆၇ နှင့် ၆၈ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း (၂၅)

အထွေထွေ

၇၄။ ပုဒ်မ ၅၃ အရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်သည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းကို ပိတ်ပင်ခြင်း မရှိစေရ။

၇၅။ ပုဒ်မ ၅၃ အရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခြင်းခံရသူသည် ယင်းအမိန့်ကို လိုက်နာမှုမရှိပါက ဦးစီးဌာနသည် ၎င်းအပေါ် ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်သည်။

၇၆။ ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရစေကာမူ နစ်နာဆုံးရှုံးသည့် စားသုံးသူက ယင်းနစ်နာဆုံးရှုံးမှုများအတွက် ထိုသူကို တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

၇၇။ အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။ သို့ရာတွင် အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ အရေးယူဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြေရှင်းဆုံးဖြတ်ခွင့် မရှိစေရ။

၇၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်၊ ကော်မတီအဖွဲ့ဝင် သို့မဟုတ် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ အဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေစဉ်တွင် ယင်းအဖွဲ့ဝင်တို့ကို ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် ဖော်ပြထားသည့်အတိုင်း ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၇၉။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၀။ ဦးစီးဌာနသည် ကော်မရှင်၊ ကော်မတီနှင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ရုံးလုပ်ငန်းကုန်ကျစရိတ်များနှင့် စပ်လျဉ်း၍ တာဝန်ယူရမည်။

၈၁။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။) အရ ဖွဲ့စည်းထားသော စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းမည့် ကော်မရှင်ဖွဲ့စည်းပြီးသည်အထိ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်။

၈၂။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။) အရ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၈၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကော်မရှင်သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၈၄။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်း ဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်း
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်)
၁၃၈၀ ခုနှစ်၊ လဆန်း/လပြည့်ကျော် ရက်
(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မြို့ပြ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မြို့အဖြစ် သတ်မှတ်ထားသည့် နယ်မြေကိုဆိုသည်။

(ခ) **ဒေသ**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်ပေးထားသော မြို့ပြနှင့်တကွ မြို့ပြအနီးဝန်းကျင်ရှိ မြို့ပြနှင့်ဆက်စပ်လျက်ရှိသော ကျေးရွာများ၊ မြို့ပြအတွင်းပါဝင်သော ရပ်ကွက်များနှင့် ကပ်လျက်ရှိသည့် နယ်မြေကို ဆိုသည်။

(ဂ) **ဖွံ့ဖြိုးရေး**ဆိုသည်မှာ မြို့ပြ သို့မဟုတ် မြို့ပြများ၊ ဒေသတစ်ခု သို့မဟုတ် ဒေသများ ဖွံ့ဖြိုးရေးကို ဆိုသည်။ ယင်းစကားရပ်တွင် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအစီအမံများကို လိုက်လျောညီထွေရှိစေမည့် မြေအသုံးချမှုနှင့် ဖွံ့ဖြိုးရေး၊ တည်ဆောက်ရေးလုပ်ငန်း အဆိုပြုချက်များလည်း ပါဝင်သည်။

(ဃ) **ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**ဆိုသည်မှာ မြို့ပြနှင့် ဆက်စပ်ပတ်ဝန်းကျင်ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် အခြေခံအဆောက်အအုံများအား မြို့ပြနှင့် ဒေသမြေအသုံးချမှု အမျိုးမျိုးအတွက် လျာထား၍ သဘာဝအရင်းအမြစ်များ ရေရှည်ထိန်းသိမ်းနိုင်ရန်ရေတို၊ ရေရှည်မျှော်မှန်းချက်များဖြင့် ရှုထောင့်စုံမှ စဉ်းစား၍ ကြိုတင်စီမံရေးဆွဲရသည့် လုပ်ငန်းစဉ်ကို ဆိုသည်။

(င) **ဖွံ့ဖြိုးရေးစီမံကိန်း**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်မှ ထွက်ပေါ်လာသည့် အကျိုးရလဒ်ဖြစ်သော မြေပုံကားချပ်၊ အစီရင်ခံစာ စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့ပြစနစ်စီမံကိန်း၊ မြို့ပြဖွံ့ဖြိုးရေး သဘောထား စီမံကိန်း၊ ပင်မမြို့ပြစီမံကိန်း၊ အသေးစိတ်မြို့ပြစီမံကိန်း စသည်တို့ ပါဝင်သည်။

(စ) **မြို့ပြစနစ်စီမံကိန်း**ဆိုသည်မှာ မြို့ပြများအချင်းချင်း ကွန်ရက်ချိတ်ဆက်၍ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အလားအလာများနှင့် အနာဂတ်မျှော်မှန်းချက်များကို ပေါင်းစပ်ရေးဆွဲထားသော စနစ်စီမံကိန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အမျိုးသားမြို့ပြစနစ်စီမံကိန်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြို့ပြစနစ်စီမံကိန်းတို့ ပါဝင်သည်။

(ဆ) **မြို့ပြစီမံကိန်း**ဆိုသည်မှာ မြို့ပြများ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် မြေအသုံးချမှု၊ ဇုန်သတ်မှတ်မှု၊ လူမှုရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ စသည်တို့ကို ပေါင်းစပ်ထည့်သွင်း၍ မြို့ပြချဲ့ထွင်ခြင်း၊ မြို့သစ်တည်ထောင်ခြင်း၊ မြို့ပြပြန်လည်ဆန်းသစ်ခြင်း စသည့် ကာလတို၊ ကာလရှည် မျှော်မှန်းရေးဆွဲသည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို ဆိုသည်။

(ဇ) **မြို့ပြဖွံ့ဖြိုးရေးသဘောထားစီမံကိန်း**ဆိုသည်မှာ မြို့၏ လက်ရှိ လူမှုစီးပွားနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးမှုအခြေအနေနှင့် သဘာဝအရင်းအမြစ်တို့ကို အခြေခံ၍ အနာဂတ်တွင် မျှော်မှန်းသည့် မြို့ပြဖွံ့ဖြိုးမှုကို ဖော်ပြသော သဘောထားစီမံကိန်းကို ဆိုသည်။

(ဈ) **ပင်မမြို့ပြစီမံကိန်း**ဆိုသည်မှာ မြို့ပြနှင့် ဒေသတစ်ခုတွင် နေထိုင်သူတို့အတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို လူမှုစီးပွားနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ၊ အိမ်ရာနှင့် သယ်ယူပို့ဆောင်ရေးစနစ်များအတွက် မြေနေရာအကျယ်အဝန်း၊ မြေအသုံးချမှု၊ ဇုန်သတ်မှတ်ခြင်း စသည်တို့ကို စီမံကိန်းအကောင်အထည်ဖော်မည့် ကာလသတ်မှတ်ချက်များနှင့်တကွ ဖော်ပြခြင်းဖြစ်ပြီး မြို့ပြနှင့်ဒေသ၏ ထူးခြားသော လက္ခဏာအရည်အသွေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးရေး စသည်တို့ကို ဖော်ပြထားသော စီမံကိန်းကို ဆိုသည်။

(ည) **အသေးစိတ်မြို့ပြစီမံကိန်း**ဆိုသည်မှာ မြို့နယ်နိမိတ်အတွင်းရှိ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲမည့် နယ်မြေ၏ လူဦးရေသိပ်သည်းမှု၊ အခြေခံအဆောက်အအုံ ဖြည့်ဆည်းပေးမှုနှင့် မြေအသုံးချမှုဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက် စသည်တို့ကို အသေးစိတ်ဖော်ပြထားသော စီမံကိန်းကို ဆိုသည်။

(ဋ) **နည်းပညာပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ**ဆိုသည်မှာ လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ရေပေးဝေရေးစနစ်၊ ရေမြောင်းစနစ်၊ မိလ္လာနှင့် ရေဆိုးစွန့်ထုတ်သည့်စနစ်၊ အမှိုက် သို့မဟုတ် စွန့်ပစ်ပစ္စည်း စွန့်ပစ်သည့်စနစ်၊ ဆက်သွယ်ရေးစနစ်နှင့် သယ်ယူပို့ဆောင်ရေးစနစ် စသည့် အခြေခံအဆောက်အအုံကို ဆိုသည်။

(ဌ) **လူမှုရေးနှင့် စီးပွားရေးအခြေခံအဆောက်အအုံ**ဆိုသည်မှာ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ အားကစား၊ ဈေး၊ ကုန်သွယ်မှုနှင့် အပန်းဖြေအနားယူမှု စသည့်လူမှုစီးပွားဆိုင်ရာ အခြေခံအဆောက်အအုံကို ဆိုသည်။

(ဍ) **ဇုန်**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းတွင် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရန်၊ ဘေးအန္တရာယ်အမျိုးမျိုးဒဏ်ခံရမှုမှ လျှော့ချနိုင်ရန်နှင့် မြေအသုံးချမှုကို ထိန်းချုပ်ကွပ်ကဲနိုင်ရန် ရည်ရွယ်၍ မြေအသုံးချမှု အလိုက် သတ်မှတ်ထားသည့် နယ်မြေကို ဆိုသည်။

(ဎ) **မြေအသုံးချမှု**ဆိုသည်မှာ မြေထုနှင့် ဆက်စပ်လျက်ရှိသော မြေမျက်နှာပြင်၊ ရေပြင်နှင့် မြေအောက်ရေဝယာများကို လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ အသုံးချမှုကို ဆိုသည်။

(ဏ) **မြို့ပြဖွံ့ဖြိုးရေးအရန်မြေ**ဆိုသည်မှာ မြို့ပြအခြေခံအဆောက်အအုံအတွက်ဖြစ်စေ၊ အနာဂတ်တွင် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်ဖြစ်စေ ဖွံ့ဖြိုးရေးစီမံကိန်းအရ လျာထားသတ်မှတ်ထားသော အရန်မြေ၊ ၎င်းအရန်မြေနှင့် ဆက်စပ်လျက်ရှိသော ရေပြင်ကို ဆိုသည်။

(တ) **ကြားခံနယ်မြေဆို**သည်မှာ သဘာဝဘေးအန္တရာယ်နှင့် အခြားဘေးဒဏ်ခံရမှုများမှ ကာကွယ်လျှော့ချနိုင်ရေးအတွက် ရည်ရွယ်၍ ချန်လှပ်ထားရှိသော ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန် သတ်မှတ်ထားသည့် နယ်မြေ၊ ၎င်းနယ်မြေနှင့် ဆက်စပ်လျက်ရှိသော ရေပြင်ကို ဆိုသည်။

(ထ) **ကွက်လပ်မြေ**ဆိုသည်မှာ အများပြည်သူနှင့် သက်ဆိုင်သော ကိစ္စရပ်အမျိုးမျိုးအတွက် အသုံးပြုလျက်ရှိသည့် သို့မဟုတ် အနာဂတ်တွင် အသုံးပြုရန် ချန်လှပ်ထားသည့် မြေကွက်လပ်ကို ဆိုသည်။

(ဒ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေအရ ဖွဲ့စည်းပေးသည့် အမျိုးသားမြို့ပြနှင့် ဒေသဖွံ့ဖြိုးရေး ဗဟိုကော်မတီကို ဆိုသည်။

(ဓ) **ဒေသဆိုင်ရာကော်မတီ**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် ဗဟိုကော်မတီက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေအရ ဖွဲ့စည်းပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးကော်မတီ တစ်ရပ်ရပ်ကို ဆိုသည်။

(န) **စီမံကိန်းအာဏာပိုင်**ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့် ထုတ်ပေးရန် ဒေသဆိုင်ရာ ကော်မတီက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးသည့် စီမံကိန်းအာဏာပိုင် တစ်ရပ်ရပ်ကို ဆိုသည်။

(ပ) **မြို့တော်စည်ပင်သာယာရေးကော်မတီ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဖ) **စည်ပင်သာယာရေးကော်မတီ** ဆိုသည်မှာ မြို့နယ် သို့မဟုတ် မြို့စည်ပင်သာယာရေးကော်မတီ တစ်ခုခုကို ဆိုသည်။

(ဗ) **ရင်းနှီးတည်ဆောက်သူ** ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းကို ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်နှင့်အညီ ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းဆောင်ရွက်သူကို ဆိုသည်။

(ဘ) **စီမံကိန်းအတည်ပြုချက်** ဆိုသည်မှာ ဖွံ့ဖြိုးရေးစီမံကိန်းအမျိုးအစားတစ်ရပ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့မှဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှဖြစ်စေ အတည်ပြုသည့် စီမံကိန်းအတည်ပြုချက်ကို ဆိုသည်။

(မ) **ဖွံ့ဖြိုးရေးစီမံကိန်းခွင့်ပြုမိန့်** ဆိုသည်မှာ စီမံကိန်းအတည်ပြုချက်နှင့်အညီ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာ စီမံကိန်းအာဏာပိုင် သို့မဟုတ် မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးကော်မတီ တစ်ရပ်ရပ်မှ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ယ) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ရ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(လ) **ဦးစီးဌာန**ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနကို ဆိုသည်။ *(ဆက်လက်ဖော်ပြပါမည်)*

ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မန္တလေး မတ် ၂၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကမ္ဘာ့ပထမဦးဆုံး ဝေရောစနကျောက်စိမ်းစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၁၀ ပေါက်တန်း အမျိုးသားဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲများ၊ ဝေရောစနကျောက်စိမ်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ဖလားခြောက်ပေါက်တန်း အမျိုးသားဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲများနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကျောက်စိမ်းစေတီတော်မြောက်ဘက်မုခ်ဦးရှေ့အားကစားကွင်း၌ ကျင်းပကြောင်း သိရသည်။

အနိုင်ရဗိုလ်စွဲ

ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် လိပ်ဆံခွန်(ခ)အသင်းက ဆင်ရှာမြင်းမူး(ဂ)အသင်းကို နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲပြီး ပထမရရှိကာ ဆင်ရှာမြင်းမူး(ဂ)အသင်းက ဒုတိယဆု၊ ရေကြည်ပေါက်(ခ)အသင်းက တတိယဆုနှင့် ပန်းချီ၊ ချောင်းခွ(ခ)အသင်းက စတုတ္ထဆု ရရှိသွားသည်။

ဆက်လက်ကျင်းပ

ထို့နောက် ပွဲတော်အထိမ်းအမှတ် ဖလား ခြောက်ပေါက်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပရာ မွန်ပြည်နယ်မှ သထုံခရိုင်အသင်းက အမှတ်ပေါင်း ၁၀၀၄ မှတ်ဖြင့် ပထမ၊ ချမ်းမြရွှေစင်(မန္တလေး)အသင်းက ၉၄၁ မှတ်ဖြင့် ဒုတိယ၊ ရှမ်းပြည်နယ်အသင်းက ၈၇၁ မှတ်ဖြင့် တတိယနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ၈၅၆ မှတ်ဖြင့် စတုတ္ထရရှိကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ၁၀ ပေါက်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ(မန္တလေးမြို့)မှ အဖြူရောင်အသင်းက ၁၁၅၅ မှတ်ဖြင့် ပထမ၊ ထာဝရမြူးပျော်ပျော် (မန္တလေးမြို့) အသင်းက ၁၀၉၅ မှတ်ဖြင့် ဒုတိယ၊ ရန်ကုန်မှ 2 Two Club အသင်းက ၁၀၀၁ မှတ်ဖြင့် တတိယ၊ မကွေးတိုင်းဒေသကြီးအသင်းက ၇၁၆ မှတ်ဖြင့် စတုတ္ထရရှိကြရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဦးနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြပြီး ဆုရအသင်းများနှင့် အကောင်းဆုံးဆုရ အားကစားသမားများကို ဆုတံဆိပ်များနှင့် ဆုငွေများကို အား/ကာညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံနှင့် အာရှခြင်းလုံး၊ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ၁၀ ပေါက်တန်း အမျိုးသားဝိုင်းဖွဲ့ ခြင်းလုံးခတ်ပြိုင်ပွဲ ပထမဆုရအသင်းအား ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား မြန်မာနိုင်ငံနှင့် အာရှခြင်းလုံး၊ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ပထမဆုရအသင်းများကို တံခွန်စိုက်ဆုဖလားများ ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ညှော်ခံဖျော်ဖြေ

အဆိုပါ ပွဲတော်ကာလအတွင်း မြို့မတူရိယာတေးဂီတအဖွဲ့က တီးဝိုင်းဖြင့် ပွဲတော်လာပြည်သူများကို ညှော်ခံဖျော်ဖြေလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

လောက်ကိုင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၌ ငမြှောင်တောင်ပိုးအကြောင်းကို ရှမ်းပြည်နယ် သီးနှံကာကွယ်ရေးဌာနခွဲ တာဝန်ခံက မတ် ၂၃ ရက်က အသိပညာပေး ဆွေးနွေးစဉ်။ (အဆိုပါဆွေးနွေးပွဲသို့ လောက်ကိုင်ခရိုင်နှင့် မြို့နယ်များရှိ စိုက်ပျိုးရေးပညာပေးဝန်ထမ်းများ၊ လောက်ကိုင်မြို့နယ် ထင်ပါကျိုင်း၊ ဆီအောနှင့် မိုင်ဆိုင်းကျေးရွာတို့မှ တောင်သူများတက်ရောက်ကြကြောင်း သိရသည်။)

သိမ်

ပုဂံမြို့ လောကနန္ဒာ(ကြောင်နံ့သာ)ကန်တော်ကြီးအတွင်း ဇီဝိတဒါန ငါးသားပေါက်များဝယ်ယူပြီး မလွှတ်ကြရန် မေတ္တာရပ်ခံ

ပုဂံ မတ် ၂၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံမြို့လောကနန္ဒာစွယ်တော်မြတ်စေတီအနီးရှိ လောကနန္ဒာ (ကြောင်နံ့သာ) ကန်တော်ကြီး အနီးဝန်းကျင်ဒေသများမှ ကန်တော်ကြီးအတွင်းသို့ ဇီဝိတဒါန ငါးသားပေါက်များ ရောင်းချခြင်းများ မပြုလုပ်ရန် မေတ္တာရပ်ခံထားသော်လည်း ရောင်းချနေကြောင်း လောကနန္ဒာဘေးမဲ့တောဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးရွှေဌေးအောင်က ပြောသည်။

မေတ္တာရပ်ခံ

အဆိုပါ လောကနန္ဒာ (ကြောင်နံ့သာ) ကန်တော်ကြီးသည် ရေနေသတ္တဝါများအတွက် သဘာဝအတိုင်း လွတ်လပ်စွာ နေထိုင်ကျက်စားနေကြသည့် ငါးကြင်းဖြူ၊ ငါးကြင်းနီ (မျက်ဆံနီ)၊ တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ငါးဂျောင်းငါးများနှင့် စင်းချောလိပ်ခေါ် (ရေလိပ်၊ ဂျောင်လိပ်)၊ လိပ်ပုတီးလိပ်၊ လေးကွက်လိပ်များရှိနေကာ ရေပျော်ငှက်များဖြစ်သည့် လင်းဝှက်၊ ဗျိုင်း၊ ငဟစ်မွဲ၊ ပိန်ညင်းငှက်များ သဘာဝအတိုင်း ကျင်လည်ကျက်စားလျက်ရှိပြီး လောကနန္ဒာကန်တော်ကြီးပတ်လည်တွင်လည်း ထနောင်းပင်ကြီးများ၊ လက်ပံပင်ကြီး၊ ကုက္ကိုပင်ကြီးများ၊ သရက်ပင်၊ ထန်းပင်များ ပေါက်ရောက်နေကြပြီး ရေကန်ကြီးပတ်လည်တွင် နွယ်ပင်၊ ချုံပင်များဖြင့် ဂေဟစနစ်သဘာဝအတိုင်း တည်ရှိနေခြင်းကို ပြည်ပနိုင်ငံသူ၊ နိုင်ငံသားများ၏အမြင်တွင် အလွန်သဘောကျနှစ်သက်နေသည့် ကန်တော်ကြီးအား ဒေသခံများအနေဖြင့် သဘာဝမဟုတ်သည့် မြစ်ထဲမှ ငါးသားပေါက်များဖမ်းကာ ရောင်းချခြင်းများမပြုလုပ်ရန် မေတ္တာရပ်ခံထားသော်လည်း ရောင်းချခြင်းများ ရှိနေသေးကြောင်း သိရသည်။

ဝိုင်းဝန်းစောင့်ရှောက်စေလို

မြန်မာပြည်အရပ်ရပ်မှ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာရောက်ကြသည့် ဘုရားဖူးများအနေဖြင့်လည်း ဇီဝိတဒါနငါးသားပေါက်များ ဝယ်ယူကာ ကန်တော်ကြီးအတွင်း ငါးသားပေါက်များ မလွှတ်ခြင်းဖြင့် လောကနန္ဒာ(ကြောင်နံ့သာ)ကန်တော်ကြီး၏ ဂေဟစနစ်သဘာဝအတိုင်း မပျက်စီးစေရန် ဝိုင်းဝန်းစောင့်ရှောက်စေလိုကြောင်း ဦးရွှေဌေးအောင်က ပြောသည်။

ထိုကန်ကြီးထဲရှိ ငါးကြီးများသည် နှစ်ချို့ငါးကြီးများဖြစ်ကြပြီး လောကနန္ဒာ (ကြောင်နံ့သာ) ရေကန်ကြီးမှ ရေနေသတ္တဝါများ ခေတ်အဆက်ဆက်သေဆုံးခြင်း မရှိသလောက်ရှားပါးကြောင်း သိရသည်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)

ဟသ်ာတမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

ဟင်္သာတ မတ် ၂၄

ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ တို့ဖြင့် ဆောင်ရွက်သောအင်းကြီးကျေးရွာအုပ်စု အင်းကြီးကျေးရွာ၌ အရှည်ပေ ၁၇၆၀၊ အကျယ် ရှစ်ပေနှင့် ထု လေးလက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေအား ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

ဇမ္ဗူသီရိမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးအထွက်နှုန်းတိုးတက်ရေးဆောင်ရွက်

နေပြည်တော် မတ် ၂၄

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခုနှစ် နွေစပါးရာသီ အထွက်နှုန်းတိုးတက်ရေးအတွက် စပါးစိုက်ခင်းအတွင်း ပေါင်းလိုက်၊ သမန်းနိုး၊ ဥကပ်ပါးနကျယ်လွှတ်ခြင်းနှင့် စုပေါင်းမြေသြဇာကြဲပက်ခြင်းကို မတ် ၂၂ ရက်က ဘက်စုံအဆင့်မြင့်စံပြတဲကြီးကုန်း ကျေးရွာ၌ စိုက်ပျိုးထားရှိသော စိုက်ကေများတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းဦးက အမှာစကားပြောကြားပြီး နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းသီးနှံကာကွယ်ရေး တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြမြလွင်က ဥကပ်ပါးနကျယ်လွှတ်ခြင်းနှင့် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်းနည်းပညာများ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူအောင်နှင့် တိုင်းမြေအသုံးချတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးရီတို့က မျိုးစေ့ထုတ်စိုက်ခင်းများ မျိုးကွဲပယ်ပေါင်းရှင်းခြင်း၏ ရည်ရွယ်ချက်နှင့် မြေသြဇာများကို အကျိုးရှိစွာ သုံးစွဲတတ်စေရန် စသည်တို့ကို ရှင်းလင်းပြောကြားပြီး ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်အောင်က ကွင်းသရုပ်ပြဆောင်ရွက်ခြင်း ရည်ရွယ်ချက်နှင့် သမန်းနိုးကိရိယာဖြင့် ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူများ ကွင်းအတွင်း၌ ပေါင်းသင်ခြင်းအား စုပေါင်းဆောင်ရွက်စဉ်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် အတူ ကွင်းအတွင်းသို့ ပေါင်းသင်၊ သမန်းနိုး၊ ဥကပ်ပါးနဂျီလွှတ်ခြင်းတို့ကို အတူတကွဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

သီပေါ၌ မြို့သန့်ရှင်းသာယာလှပရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး စုပေါင်းအမှိုက်ကောက်

သီပေါ မတ် ၂၄

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ သန့်ရှင်းသာယာလှပရေးနှင့် ပွင့်လင်းရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ယနေ့ နံနက် ၇ နာရီမှ စတင်ကာ စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်(၁၁) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်ပြည်သူများ၊ မီးသတ်၊ ကြက်ခြေနီ၊ ကင်းထောက်မောင်မယ်များ၊ လူမှုကူညီရေးပရဟိတအသင်းများနှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှဝန်ထမ်းများ ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် ရွှေညောင်ပင်လမ်းထိပ်၌စုပုံနေသော အမှိုက်များ မီးရှို့ခြင်း၊ နမ့်ပေါ့ချောင်းစီးဆင်းရာတစ်လျှောက် ရေကြောင်းနှင့် ဒုဋ္ဌဝတီမြစ်ကမ်းဘေး၊ သီပေါတံတားအောက်တို့တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းအမှိုက်ကောက်လုပ်ငန်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

မှူခင်းကျဆင်းရေး အသိပညာပေးဟောပြော

သန်လျင်

သန်လျင်မြို့နယ် ညောင်လေးပင်အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့ နံနက်ပိုင်းက သပြေကန်ရဲကင်းစခန်းမှူး ရဲအုပ်ဇော်မင်းနိုင်နှင့် အဖွဲ့ဝင်များသည် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းများကျဆင်းရေးအတွက် အသိပညာပေးဟောပြောခဲ့ကြသည်။ **သန်းဝင်း**

သုံးခွ

သုံးခွမြို့နယ် ဇွဲထော်ကျေးရွာအုပ်စု ဇွဲထော်ကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်၌ ယမန်နေ့က ကတုံးပေါ်နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းညွှန့်က နယ်မြေအတွင်း မှုခင်းများမဖြစ်ပေါ်စေရေးအတွက် ဒေသခံများအား မှုခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မင်းသော်တာ

THE REPUBLIC OF THE UNION OF MYANMAR

MINISTRY OF AGRICULTURE, LIVESTOCK AND IRRIGATION

(LOAN No. 3477-MYA): IRRIGATED AGRICULTURE INCLUSIVE DEVELOPMENT PROJECT

INVITATION FOR SUBMISSION OFEXPRESSION OF INTEREST

POSITION – INTERNATIONAL PROCUREMENT SPECIALIST (IPS)(1 Person- 6months)

The Republic of the Union of Myanmar has received a loan from the Asian Development Bank (ADB) for Irrigated Agriculture Inclusive Development project (IAIDP).The main objective of the consulting services is to assist the project in system day to day procurement of all activities of the project. Interested International consultants must prepare and submit an "Expression of Interest (EOI)" in a standard form, "Template for Expression of Interest (Individual Consultants) which can be obtained from following link;

https://www.adb.org/sites/default/files/page/82619/files/adb-tas-eio-ind.doc

ToR of IPS which can be obtained by contacting the iaidp.mm@gmail.comand CC to tintwin4.irr@gmail.com,ukhinzaw1984@gmail.com, maungzawkpg@gmail.com and ayemin.logistics@gmail.com.

EOI must be submitted by online to the theiaidp.mm@gmail.comand CC to tintwin4.irr@gmail.com,ukhinzaw1984@gmail.com, maungzawkpg@gmail.com and ayemin.logistics@gmail.com.

Deadline of EOI Submission is on 1st April 2019 at 2:00 PM (Myanmar Standard Time). Late submission of EOI is not considerable.

ကယားပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုတင်ဒါခေါ်ယူခြင်း

ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကယားပြည်နယ်အထိမ်းအမှတ်ဥယျာဉ် မြေဧက ၂.၇၉၂ဧကအတွင်း အကျိုးတူရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီများမှ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာများအား အောက်ပါအတိုင်း လျှောက်ထားနိုင်ပါသည်-

တင်ဒါစတင်လျှောက်ထားရမည့်ရက် - ၂၅-၃-၂၀၁၉ ရက်

တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက် - ၂၅-၄-၂၀၁၉ ရက်

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း- ၀၈၃-၂၂၂၂၀၂၆

လက်ကိုင်ဖုန်း ညွှန်ကြားရေးမှူး၊ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ၀၉-၄၂၈၀၀၄၈၄၈

ရင်းနှီးမြှုပ်နှံမှုတင်ဒါရွေးချယ်ရေးကော်မတီ

ရတနာမြိုင်ကျောင်းတိုက်၏ (၁၅)ကြိမ်မြောက် သင်္ကြန်အထူးတရားစခန်းပွဲ

နေရာ - ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ ရတနာမြိုင်ကျောင်းတိုက်။

ဆယ်သွယ်ရန်ဖုန်း - ၀၉-၇၉၅၃၉၉၄၀၉၊ ၀၉-၈၉၆၈၁၈၂၁၇

နေ့ရက် - ၁၃၈၀ပြည့်နှစ် တန်ခူးလဆန်း၃ရက်မှ ၁၃ရက်ထိ ၇-၄-၂၀၁၉ ရက်မှ ၁၇-၄-၂၀၁၉ရက်ထိ ၁၀ရက်

မှတ်ချက် - ဆွမ်းစရိတ်ပေးရန်မလို၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရမည်။ တယ်လီဖုန်းသုံးစွဲခွင့်မပြု။

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အမျိုးသားရေကူးကန်ဝင်း၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ ရေကူးပြိုင်ပွဲများနှင့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ပဏာမ ရေကူးကန်လူရွေးပြိုင်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြောင်းအရာ ။ ။ ပဏာမ ရေကူးလူရွေးပြိုင်ပွဲကျင်းပခြင်း

နေ့ရက် ။ ။ ၄-၅-၂၀၁၉ ရက်နှင့် ၅-၅-၂၀၁၉ ရက်ထိ

အချိန် ။ ။ ညနေ ၃း၀၀ နာရီ

နေရာ ။ ။ အမျိုးသားရေကူးကန်ဝင်း၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်

လျှောက်လွှာပိတ်ရက် - ၃၀-၄-၂၀၁၉ ရက် ညနေ ၄း၃၀ နာရီ။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၈၀၀၇၁၇၀၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် (၃/၂၀၁၈-၂၀၁၉)

ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၈၁/ယ)၊ ဦးပိုင်အမှတ် (၁၄၈)၊ မြေဧရိယာ ၀ ဒသမ ၂၄ဧကရှိယာမြေအား ဦးအောင်ကျော်သက် ၇/ပတန(နိုင်)၀၉၃၁၁၉ မှ အဆောက်အအုံဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြင်ဦးလွင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၉၉၈၇၄ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရဲလင်း ၉/သပက(နိုင်)၀၅၉၁၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ကွင်းအမှတ် (ပြင်)၊ ဦးပိုင်အမှတ် (၁၇၀)၊ မြေဧရိယာ ၀ ဒသမ ၁၈ဧကရှိယာမြေအား ဦးတင်မောင်ဦး ၇/ဘတလ(နိုင်) ၀၀၀၅၂၇ မှ အဆောက်အအုံဆောက်လုပ်ရန်အတွက် ပြင်ဦးလွင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ (၃၀)အရ အခြားနည်းအသုံးပြုခွင့်ရရှိရန် လျှောက်ထားလာသဖြင့် ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ပြင်ဦးလွင်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2M/4538 Hino Profia GK8JRW Truck (6×4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုဝေ ၉/တသန(နိုင်)၀၀၀၀၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/1934, JAC DUMP TRUCK ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/7985 Hyundai County, Bus ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၁၂/ဒဂရ (နိုင်)၀၁၂၄၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/5319 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/1124 Suzuki Auto HF 24V H.B (4x2) ယာဉ်လက်ဝယ်ရှိသူ P.J Group Trading Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် CC/4737 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃C/၈၁၀၃ Toyota Kluger S/W(4×4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မိန်း ၁၃/တယန(နိုင်) ၀၂၅၀၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/5287 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဖယ/၈၂၈၆၀ Honda Click-125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီထွေး ၁၂/တမန(နိုင်)၀၂၃၂၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ပျောက်ဆုံးကြောင်း

ကျွန်မ မချိုသဲဦး ၁၃/ညရန(နိုင်) ၁၃၃၉၈၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၅၉၃၃၇၄၀၈

မွေးသက္ကရာဇ်အမှန်

မိုးမိတ်ခရိုင်၊ တောင်ပိုင်းရပ်ကွက်နေ ဦးစိုးမြင့်အောင်၏သား မောင်ထက်ပိုင်အောင် ၁၃/မမတ(နိုင်)၀၅၁၅၃၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၆-၁၉၉၁ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ငမိုးရိပ်)၊ ငမိုးရိပ်(၅)လမ်း၊ မြေကွက်အမှတ်(၅၀၆)၊မြေပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက် (တတိယထပ်) ခြေရင်းခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တိုက်ခန်းပိုင်ရှင် ဒေါ်သူသူသိန်း ၁၂/သလန(နိုင်) ၁၃၉၁၅၆ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေကို (၁၉-၃-၂၀၁၉)ရက်တွင် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာစိုး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၉၆)
အမှတ်(၉၁၂)၊ အင်း၀(၉)လမ်း၊
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၁၄၆၈၂၃၊ ၀၉-၄၄၃၀၆၆၅၄၈

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ သမာဓိ (၁)လမ်း၊ အမှတ်(၇) မြေအကျယ် (၃၃×၄၅)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၃ ထပ်ခွဲ)တိုက်၏ (၁၅½×၄၂)ပေ ကျယ်ဝန်းသော မြေညီထပ်(ခေါင်းရင်းခန်း)၊ ၅ လွှာ (ခေါင်းရင်းခန်းနှင့်ခြေရင်းခန်း) တို့အား မြေပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာဝင်း ၁၂/သဃက(နိုင်) ၁၂၀၆၂၃ တစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်းများနှင့်ပတ်သက်ပြီး အခြားသူတစ်ပါးထံတွင် ရောင်းချထားခြင်းမရှိ၊ ပေါင်နှံထားခြင်းမရှိ၊ လွှဲပြောင်းထားခြင်းမရှိ၊ ပေးကမ်းထားခြင်းမရှိသည့်အပြင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စီမံခန့်ခွဲပိုင်ခွင့်လည်း ပေးအပ်ထားခြင်းမရှိပါ။ အဆိုပါတိုက်ခန်းများနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အား ထိပါးနှောင့်ယှက်လာသူမည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းသီတာစိုး
LL.B,D.B.L,D.M.L,D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၁၇)
အမှတ်၆၀၆၊သီတာရေစင်လမ်း၊ ၁၆/၄ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၀၀၀၇၄၃၈

ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်ရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ တိုက်အမှတ် (၃၉)၊ ၆ လွှာ၊ (ခြေရင်းခန်း)အား ဦးစန်းဝင်း ၁၂/ကမတ (နိုင်) ၀၁၇၀၇၄ တရားဝင်ပိုင်ဆိုင်သူမှ လွှတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ပြန်လည်ရောင်းချသဖြင့် ဒေါ်ဇင်မာခိုင် ၁၂/တမန(နိုင်)၀၉၈၀၀၇ က ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်သူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဇင်မာခိုင်
ဖုန်း-၀၉-၂၅၀၀၀၁၉၆၂

ဦးအောင်ဖြိုးသာ (Alpher Channel Company Limited)
သိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ အမှတ် (၈၃-အေ) ဦးသန်းမင်းလှိုင် (အောင်ဇမ္ဗူသာတက်ကုမ္ပဏီ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးစံညွှန့်လမ်း၊ အမှတ် (၄)နေ ဦးခင်ဝေ (Ok Mep Engineering Company Limited) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေ ဦးသန်းမင်းလှိုင် (အောင်ဇမ္ဗူသာတက်ကုမ္ပဏီ) နှင့် ဦးအောင်ဖြိုးသာ (Alpher Channel Company Limited) တို့သည် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ် နဲ့ဟတုံးကျေးရွာနှင့် တောကျောင်းကျေးရွာများတွင် Telecon Network တာဝါတိုင်လုပ်ငန်း (BTS Tower) တည်ဆောက်ခြင်းလုပ်ငန်းအား နှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆို၍ လုပ်ကိုင်ခဲ့ကြပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းအားလုံးပြီးစီး၍ လုပ်ငန်းအပ်နှံခဲ့ပြီး ဖြစ်သော်လည်း ဦးအောင်ဖြိုးသာမှ ငွေကျပ် ၂၅၂ သိန်း(နှစ်ရာငါးဆယ့်နှစ်သိန်းတိတိ)အား ပေးအပ်ရန် ပျက်ကွက်နေသဖြင့် ဦးသန်းမင်းလှိုင်မှ အကြိမ်ကြိမ်တောင်းခံခဲ့ရာ ဦးအောင်ဖြိုးသာဘက်မှ ၃၁-၁-၂၀၁၉ရက် နောက်ဆုံးထား အပြေအကျေပေးအပ်မည်ဖြစ်ကြောင်း တရားဝင်အကြောင်းပြန်ကြားစာ ပေးပို့၍လည်းကောင်း၊ ၂၁-၂-၂၀၁၉ရက်တွင် အပြေအကျေပေးချေမည်ဖြစ်ကြောင်း၊ ၆-၂-၂၀၁၉ရက်စွဲပါ နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်အား ချုပ်ဆို၍လည်းကောင်း၊ ဦးသန်းမင်းလှိုင်နှင့် ဦးခင်ဝေတို့ ယုံကြည်စေရန် ရည်ရွယ်ပြုလုပ်ခဲ့သော်လည်း သတ်မှတ်ရက်များတွင် ပေးအပ်ရန်ပျက်ကွက်နေခဲ့ပါသည်။

သို့ဖြစ်ပါ၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း အထက်ဖော်ပြပါ ငွေကျပ် ၂၅၂ သိန်း (နှစ်ရာငါးဆယ့်နှစ်သိန်းတိတိ)အား ဦးသန်းမင်းလှိုင်၊ ဦးခင်ဝေတို့ထံ တစ်လုံးတစ်ခဲတည်း အပြေအကျေပေးချေရန်နှင့် သတ်မှတ်ကာလအတွင်း ပေးအပ်ခြင်းမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်ဖြိုးသာသိရှိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်မော်ဦး (စဉ်-၉၂၇၀)
BA, HGP, DBL
အထက်တန်းရှေ့နေ
အမှတ် (၄)၊ ၁၄၆လမ်း၊ အရိုးကုန်းရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၀၁၈၈၊ ၀၉-၃၁၀၂၀၄၆၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၉၄၄၉၅ Suzuki Smash 112 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိဝင်းဇော် ၇/ပမန(နိုင်)၁၈၂၆၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/5022 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆွမ်းစားဆောင်ဒါယကာကြီး
ဗိုလ်မှူးအောင်မြင့် (ငြိမ်း)
ကြည်း/၈၂၇၀ (YOC-16)BA.RL
ကျောက်ပန်းတောင်း/မကွေး
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး အရာရှိကြီးအိမ်ရာ၊ အခန်း(၁)နေ (ဦးမောင်လေး-ဒေါ်ရွှေတင်) (ကျောက်ပန်းတောင်း)တို့၏သား၊ (ဦးဘသန်း-ဒေါ်သန်း)(ပဲခူး)တို့၏သားသမက်၊ (ဒေါ်ညွှန့်ညွှန့်ခင်)၏ခင်ပွန်း၊ ဒေါ်ခင်နေအောင်-ဒုရဲမှူးကြီး ညီညီ(ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူး)၊ ဒေါ်ထူးထူးအောင်-ဦးဝဏ္ဏဝင်း၊ ဗိုလ်မှူးကြီးဒေါ်ဒါလီအောင် (သမက-၁/ ၃၀၀ မင်္ဂလာဒုံ)-ဒုဗိုလ်မှူးကြီးဝင်းသော်(ဆရက-၁/၁၀၀၀ မင်္ဂလာဒုံ)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၃-၃-၂၀၁၉ရက်(စနေနေ့) နံနက် ၃း၄၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)ရှိ ငြိမ်းအေးဇရပ်၌ တရားတော်နာ ရေစက်ချပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၉ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော်ခန်းမသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ တိုက်အမှတ်(၁၄/စီ)ဟုခေါ်တွင်သော(ရှစ်ထပ်ခွဲ)တိုက်ခန်း၏ ဒုတိယထပ်(သုံးလွှာ)၊ တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း၊ အကျယ်အဝန်း(၂၅ပေ×ပေ ၅၀)ရှိသောအခန်းနှင့် ရေ၊ မီး၊ lift အပါအဝင် တွယ်ကပ်ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးမင်းအောင် ၁၂/အစန(နိုင်)၁၆၆၂၄၅နှင့် ဦးကျော်မြင့်ထွန်း ၁၂/လသန(နိုင်)၀၁၆၀၄၅ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်တင်စုဝေ (စဉ်-၁၀၈၂၈)
(LL.B, D.B.L, M.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ
အမှတ်- ၂၀၊ စံရိပ်ငြိမ် (၆)လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၅၂၆၅၅၆၅၈

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၉၂)၊ မြေညီထပ်(ခေါင်းရင်းခန်း)အား အရောင်းအဝယ်ပြုလုပ်ထားမှုသည် ပျက်ပြယ်ကြောင်းကြော်ငြာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းသည် ကွယ်လွန်သူ မိဘများကျန်ရစ်သော အမွေဆိုင်တိုက်ခန်း ဖြစ်ပါသည်။ မကြာမီက အထက်ပါတိုက်ခန်းအား အမွေဆိုင်မောင်နှမများအားလုံးသဘောတူသိရှိခြင်းမရှိဘဲ လက်ရှိထားသူ အမွေဆိုင်ဒေါ်လှရီက တစ်လမ်းတည်း အမှတ်(၉၆)နေ ဦးသောင်းစိန်ဆိုသူအား အရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ အမွေဆိုင်တစ်ဦးဖြစ်သော ဒေါ်လှရီ၏ မောင်အရင်း ဦးထိုက်စန်း ၁၂/လမတ(နိုင်)၀၂၅၂၄၁က သိရှိသည်နှင့် လုံးဝသဘောတူကျေနပ်ခြင်းမရှိပါ၍ အထက်ပါတိုက်ခန်းအရောင်းအဝယ်ကိစ္စသည် တရားဝင်ဆောင်ရွက်ခဲ့ခြင်းမဟုတ်၍ ယင်းအရောင်းအဝယ်ကိစ္စသည် ဥပဒေအရပျက်ပြယ်ကြောင်း ကြော်ငြာပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ဝယ်ယူသူဘက်မှ မနစ်နာစေရန် တွေ့ဆုံညှိနှိုင်းသွားမည့်ကိစ္စကို အကြောင်းကြားပေးမည်ဖြစ်ပါသည်။

ဦးထိုက်စန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသွယ်တင်လတ် (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၂)
တိုက် (၆/၃၁)၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉

အများသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(တောင်)ရပ်ကွက်၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်-၃၃၃၊ ဧရိယာ (၆၄ပေ × ၃၂ပေ)၊ အမှတ်(၂၃)ရှိ (၂) ခန်းတွဲ (၆)ထပ်တိုက်အဆောက်အအုံ၏ ပထမထပ် (ခြေရင်းခန်း)သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းဒွဲ့ ၁၂/စခန(နိုင်)၀၁၉၀၉၂ တစ်ဦးတည်းကသာ တရားဝင်လက်ရှိထားပိုင်ဆိုင်ခွင့်ရှိသော နေအိမ်ဥပစာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ယမင်းသူဇာလွင်
အထက်တန်းရှေ့နေ (စဉ်-၅၀၁၃၂)
အမှတ်(၁၃/A)၊ မာလာမြိုင်(၃)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၃၀၂၃၄၇၅

သတိပေးတားမြစ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃-စီ-၁/အင်)၊ မြေကွက်အမှတ် ၅၇၊ ဧရိယာ၀ဒသမ၀၆၅၈ဧက နှစ်(၉၀) ဂရန်မြေကွက်နှင့် မြေကွက်အမှတ် ၅၆ ဧရိယာ ၀ ဒသမ ၃၇ ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်တို့မှ ကျွန်မ၏မိဘများဖြစ်သော ဦးမောင်ကြီး၊ ဒေါ်မြရင်တို့ အမည်ပေါက်တည်ရှိသောမြေကွက်များဖြစ်ပါသည်။

မိဘများကွယ်လွန်ကြပြီးဖြစ်၍ တရားဝင်အမွေဆက်ခံသူ သမီးအရင်း ကျွန်မ မသန်းသန်းဌေး ဆက်ခံပိုင်ဆိုင်လာသော အဆိုပါမြေကွက်များကို ကျွန်မ၏ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ အမည်လွှဲပြောင်းခြင်း၊ ဂရန်ထုတ်ခြင်း၊ စွန့်လွှတ်၊ ပေးကမ်း၊ လျှုဒါန်း၊ လွှဲပြောင်းခြင်းမပြုရန် တားမြစ်လိုက်ပါသည်။ လိုက်နာမှုမရှိက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း၊ ကျွန်မကလည်းထိုမြေကွက်များကို မည်သူ့ကိုမှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းထားခြင်းမရှိကြောင်း အများသိစေအပ်ပါသည်။

ဒေါ်သန်းသန်းဌေး
၁၂/တမန(နိုင်)၀၁၃၇၆၀
၁၃၊ သင်္ဂဟလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၅၆၇၊ မြေကွက်တည်နေရာအမှတ် ၅၆၇၊ ပုလဲလမ်း၊ ၃၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဂရန်အမည်ပေါက် ဦးမင်းဆွေနှင့် ၎င်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးခင်မောင်ဆန်းတို့အပေါ် တရားပြိုင်ထားကာ ဦးသိန်းဟံ ၁၂/မရက(နိုင်)၀၇၁၆၇၁ ၏ကိုယ်စား အခွင့်ရကိုယ်စားလှယ် ဒေါ်ဝေဝေခိုင်မှ တရားလိုပြု၍ မြေကွက်၏ ခြေရင်းခြမ်း (၂၀'×၆၀') အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ် ၂၆/၂၀၁၈ ဖြင့် စွဲဆိုခဲ့ခြင်းအပေါ် ၁၄-၉-၂၀၁၈ ရက်ချမှတ်သည့်စီရင်ချက်/ဒီကရီ၊ တရားမဇာရီမှုအမှတ် ၂၇/၂၀၁၈၏နေ့စဉ်မှတ်တမ်းဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဘိလစ်ခန့်စာတို့တင်ပြ၍ တရားရုံးဦးမင်းဆွေ၊ ဦးခင်မောင်ဆန်းတို့ကိုယ်စား ဘိလစ် ဒေါ်နီလာဝင်း ၁၂/မဂဒ(နိုင်)၀၉၈၉၀၁ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာမြေကွက်လပ်ဖြစ်ပြီး ၎င်းပိုင် ၂၀'×၆၀' အတွက် လျှောက်ထားခြင်းဖြစ်ကြောင်းနှင့် ၎င်း၏ပိုင်ဆိုင်မှု မှန်ကန်ပါကြောင်းပြဿနာတစ်စုံတစ်ရာမရှိပါကြောင်းနှင့်အစစအရာရာ တာဝန်ယူပါကြောင်းဦးသိန်းဟံမှ လက်မှတ်ရေးထိုးပေးပါသဖြင့် ဘိလစ်ဒေါ်နီလာဝင်း၏ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရဟန်း၊ ကျောင်း ဒါယကာကြီး
ရဲမှူးတင်လှိုင် (ငြိမ်း-မှူခင်းရဲတပ်ဖွဲ့) အသက်(၈၃)နှစ်
ရဲအရာရှိသင်တန်းအမှတ်စဉ်(၁/၆၅)ဖောင်ကြီး

ရန်ကုန်မြို့၊ သမိုင်းစိုးဖိုးမှန်လမ်းနေ(ဦးဘိုးရင်-ဒေါ်စောတင်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာဃလမ်း(Aလမ်း)၊ အမှတ်(၇၃)နေ (ရဲမှူးအုန်းဖေ-ငြိမ်း၊ စီအိုင်ဒီ)-ဒေါ်ညွှန့်တို့၏သားသမက်၊ ရဲမှူးအောင်မြင့်ဦး(ရပ်စောက်မြို့နယ်ရဲတပ်ဖွဲ့မှူး)-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသက်လွင်-ဒေါ်စန်းစန်းမာ၊ ရဲမှူးထွန်းထွန်းဝင်း(သတင်းရဲတပ်ဖွဲ့)-ရဲမှူးလှလှဝင်း(သတင်းရဲ တပ်ဖွဲ့)၊ ဦးအောင်သူမြင့်-ဒေါ်မြင့်မြင့်လှိုင်၊ ဒေါ်အေးအေးလှိုင်၊ ဦးမင်းဇော်-ဒေါ်စန်းစန်းလှိုင်၊ ဦးချမ်းမြေ့မွန် (Golden Day MARITIME)-မမော်မော်လွင်(ခ)မပုလဲ၊ ကိုဝင်းထွဋ်လှိုင်(ခ)ကိုဝဏ္ဏ (LIZSTAR SHIPPING)-ဒေါ်ဇင်မာဝင်းထွန်း၊ (ကိုစိုင်းသူရ)တို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်ခင်စောရီ)၏ချစ်လှစွာသောခင်ပွန်းသည် ၂၃-၃-၂၀၁၉ ရက်(စနေနေ့) နံနက် ၉း၀၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

တန်စိတ်တျောင်း(ခ)ဦးလှဝင်း
BA(Law) LL.B
ဗဟိုတရားရုံးရှေ့နေ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ၂၁-လမ်း၊ အောက်(၃၅/ဘီ)နေ (တန်ကြူးကိန်း-ဒေါ်ခူရွှေရပ်)တို့၏သား၊ တန်ခွန်တီ(ခ)ဒေါ်မြင့်မြင့်ဝင်း၊ တန်ကွမ်တီ(ခ)ဒေါ်ခင်ဝင်း၊ တန်အန်းန(ခ)ဒေါ်ခင်အေးမွန်တို့၏မောင်၊ [တန်စိတ်မွမ်း(ခ)ဦးကြီးခင်]၊ တန်စိတ်ဘု(ခ)ဦးအောင်ခင်တို့၏အစ်ကို၊ မောင်သူရထွဋ်(ခ) သန်းဝင်းဦး-မရင်ရင်လှိုင်၊ မောင်တင်ထွန်းဝင်း-ဒေါက်တာချိုရည်ဝင်း၊ မအေးမြတ်မြတ်သီ-မောင်ကျော်ဝေလင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၂-၃-၂၀၁၉ရက် ညနေ ၄း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၁၉ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်ထွေး
(စိန်ဂျွန်း ၇၆ ကျောင်းသားဟောင်း)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် ၁၁၀(3B)နေ (ဦးအုန်းတင်-ဒေါ်ခင်မေ)တို့၏သား၊ (ဦးအုန်းဖေ)-ဒေါ်မူမူခင်တို့၏သားသမက်၊ ဒေါ်ချယ်ရီ(ပွဲတော်အုပ် ပုဇွန်ခြောက်ဆိုင်)၏ခင်ပွန်း၊ ကိုကျော်ဇင်ညိမ်း-မမာလာမြင့်၊ မောင်ဆက်ပိုင်ထွဋ်တို့၏ဖခင်၊မောင်ဘုန်း သစ်ကျော်၊မောင်ဘုန်းဟိဏ်းထွဋ်တို့၏အဘိုးသည် ၂၃-၃-၂၀၁၉ရက် (စနေနေ့) နံနက် ၀၀း၁၅ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၂၅-၃-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်ထွေး
(စိန်ဂျွန်း ၇၆ ကျောင်းသားဟောင်း)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်၁၁၀(3B)နေ (ဦးအုန်းတင်-ဒေါ်ခင်မေ)တို့၏သား၊ ဦးစိုးသန်း-(ဒေါ်ခင်သန်းမြင့်)၊ (ဦးခင်အုန်း-ဒေါ်ခင်စန်းမြင့်)၊(ဦးချစ်ဦး)၊ ဦးမြအေး-ဒေါ်ခင်နွယ်ကြည်(မြမဋ္ဌူ ကြက်သွန်ကြော်လုပ်ငန်း)တို့၏မောင်၊ ညီငယ်၊ ဒေါ်တင်တင်လှ၏ အစ်ကို၊တူ၊တူမ ၁၃ယောက်တို့၏ဦးလေး ဦးတင်ထွေး (ပွဲတော်အုပ်ပုဇွန်ခြောက်၊ သိမ်ကြီးဈေး)သည် ၂၃-၃-၂၀၁၉ရက် (စနေနေ့) နံနက် ၀၀း၁၅ နာရီတွင် အကယ်ဒမီ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့်၂၅-၃-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ ရန်ကင်းမြို့မဈေး ဆိုင်ခန်းအငှားချထားခံရသူ ဒေါ်စန္ဒာဟန်အမည်ပေါက် ရုံ(၈)ဆိုင်(၁၃)နှင့် ဦးသူရိန်ဟန်အမည်ပေါက် ရုံ(၈)ဆိုင်(၁၂)၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်နှင့်စာရွက်စာတမ်းများမှာ ၁၉-၂-၂၀၁၉ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ၁၄ရက်အတွင်း ဈေးတာဝန်ခံရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်လုပ်ဆောင်သွားပါမည်။

ဒေါ်စန္ဒာဟန်
၁၂/ရကန(နိုင်)၀၂၄၉၆၃
ဦးသူရိန်ဟန်
၁၂/ရကန(နိုင်)၀၀၂၈၅၈
ဖုန်း-၀၉-၈၉၂၂၂၆၄၀၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(စက်မှုဇုန်-၂)၊မြေကွက်အမှတ်(၂၁၀)ဧရိယာ(၀.၉)ဧက၊မြေကွက်တည်နေရာအမှတ်(၂၁၀)၊ဦးထွန်းညိုလမ်း၊စက်မှုဇုန်-၂ လှိုင်သာယာမြို့နယ်၊ဦးနိုင်မြင့်(၁၂/ဗဟတ(နိုင်)၀၀၅၄၇၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးနိုင်မြင့်မှနှစ်(၆၀)ဂရန်မူရင်းနှင့်အတူမြေဇာရင်းမှတ်ချက်အရ(၂၀၀၅)ခုနှစ်တွင်အမည်ပေါက်မှဘဏ်ငွေချေးရန်မြေပုံကူးလျှောက်ထားခဲ့ခြင်းအားမြဝတီဘဏ်လီမိတက်တွင်ချေးယူထားသောကြွေးကျန်ငွေများအားလုံးပေးဆပ်ပြီးဖြစ်၍ကြွေးကျန်ကင်းရှင်းကြောင်းဘဏ်ထောက်ခံစာ၊ဘဏ်ချေးမြေပုံမြေရာစဝင်မူရင်းမှာပျောက်ဆုံးလျက်ရှိကြောင်းတရားရုံးကျမ်းကျိန်လွှာနှင့်၁၃-၂-၁၉ရက်စွဲပါရှင်းလင်းတင်ပြစာတို့အားတင်ပြ၍မေတ္တာဖြင့်အပိုင်ပေးစာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊မြေကွက်အမှတ်(၆၉၇)၊မြေကွက်တည်နေရာအမှတ်(၆၉၇)၊ဓေယျာအေးမြလမ်း၊(၃၁)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဒေါ်ကျင်ရွှေ AA-၀၂၀၂၄၃)အမည်ပေါက်ဧရိယာ (၄၅' × ၆၀')အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်၏ (၂၅' × ၆၀')ခေါင်းရင်းခြမ်းအားအမည်ပေါက် ဒေါ်ကျင်ရွှေထံမှ SP အမှတ် ၉၄၆၅/၂-၉-၁၅ ဖြင့် ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်ရွှေကြည်(၁၀/မဒန(နိုင်)၀၁၅၉၅၂)မှ ပါဝါမူရင်း၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်း မရှိသေးကြောင်းကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ မူးကွဲအရပ်ကတိပိုင်ရှင်မှ လျှောက်ထားခြင်းမရှိဘဲ ၄င်းတစ်ဦးတည်းမှ မြေကွက်ခွဲ + အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/6464 DAIHATSU MIRA L2753၊ HATCH BACK (4×2)R. အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ THANDADEHTAN.Co.,Ltd မှယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/9282 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်လှလှညွန့် (မြစ်သား)

အသက်(၈၇)နှစ်

မြန်မာနိုင်ငံ ဥပဒေဘွဲ့ရသူများအသင်းဝင် ရန်ကုန်အဝေးသင်တက္ကသိုလ် ဥပဒေပညာဌာန-ဌာနမှူး ဒေါက်တာဒေါ်တင်ဌေးအိ၏မိခင် ဒေါ်လှလှညွန့်သည် ၂၂-၃-၂၀၁၉ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်ထူဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဥပဒေဘွဲ့ရသူများအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းအောင်

အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

အသက်(၈၃)နှစ်

မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်မှ အထွေထွေမန်နေဂျာ(ငြိမ်း) ဦးသန်းအောင်သည် ၂၃-၃-၂၀၁၉ရက် (စနေနေ့)မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်အောင်

အသက်(၈၀)

Max Myanmar Construction Co.,Ltd မှ ဦးဇော်မင်းထွဋ် (အင်ဂျင်နီယာချုပ်၊ စက်မှု)၏ဖခင် ဦးခင်အောင်သည် ၂၃-၃-၂၀၁၉ရက် (စနေနေ့)နံနက် ၈း၃၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ အမှတ် ၃၆၉၊ ဘုရားကြီးလမ်း၊ အနော်ရထာရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Max Myanmar Construction Co.,Ltd မှ ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ဝင်း

ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်

အသက်(၆၆)နှစ်

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းသည် ၂၃-၃-၂၀၁၉ ရက် (စနေနေ့)နံနက် ၁၀း၁၀ နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်အမှုဆောင်များ
မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-လေးဒေါင့်ကန်၊ မြေကွက်အမှတ်-၁၅၈၊ မြေကွက်တည်နေရာအမှတ်-၅၃၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်ခင်လှ (၁၂/သဃက(နိုင်)၀၉၁၃၃၉၀)၊ ဒေါ်ခင်ခင်နွဲ့ (၁၂/သဃက(နိုင်)၀၉၄၁၀၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဒေါ်ခင်ဆွေဦး (၁၂/သဃက(နိုင်)၁၄၄၁၁၄)က အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်ခင်နွဲ့ သည်(၂၉.၁၀.၂၀၁၈)ရက်နေ့တွင်ငင်း။ (ခင်ပွန်း)ဦးတင့်ဆွေ(ခ)ဦးထွန်းကြည် သည်(၂၅.၁၀.၂၀၀၁)ရက်နေ့တွင်၎င်း ကွယ်လွန်ခဲ့ကြပြီး ကွယ်လွန်သူမိဘများတွင် ကိုတ္တိမမွေးစားသားသမီးမရှိဘဲ ၎င်းတစ်ဦးတည်းကိုသာမွေးဖွားခဲ့ကြောင်း၊ ဒေါ်ခင်ခင်နွဲ့ပိုင်ဆိုင်ခွင့်အစုကို တစ်ဦးတည်းသောသမီးဖြစ်သူ ၎င်းကသာပိုင်ဆိုင်ကြောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျမ်းကျိန်အမှတ်စဉ်-၁၂/၂၃၇၁(၂၈.၁၂.၂၀၁၈)ရက်စွဲပါ တစ်ဦးတည်းသောသမီးဖြစ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းများ၊ ဂရန်မူရင်း၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ကျန်အမည်ပေါက် ဒေါ်ခင်လှ (၁၂/သဃက(နိုင်)၀၉၁၃၃၉၀)နှင့် မူးတွဲကာ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် မြေပြင်ကွင်းဆင်းစစ်ဆေးရာ၌ ၁ ထပ်ပျဉ်ထောင်အိမ်(၂)လုံးတွင် လျှောက်ထားသူများကိုယ်တိုင်နေထိုင်သဖြင့် အဆိုပါပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၁၊မြေကွက်အမှတ်-၃၆၉၊မြေကွက်တည်နေရာအမှတ်-၃၆၉၊တက္ကသိုလ်လမ်း၊(၁၁)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဒေါ်အုန်းကျင်(AA-၀၂၁၅၉၈)အမည်ပေါက်-နှစ်(၆၀)မြေအားအမည်ပေါက်-ဒေါ်အုန်းကျင်(မိခင်)နှင့်ဦးမောင်ဦး(ဖခင်)ကွယ်လွန်တို့တွင်သားသမီးများဖြစ်ကြသော(၁)ဒေါ်အေးအေးခိုင်(၁၂/သဃက(နိုင်)၀၀၇၀၉၂)၊(၂)ဦးမင်းဦး(၁၂/သဃက(နိုင်)၀၀၀၃၈၄)၊(၃)ဦးမင်းခိုင်ထွန်း(၁၂/သဃက(နိုင်)၀၄၁၂၆၉)ဟူ၍သားသမီး(၃)ဦးမွေးဖွားခဲ့ပါသည်။ဒေါ်အေးအေးခိုင်၊ဦးမင်းဦး၊ဦးမင်းခိုင်ထွန်းတို့မှမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အားကျန်ရစ်သူမောင်နှမ(၃)ဦးတည်းကသာလျှင်မြန်မာ့လေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျမ်းကျိန်လွှာ၊ဦးကျော်ဌေး(၁၂/ဒကတ(နိုင်)၁၀၇၄၂၃)နှင့်ဒေါ်ရီရီသော်တာစိုး(၁၂/ဒကတ(နိုင်)၁၄၃၅၀၃)တို့မှဒေါ်အေးအေးခိုင်၊ဦးမင်းဦး၊ဦးမင်းခိုင်ထွန်းတို့မောင်နှမ(၃)ဦးတည်းကသာလျှင်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အားမြန်မာ့လေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊၎င်းတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိသည်မှာမှန်ကန်ကြောင်းထောက်ခံကျမ်းကျိန်လွှာ၊သေစာရင်း၊သန်းခေါင်စာရင်းနှင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာခြင်းအားကွင်းဆင်းစစ်ဆေးရာ၂ထပ်အုတ်ကာသွပ်မိုးအဆောက်အဦးတစ်လုံးရှိပြီးကိုယ်တိုင်မနေပါ။အိမ်ငှားဦးသန်းဦးမိသားစုနေထိုင်ပါသဖြင့်ဝင်စာ-၁၁၃၂၉(၃-၁၂-၁၈)ဖြင့်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကတာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်းဝန်ခံကတိပြုတင်ပြထားပါသည်။ သို့ပါ၍ဒေါ်အေးအေးခိုင်၊ဦးမင်းဦး၊ဦးမင်းခိုင်ထွန်းတို့မှနှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယိကာမကြီး

ဒေါ်ကြည်ကြည်မြင့် (သထုံ)

လ/ထ စာကြည့်တိုက်မှူး(ငြိမ်း)၊ စာပေဗိမာန်
(နာယက)စာပေစာနယ်ဇင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်
(နာယက) သထုံမြို့နယ်အသင်း

အသက်(၈၅)နှစ်

သထုံမြို့နေ (ဦးဘစိန်-ဒေါ်မေဒီ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးထွန်းမြင့်)၏ဇနီး၊ ဦးကျော်ဝဏ္ဏ-ဒေါ်ချယ်ရီအောင်၊ ဦးကျော်သူရ-ဒေါ်ရီရီချို၊ ဦးအောင်နိုင်ဦး-ဒေါ်ဟန်နီနီထွန်းတို့၏မိခင်၊ မောင်အောင်ဝင်းဟိန်း-မဆုမြတ်စံ၊ (မောင်ကောင်းထက်စံ)၊ မမြတ်မဒီမေဖူးငုံ၊ မရွှေရုံလဝန်း၊ မကြယ်စင်လဝန်းတို့၏အဘွား၊ မအိမ့်ကြည်ဖြူမောင်၏ဘွားဘွားကြီးသည် ၂၄-၃-၂၀၁၉ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၁၉ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ မဟာဗေယျလမ်း၊ အမှတ် ၂၄(သုံးလွှာ၊ ဝဲ)ခန်းနေအိမ်ရှေ့ရှိ ဓမ္မာနုရက္ခိတဓမ္မာရုံကြီးသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးတင်လှိုင်

ဒုရဲမှူး(ငြိမ်း)

အသက်(၆၇)နှစ်

ပေါက်ခေါင်းမြို့၊ (၅)ရပ်ကွက်၊ ပြည်တော်ငှုလမ်းနေ ဦးတင်လှိုင်သည် ၂၃-၃-၂၀၁၉ရက် (စနေနေ့)တွင် ပေါက်ခေါင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သရက်တောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမုဟမ္မဒ်အိစ္စမာအီလ် (ခ) ဟာဂျီဦးဇော်ဝင်း

မန်နေဂျင်းဒါရိုက်တာ၊ OME Shipping Co.,Ltd
ဒုဥက္ကဋ္ဌ၊မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်
ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဂေါပကအဖွဲ့၊ C.S.Aဗလီကြီး

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် (၆၃-A3)နေ (ဟာဂျီဦးဂနီ)-ဟာဂျီမဒေါ်ဖြူတို့၏သား၊ ယာစမင်း(ခ) ဒေါ်ကြူကြူမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ရှာဟီးန်-စူလေမန်၊ ရှမီမား-ဟာစန်း၊ ရှိုင်နားစ်-အိက်ဘားလ်တို့၏ ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၃-၃-၂၀၁၉ရက် (စနေနေ့) ည ၁၀း၁၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်းသွားပါသဖြင့် ၂၄-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးစွန္နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမုဟမ္မဒ်အိစ္စမာအီလ် (ခ) ဟာဂျီဦးဇော်ဝင်း

မန်နေဂျင်းဒါရိုက်တာ၊ OME Shipping Co.,Ltd
ဒုဥက္ကဋ္ဌ၊မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်
ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဂေါပကအဖွဲ့၊ C.S.Aဗလီကြီး

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ် (၆၃-A3)နေ (ဟာဂျီဦးဂနီ)-ဟာဂျီမဒေါ်ဖြူတို့၏သား၊ ဟာဂျီဦးကျော်ဝင်း၏ညီ၊ ဟာဂျီဦးတင်ဝင်း၊ ဦးနေဝင်း၊ ဟာဂျီဦးလှဝင်း၊ ဟာဂျီဦးစိန်ဝင်း၊ ဟာဂျီဦးအောင်ဝင်း၊ ဦးစိုးဝင်း၊ ဟာဂျီဦးအေးဝင်းတို့၏အစ်ကိုသည် ၂၃-၃-၂၀၁၉ရက်(စနေနေ့) ည ၁၀း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း သွားပါသဖြင့် ၂၄-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးစွန္နီ ကဘာရ်စတန်ဥယျာဉ်တော်တွင် ဒဖွနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

ဟာဂျီမုဟမ္မဒ်အိစ္စမာအီလ် (ခ) ဟာဂျီဦးဇော်ဝင်း

မန်နေဂျင်းဒါရိုက်တာ၊ OME Shipping Co.,Ltd
ဒုဥက္ကဋ္ဌ၊မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်
ဥက္ကဋ္ဌ၊ အုပ်ချုပ်မှုဂေါပကအဖွဲ့၊ C.S.Aဗလီကြီး

အသက်(၆၆)နှစ်

၂၃-၃-၂၀၁၉ရက်(စနေနေ့)ည ၁၀း၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူ သွားသော ဟာဂျီမုဟမ္မဒ်အိစ္စမာအီလ်(ခ)ဟာဂျီ ဦးဇော်ဝင်း၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းမိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ မြန်မာနိုင်ငံဟော်ကီအသင်းအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ သံရုံးများမှ သံတမန်များ၊ ရပ်နီးရပ်ဝေးမှ ဖုန်း၊ အီးမေးလ် စသည်တို့ဖြင့် သတင်းမေးမြန်းကြကုန်သော မိတ်ဆွေအပေါင်းအသင်းများ၊ လိုက်ပါပို့ဆောင်ကြသော ဘာသာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာမိတ်ဆွေအပေါင်းအသင်းများ အားလုံးတို့အား အထူးပင်ကျေးဇူးတင် မှတ်တမ်းဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

၂၁-၃-၂၀၁၉ရက်တွင် ကွယ်လွန်ခဲ့သော ဦးအောင်မျိုးမင်း အသက်(၅၆)နှစ် ၏နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော၊ နာရေးသို့ လိုက်ပါပို့ဆောင်ကြသော လူကိုယ်တိုင်ဖြစ်စေ၊တယ်လီဖုန်း၊ လူမှုကွန်ရက်မှတစ်ဆင့်ဖြစ်စေ အားပေးနှစ်သိမ့်ကြသော စံရိပ်ငြိမ်ကျောင်းဆရာတော်နှင့် သံဃာတော်များ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေသူငယ်ချင်းများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း ဒါယကာကြီး

ဦးအောင်သိန်း(ခ)ဦးနီ

ဆည်မြောင်းဦးစီးဌာန၊ တသရ(ငြိမ်း)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်၊ ပန်းခြံထောင့်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၅၃၅နေ (ဦးကျင်စန်း-ဒေါ်သန်း)တို့၏သား၊ (ဒေါ်မြင့်မြင့်သိန်း)၏ခင်ပွန်း၊ (ဦးမောင်မောင်အေး)-ဒေါ်ခင်စီစီသိန်း၊ ဦးကျော်ညွန့်လွင်(သံတွဲခရိုင် ဥပဒေအရာရှိ)-ဒေါ်စန်းစန်းမော်(မြိတ်မြို့)၊ ဦးမျိုးသိန်း(ပန်းခြံထောင့်ဆေးဆိုင်)၊ ဒေါ်နီနီသိန်း(PVR)တို့၏ဖခင်၊ ဦးအေးကိုကို-ဒေါ်မိမိကျော်၊ ဦးဟိန်းသူ-ဒေါ်အေးချမ်းမိုး၊ ဗိုလ်ကြီးမင်းဝေဦး-ဒေါ်ခင်ပွင့်ဖြူအေး၊ ဒေါ်ခင်ထိုက်ဆုအေး၊ ဦးအောင်ကျော်စန်း၊ ဦးသူရိန်လွင်တို့၏အဘိုး၊ မောင်မြတ်ဘုန်းကို၊ မောင်သားစစ်ဦး၊ မမိုးမခသူ၊ မမေမီကိုတို့၏ ဘိုးဘိုးကြီးသည် ၂၃-၃-၂၀၁၉ရက် (စနေနေ့) ည ၈း၄၅ နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ခင်ကြည်(ခ)နန်းအေးလင်း

အသက်(၇၈)နှစ်

မူဆယ်မြို့၊ (၁၀၅)မိုင်ကျေးရွာနေ (စိုင်းအိုက်ပေါင်း-နန်းခမ်းအီ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိလမ်း၊ အမှတ် ၅၃နေ (ဦးကျော်ထွန်း)၏ဇနီး၊ Rev:ဆရာဦးကျော်မိုး (M.I.C.T၊ ဓမ္မကထိက)၊ (ဒဂုံမြို့သစ်နှစ်ခြင်းခရစ်ယာန်အသင်းတော်၏သင်းအုပ်အကျိုးဆောင်)-Rev:ဒေါက်တာဒေါ်ခင်ဆွေဦး (ရခိုင်ပြည်နယ်ချင်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်ရန်ကုန်မြို့၏သင်းအုပ်အကျိုးဆောင်)၊ ဦးအောင်မိုး-ဒေါ်သဇ္ဈာ၊ ဦးညီညီမိုး၊ ဒေါ်အေးအေးမိုးတို့၏ ချစ်လှစွာသောမိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၃-၃-၂၀၁၉ရက် (စနေနေ့) ညနေ ၄း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၃-၂၀၁၉ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေး ခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဈာပန ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[နေအိမ်နှင့် (၃၀)ရပ်ကွက်နှစ်ခြင်းခရစ်ယာန်တပည့်တော်စု၊ ဒဂုံမြို့သစ်နှစ်ခြင်းခရစ်ယာန်အသင်းတော်တို့မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

မိခင်ကြီးအား အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၃၀-၃-၂၀၁၉ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၇၄) နှစ်ခြင်းခရစ်ယာန်တပည့်တော်စု၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ဝတ်ပြုဆုတောင်းနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဇော်ဝင်း

ရုပ်ရှင်ကော်ပိုရေးရှင်း(ငြိမ်း)

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ် ၄၂/3B နေ (ဦးခင်စိန်-ဒေါ်ခင်စန်းမြင့်)တို့၏သား၊ (ဦးမောင်မောင်အေး-ဒေါ်သန်းဌေး)တို့၏သားသမက်၊ (ဒေါ်နွယ်နွယ်နီ-ဦးတင်ဌေး)၊ ဦးသူရ-ဒေါ်စန်းစန်းတင့်၊ ဦးစိုးမိုးပိုင်-(ဒေါ်မာလာအေး) တို့၏အစ်ကို၊ ဒေါ်ခင်မြမြ (ပါတီစုံကော်မရှင်)၏ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းဇော်(Golden Lion)-မအေးဦးခိုင်(Sky Net)တို့၏ဖခင်သည် ၂၄-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၁၉ ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမြင့်နွယ် BE(Civil)

ဒု-ညွှန်ကြားရေးမှူး၊ ဗိုဗိုလန်စက်ရုံ၊ ပုပ္ပားမြို့
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

အသက်(၅၅)နှစ်

ချောက်မြို့၊ ရတနာမြိုင် ရပ်ကွက်၊ အမှတ် ၅၉၉နေ (ဦးစိန်)-ဒေါ်တင်ရီတို့၏သား၊ (ဦးခင်မောင်ကြည်)-ဒေါ်မြင့်မြင့်ရီ(ကထိက၊ ငြိမ်း)၊ ဦးဇော်ဝင်းသန်း(စလေ ဓာတ်မြေသြဇာစက်ရုံ)-ဒေါ်မြင့်မြင့်ကြည်(အထပြ၊ ငြိမ်း)၊ ဦးမြင့်လွင်-ဒေါ်ခင်စန်း၊ ဦးသန်းလွင်-ဒေါ်မြင့်မြင့်ဌေး(YESC)တို့၏ညီ/မောင်၊ ဦးသိန်းလွင်စိုး-ဒေါ်လှလှမြင့်(အလက-၃)၊ ဒေါက်တာမိုးသူဇာထွေး(ပါမောက္ခ ကွန်ပျူတာတက္ကသိုလ်၊ ပခုက္ကူ)တို့၏အစ်ကို၊ မမိုးသံလွင်မောင်၏ဖခင်၊ တူ၊ တူမ ၁၀ယောက်တို့၏ ဦးလေးသည် ၂၄-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့်၂၆-၃-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်မှ ချောက်မြို့ မြေနီကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

[ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၁၉ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်သွဲ့သွဲ့အေး

စာရင်းကိုင်-၃၊ ကညန(ရုံးချုပ်)

အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ TOSTA အိမ်ရာနေ ဦးကံမြင့်-ဒေါ်မြင့်တို့၏သမီး၊ ဦးသန်းထွေး-ဒေါ်ခင်ခင်နုတို့၏သမီး(တူမ)၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ လက်ပံခင်ကျေးရွာနေ ဦးမြင့်-ဒေါ်ညွန့်မှီတို့၏ချွေးမ၊ ဒေါ်စမ်းသီတာ(ကညန)၊ ဒေါ်မိုးသီတာမြင့်(ကညန)၊ ဦးဝင်းဆန်းတို့၏ညီမ၊ ဒေါ်လဲ့လဲ့သွေး၊ ဒေါ်ပို့ပို့ဇင်တို့၏အစ်မ၊ မောင်ထက်မြတ်၏မိခင်၊ ဦးဇော်နိုင်ဝင်း၏ ဇနီးသည် ၂၄-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကျိန္တလီမြို့ ပုန်းညက်ကျေးရွာ ကမ်းခြေသဲသောင်ပြင်၌ ရှားပါးပင်လယ်လိပ်မျိုးစိတ်များ မျိုးသုဉ်းမပျောက်ကွယ်ရန် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ

ဂွ မတ် ၂၄

ရခိုင်ပြည်နယ် ဂွမြို့နယ် ကျိန္တလီမြို့ ပုန်းညက်ကျေးရွာရှိ ပင်လယ်ပြင်ကမ်းခြေတစ်လျှောက် သဲသောင်ပြင်၌ တက်ရောက်ဥချလေ့ရှိသည့် ရှားပါးပင်လယ်လိပ်မျိုးစိတ်များမှာ တစ်နှစ်ထက်တစ်နှစ် တွေ့ရှိမှု လျော့နည်းလာသဖြင့် မျိုးသုဉ်းမပျောက်ကွယ်ရန် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိကြောင်း မတ် ၂၃ ရက်က ပုန်းညက်ကျေးရွာနေ ကျိန္တလီဒေသကမ်းနီးငါးလုပ်ငန်း ပူးပေါင်းစီမံခန့်ခွဲမှုအသင်းအတွင်းရေးမှူး(KIFCA) ဦးသန့်ဇင်ဦးက ပြောကြားသည်။

အဆိုပါ ဒေသရှိ ရှားပါးပင်လယ်လိပ်မျိုးစိတ်များမှာ ပင်လယ်ရေလုပ်သားများ ဖမ်းဆီးစားသောက်ခြင်းနှင့် စည်းကမ်းမဲ့ ငါးဖမ်းပိုက်များကြောင့် တစ်နှစ်ထက်တစ်နှစ် တွေ့ရှိမှု လျော့နည်းလာရခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကမ်းခြေသဲသောင်ပြင်ပေါ်မှာ ပင်လယ်လိပ်မျိုးစိတ်တွေ တက်ရောက်ဥချတာဟာ တစ်နှစ်ထက်တစ်နှစ် အလွန်လျော့နည်းလာတယ်။ အရင်တုန်းကတော့ မျိုးစိတ်ငါးမျိုးစလုံး

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

လိပ်ထိန်းသိမ်းရေးဇုန်(၁) ပုန်းညက်ကမ်းခြေနှင့် ရှားပါးပင်လယ်လိပ်လှောင်းမျိုးစိတ်ကို တွေ့ရစဉ်။
ဓာတ်ပုံ-သားကြီး (ပုန်းညက်)

အာရှ ယူ-၂၃ ခြေစစ်ပွဲ မြန်မာအသင်းနှင့် ဂျပန်အသင်း နှစ်ပွဲဆက် အနိုင်ရ

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲအုပ်စု (I) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ အိမ်ရှင်မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ နိုင်ပွဲဆက်ခဲ့သည်။

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် မကာအိုအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရပြီး လေးဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့သော်လည်း ပထမပွဲလောက် ကစားပုံမကောင်းခဲ့ဘဲ လေးဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ဂျပန်အသင်းထက် ဂိုးကွာခြားချက်တွင် နည်းနေသောကြောင့် ဂျပန်နှင့် နောက်ဆုံးကစားရမည့်ပွဲမှာ အရေးပါလျက်ရှိသည်။

မြန်မာအသင်းခေါင်းဆောင် ဝင်းမိုးကျော်၏ ထိုးဖောက်မှုကို မကာအိုနောက်ခံလူ ဖျက်ထုတ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

မြန်မာအသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲမလုပ်ဘဲ တီမောကို အနိုင်ရသည့် လူစာရင်းအတိုင်း ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲအစ တစ်မိနစ်တွင် နောက်ခံလူ ရဲမင်းသူ သွင်းယူသည့်ဂိုးဖြင့် အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ဂိုးစောစီးစွာရခဲ့သလို မကာအိုအသင်းဘက်သို့ ဖိကစားနိုင်သော်လည်း

စာမျက်နှာ ၁၂ ကော်လံ ၃ ✪

မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း ယနေ့ခြေစမ်းမည်

မန္တလေး မတ် ၂၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် မတ် ၂၅ ရက် **(ယနေ့)** ညနေ ၆ နာရီတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုင်ငံတကာရက်သတ္တပတ်တွင် ဒုတိယမြောက် ခြေစမ်းပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ယာယီနည်းပြချုပ် ဦးမျိုးမင်းထွန်း၏ ဒုတိယမြောက်ပွဲလည်းဖြစ်သည်။ ပထမပွဲတွင် တရုတ်(တိုင်ပေ) အသင်းနှင့် ဂိုးမရှိသရေကျခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ် (တိုင်ပေ)နှင့်ပွဲမှ ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ကာ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းက ဟိုတယ်ရွှေပြည်သာ၌ ကျင်းပသည်။ မြန်မာအသင်း ယာယီနည်းပြချုပ် ဦးမျိုးမင်းထွန်းက "အင်ဒိုနီးရှားအသင်းအကြောင်းကို ကျွန်တော်လက်လှမ်းမီသလောက် လေ့လာထားပါတယ်။ အင်ဒိုနီးရှားအသင်းဟာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ ကျွန်တော်တို့ထက် Ranking နိမ့်ပေမယ့် အသင်းကောင်းတစ်သင်းပါ။ ဘောလုံးအဆင့်အတန်းမှာ

စာမျက်နှာ ၁၂ ကော်လံ ၁ ●